မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ပန်ဆင်သူအကျိုးကို ဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက် | ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၃၅၅)

အကြမ်းဖက်မှုတွင် ပါဝင်ခဲ့သူများ၏ အမည်စာရင်းအား ဘင်္ဂလားဒေ့ရှ်အစိုးရ၊ နိုင်ငံတကာရဲတပ်ဖွဲ့နှင့် ကုလသမဂ္ဂသို့ ပေးပို့သွားရန်ဆုံးဖြတ်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဝင်များအား လမ်းညွှန်အမှာစကားပြောကြားစဉ် (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၂

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဝင်များအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ လမ်းညွှန် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးဝင်းခိုင်၊ ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဝင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❁

တရုတ်နိုင်ငံမှ မီဒီယာအဖွဲ့ မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ သတင်းရယူ

စစ်တွေ စက်တင်ဘာ ၂၂

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ သတင်းရယူနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ တရုတ်မီဒီယာအဖွဲ့သည် ယနေ့ နံနက် ၆ နာရီတွင် စစ်တွေမြို့မှ အမြန်ရေယာဉ်ဖြင့် ဘူးသီးတောင်မြို့သို့ သွားရောက်ပြီး ထို့မှတစ်ဆင့် မောင်တောမြို့သို့ ရောက်ရှိသည်။

ရှေးဦးစွာ တရုတ်မီဒီယာအဖွဲ့သည် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် မီးလောင်ကျွမ်းခဲ့သည့် မောင်တော-ကျီးကန်းပြင် ကားလမ်းပေါ်ရှိ အစ္စလာမ်ဘာသာဝင်များနေထိုင်ရာ သီဟိုဠ်ကျွန်းနှင့် မောင်တောမြို့အဝင် မြို့သူကြီးရပ်ကွက်တို့သို့ သွားရောက်ပြီး မီးလောင်ကျွမ်းမှု အခြေအနေများကို သတင်းမှတ်တမ်းရယူကြသည်။

စာမျက်နှာ ၅ ကော်လံ ၄ ❋

တရုတ်မီဒီယာအဖွဲ့ အစ္စလာမ်ဘာသာဝင်များနေထိုင်ရာ မောင်တောမြို့ ကညင်တန်းရပ်ကွက်ဈေး၌ သတင်းရယူကြစဉ်

မြန်မာ့အလင်း

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းအပေါ်သုံးသပ်ချက်

M.K.BHADRAKUMAR ဟူသော ပုဂ္ဂိုလ်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံတကာ သံတမန်များသို့ ရှင်းလင်းပြောကြားသော မိန့်ခွန်းအပေါ် ချီးကျူးသောဆောင်းပါး **(Why Trump should study Aung San Suu Kyi's speech)** ကို မျှဝေတင်ပြလိုပါသည်။

M.K.BHADRAKUMAR က ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းကို သုံးသပ်ခြင်းဖြင့် ချင့်ချင့်ချိန်ချိန်ရှိခြင်း၊ သည်းခံခြင်းနှင့် ပြန်လည်သင့်မြတ်ရေးသဘောတို့ကို လေ့လာနိုင်မည်ဟု တင်ပြထားပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် တုန့်ပြန်ခြင်းမရှိဆိုသည့် သဘောသက်ရောက်သော မည်ကဲ့သို့သော ပြောဆိုချက်မျိုးကိုမှ ဖွင့်ဟပြောဆိုခဲ့ခြင်းမရှိသကဲ့သို့ နှိမ့်ချမှုကို အစွမ်းကုန်ကျင့်သုံးလျက် မြန်မာနိုင်ငံ၏ အားနည်းချက်များအပေါ် ကမ္ဘာ့နိုင်ငံများက နားလည်မှုရှိလာစေရန် ပြောဆိုခဲ့သည်ဟု **M.K.BHADRAKUMAR** က ချီးကျူးထားပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ရည်ရွယ်ချက်သည် တခြားပုဂ္ဂိုလ်အဖွဲ့အစည်းတို့၌လည်း အပြစ်ရှိကြောင်း သက်သေထူတင်ပြရန် မဟုတ်သည်ကို **M.K.BHADRAKUMAR** က ထောက်ပြထားပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် စွပ်စွဲချက်တို့နှင့် တုံ့ပြန်စွပ်စွဲချက်တို့ရှိနေသည်ကို အသိအမှတ်ပြုသော်လည်း လက်တွေ့ကျကျသုံးသပ်ဆုံးဖြတ်ရမည်ဟူသော သဘောထားအား ဆုပ်ကိုင်ထားသည်ကို **M.K. BHADRAKUMAR** က မီးမောင်းထိုးတင်ပြထားပါသည်။

မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြသော အနေအထားအပေါ် ကမ္ဘာ့နိုင်ငံများက အာရုံစိုက်လာစေရန် ဒေါ်အောင်ဆန်းစုကြည်၏ ကြိုးပမ်းတင်ပြချက်ကို **M.K.BHADRAKUMAR** က အလေးအနက်အသိအမှတ်ပြုထားပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ပအဖျက်အမှောင့်အင်အားစုတို့နှင့် အစွန်းရောက်အစ္စလာမ်အကြမ်းဖက်အင်အားစုတို့အပေါ် အပြစ်ဖို့ခြင်း(သို့မဟုတ်) အမျိုးသားရေးစိတ်ဓာတ်လှုံ့ဆော်ခြင်းတို့ကို ပြုလုပ်လျက် အပြစ်တင်မှုများမှ အလွယ်တကူရှောင်ထွက်နိုင်သော်လည်း လေးလေးနက်နက် သုံးသပ်တင်ပြရန်ကိုသာ ရွေးချယ်ခဲ့သည်ကို **M.K. BHADRAKUMAR** က ကောင်းချီးသြဘာပေးထားပါသည်။ ဒေါ်အောင်ဆန်းစုကြည်က မကြာသေးမီက ဖြစ်ပျက်ခဲ့သော အခြေအနေတို့အပေါ် မြန်မာနိုင်ငံ၏ နိုင်ငံရေးဘောဂဗေဒ အကြောင်းခြင်းရာ အနေအထားတို့အရ မျှမျှတတသုံးသပ်ခဲ့ရုံသာမက အဆိုပါအခြေအနေတို့ကို မြန်မာနိုင်ငံအစိုးရ ရင်ဆိုင်နေရသော အဓိကစိန်ခေါ်ချက်သုံးရပ်နှင့် ဆက်စပ်တင်ပြခဲ့သည်ဟု **M.K.BHADRAKUMAR** က ထောက်ပြထားပါသည်။ အဆိုပါအဓိက စိန်ခေါ်ချက်သုံးရပ်မှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်သည် ရင့်ကျက်ရန် လိုနေသေးသော ဖွံ့ဖြိုးစအနေအထားဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်က ပွင့်ပွင့်လင်းလင်းပြောဆိုခဲ့သည်ကို **M.K.BHADRAKUMAR** က ချီးကျူးထားပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းသည် အပြန်အလှန် ဆက်စပ်နေသော အချက်ကြီးသုံးချက်အပေါ် အားပြုထားသည်ဟု **M.K.BHADRAKUMAR** က ထောက်ပြထားပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန် အစီရင်ခံစာ၏ အကြံပြုချက်များအား အကောင်အထည်ဖော်ပေးမည်ဟူသော ဒေါ်အောင်ဆန်းစုကြည်၏ ကတိကဝတ်ကို အရေးအကြီးဆုံးအချက်အဖြစ် **M.K.BHADRAKUMAR** က တင်ပြထားပါသည်။ အချိန်ဇယားအတိအကျပါဝင်သော နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်တို့ကို ဆောင်ရွက်ပေးမည်ဟူသော ဒေါ်အောင်ဆန်းစုကြည်၏ မဟာဗျူဟာကို **M.K.BHADRA KUMAR** က ဒုတိယအချက်ကြီးအဖြစ် တင်ပြထားပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံကြား ရရှိထားသည့် သဘောတူညီချက်တို့နှင့်အညီ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဒုက္ခသည်များအား အလျင်အမြန်လက်ခံသွားမည်ဟူသော ကတိစကားကို **M.K.BHADRAKUMAR** က အလေးထားတင်ပြထားပါသည်။ ပြည်ပအင်အားစုတို့၏ အလွန်အကျွံလှုံ့ဆော်ရန်စမှုများနှင့် ဝင်ရောက်စွက်ဖက်မှုများအပေါ် မကျေမချမ်းအမူအရာတို့ ပြဖို့ဝေးစွ၊ ရှေ့လာမည့်ကာလတို့၌ နိုင်ငံတကာနှင့်အပြုသဘောလက်တွဲဆောင်ရွက်ရန် လက်ကမ်းကြိုဆိုလိုက်သည့် ဒေါ်အောင်ဆန်းစုကြည်၏စိတ်ဓာတ်ကို **M.K.BHADRAKUMAR** က တတိယအရေးကြီးသော အချက်အဖြစ် တင်ပြထားပါသည်။ **M.K.BHADRAKUMAR** ၏ တင်ပြချက်တို့ကို မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးတို့က လေ့လာသုံးသပ်သင့်ပါကြောင်း လေးနက်စွာတင်ပြအပ်ပါသည်။ ။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၂၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ် ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ ရက်၊ ၁၄ ရက်နှင့် ပြာသိုလဆန်း ၁ ရက် (၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၆၊ ၁၇၊ ၁၈ ရက်) တို့တွင် ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်နက်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

အဘိဓမ္မာ(ရိုးရိုး)နှင့် အဘိဓမ္မာ (ဂုဏ်ထူးဆောင်) စာမေးပွဲများကို အစိုးရ ပထမငယ်တန်း(သို့မဟုတ်) ယင်းနှင့်အလားတူ စာမေးပွဲအောင်မြင်ခြင်း မရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး)အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်) ယင်းနှင့်အလားတူ စာမေးပွဲများ၊ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်လုံးဖြစ်စေ နှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိကြောင်း သိရသည်။

ယခင်က သုံးဆင့်လုံးအပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲ ဝင်ခွင့်တောင်းခံလွှာများကို သက်ဆိုင်ရာစာဖြေဌာနများ တည်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ ပေးပို့ထားပြီးဖြစ်၍ ယင်းရုံးများတွင် ဖြေဆိုလိုသည့် ပုံစံများကို တောင်းယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

နေပြည်တော် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး၌

နေ့စဉ် ပြင်ပလူနာ ၁၅၀ မှ ၂၅၀ ခန့် အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၂

နေပြည်တော် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး၌ နေ့စဉ် ပြင်ပလူနာ ၁၅၀ မှ ၂၅၀ ခန့် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိကြောင်း အဆိုပါတိုင်းရင်းဆေးရုံကြီးမှ သိရသည်။

“ကျွန်မတို့ ဆေးရုံကို နေ့စဉ် ပြင်ပလူနာ ၁၅၀ ကနေ ၂၅၀ လောက် လာရောက်ပြသကြပါတယ်။ လာရောက်ပြသတဲ့ လူနာတွေကို အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနေပါတယ်။ လာရောက်ပြသသူတွေထဲက ဆေးရုံတက်ကုသဖို့ လိုအပ်တဲ့ လူနာတွေကိုလည်း အတွင်းလူနာအဖြစ်နဲ့ ကုသပေးနေပါတယ်။ အခု ဆေးရုံမှာ အတွင်းလူနာ ၉၆ ဦးရှိပါတယ်”ဟု အဆိုပါ တိုင်းရင်းဆေးရုံကြီးမှ ဒုတိယဆေးရုံအုပ် ဒေါ်မေမေကြည်က ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကျေးရွာများသို့ တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများကို လစဉ်ပုံမှန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတိုင်းရင်းဆေးရုံကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၄ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး စတင်ဖွင့်လှစ်ချိန်မှ ဩဂုတ်လကုန်အထိ ပြင်ပလူနာ ၄၃၂၉၇ ဦး၊ အတွင်းလူနာ ၂၁၇၄ ဦးနှင့် ကွင်းဆင်းလူနာ ၄၀၅၃ ဦး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဆေးကုသမှုပေးရာတွင် ပြင်ပလူနာကုသမှုဌာန၊ အကြော၊ အရိုး၊ အဆစ်ရောဂါ ကုသမှုဌာန၊ လေငန်းရောဂါကုသမှုဌာန၊ အထွေထွေရောဂါကုသမှုဌာန၊ အနာပေါက်ရောဂါကုသမှုဌာန၊ မီးယပ်ရောဂါကုသမှုဌာန၊ ကလေးရောဂါကုသမှုဌာန ဟူ၍ ဌာနခုနစ်ခု ခွဲခြားကာ မြန်မာ့တိုင်းရင်းဆေးပညာ ကုထုံးနည်းစနစ်များဖြင့် ကုသပေးလျက်ရှိကြောင်း သိရသည်။

ရှင်မင်း၊ ဓာတ်ပုံ-အေးသန်း

ကသာမြို့တွင် ဗိုလ်ချုပ်ကြေးရုပ်တု ထားရှိရန် ဖောင်ဒေးရှင်း လုပ်ငန်းစတင်

ကသာ စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့မီတာ ၄၀၀ အားကစားကွင်းရှေ့ ပန်းခြံမြေနေရာတွင် ဗိုလ်ချုပ်ကြေးရုပ်တုထားရှိရန်အတွက် စက်တင်ဘာ ၂၁ ရက်က အောက်ခံမြေဖောင်ဒေးရှင်းလုပ်ငန်း စတင်ဆောင်ရွက်သည်။

ယင်းနေ့တွင် မြေအနက် ၆ ပေခွဲ၊ အလျား ၁၅ ပေ၊ အနံရှစ်ပေရှိ အောက်ခံဖောင်ဒေးရှင်းပြုလုပ်၍ ဗိုလ်ချုပ်ကြေးရုပ်တုတင်ခုံအလျား ၁၂ ပေ၊ အနံလေးပေ၊ သုံးလက်မ တည်ဆောက်ရန်အတွက် အင်ဂျင်နီယာ ဦးကြည်လွင်နှင့် ကသာမြို့ ဗိုလ်ချုပ်ကြေးရုပ်တု ဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

ယင်းဖောင်ဒေးရှင်းကို အောက်တိုဘာ ၁၅ ရက်တွင် အပြီးဆောက်လုပ်မည်ဖြစ်ပြီး နိုဝင်ဘာ ၃ ရက်တွင် မုံရွာမြို့မှ ရုပ်တုပညာရှင်များ လာရောက်၍ ကွန်ကရစ်ဗိုလ်ချုပ်ကြေးရုပ်တု (မြင်းစီးရုပ်)ကို ပြုလုပ်မည်ဖြစ်ကြောင်း။ လက်ရှိတွင် ဗိုလ်ချုပ်ကြေးရုပ်တု တည်ဆောက်ရေးအတွက် လိုအပ်သော အုတ်၊ သဲ၊ ကျောက်တို့ကို တစ်ဦးတည်းအလှူရှင် ဦးခိုင်မင်းခန့်စိုးမိသားစုတို့က လှူဒါန်းပြီး အလှူခံရရှိငွေကျပ် ၂၃၇၇၉၅ ကို စည်ပင်ဘဏ်တွင် အပ်နှံထားရှိကြောင်း သိရသည်။

ခရိုင်(မြန်/ဆက်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၂-၉-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၀၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၀၄၇၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၀၅၀၀

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၇၀၀/၇၂၀ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၂	၇၁၀/၇၄၀ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၅	၇၆၀/၇၇၅ ကျပ်	(လက်လီဈေး)
ပရီမီယံဒီဇယ်	၇၃၅/၇၅၀ ကျပ်	(လက်လီဈေး)

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၅၆ ·၀
ဥရောပ	တစ်ယူရို	၁၆၁၄ ·၄
စင်ကာပူ	တစ်ဒေါ်လာ	၁၀၀၆ ·၀
ထိုင်းဘတ်	တစ်ဘတ်	၄၁ ·၀
အိန္ဒိယ	တစ်ရူပီး	၂၁ ·၁
တရုတ်	တစ်ယွမ်	၂၀၆ ·၇
မလေးရှား	တစ်ရင်းဂစ်	၃၂၃ ·၈၀

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်းမှူး	-	မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းမှူးများ	-	မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၀၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၀၇၇)

❀ ရှေ့ဖုံးမှ

ပထမဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးရောက်ရှိနေသူများနှင့် စပ်လျဉ်း၍ ၁၉၉၃ ခုနှစ် မြန်မာ-ဘင်္ဂလားဒေ့ရှ် သဘောတူညီချက်နှင့် အညီ ပြန်လည်စိစစ်လက်ခံရန် ပြောကြားထားပြီးဖြစ်ကြောင်း၊ ထိုသို့ လက်ခံရာတွင် စိစစ်မှုများလုပ်ဆောင်မည့် လုပ်ငန်းစဉ်၊ လက်ခံမည့် နေရာသတ်မှတ်ချက်၊ စိစစ်လက်ခံရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရေး၊ စိစစ်လက်ခံပြီးနောက် ယာယီနေရာချထားရေးအစီအစဉ်နှင့် ပြန်လည်နေရာချထားမည့် အစီအစဉ်၊ တစ်ချိန်တည်းမှာပင် ARSA အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသည့် ရခိုင်တိုင်းရင်းသားများနှင့် မြို၊ ဒိုင်းနက်၊ မရမာကြီး စသည့် ဌာနေတိုင်းရင်းသားများအား ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များ၊ လူနည်းစု ဟိန္ဒူဘာသာဝင်များအား ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များ စသည်တို့ကို စနစ်တကျ အမြန်ဆုံးဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ ယာယီနေရာချထားရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးရေးကို ထည့်သွင်းစီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီဝင်များက အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဖြည့်စွက်တင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အစည်းအဝေးသဘောတူဆုံးဖြတ်ချက်များကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပသော အစည်းအဝေးတွင် နေရပ်စွန့်ခွာ တိမ်းရှောင်နေရသည့် ဒေသခံတိုင်းရင်းသားများအား ပြန်လည်နေရာချထားရေးတွင် မြို၊ ဒိုင်းနက် စသည့် ဌာနေတိုင်းရင်းသားများလည်း ပါဝင်လျက်ရှိရာ တိုင်းရင်းသားများ၏ ဓလေ့၊ ထုံးတမ်း၊ ယဉ်ကျေးမှုဆိုင်ရာများကိုပါ မပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်ရေးအတွက်ပါ ရည်ရွယ်၍ UN-Habitat - United Nations Human Settlements Programme ထံမှ အကြံဉာဏ်များ ရယူနိုင်ရေးဆောင်ရွက်သွားရန်၊ ပြန်လည်လက်ခံမည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသူများအား ၁၉၉၃ ခုနှစ် သဘောတူညီချက်ကို အခြေခံ၍ စိစစ်မှုများ စနစ်တကျဆောင်ရွက်ရန်နှင့် ပြန်လည်စိစစ်လက်ခံရေး အဖွဲ့တစ်ဖွဲ့ အမြန်ဆုံး ဖွဲ့စည်းဆောင်ရွက်ရန်၊ ယာယီနေရာချထားပြီးနောက် ပြန်လည်နေရာချထားရာတွင် မူလကထက် ပိုမိုအဆင်ပြေနိုင်ရေး၊ ရေရှည်ဖွံ့ဖြိုးရေးကိုပါ ခြုံငုံပါဝင်စေမည့် အစီအစဉ်အား UN-Habitat ထံမှ အကြံဉာဏ်များ ရယူဆောင်ရွက်ရန်၊ မောင်တောဒေသအတွင်း လမ်းကွန်ရက်များ စနစ်တကျ ရေးဆွဲဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားလိုင်းများ၊ ရေမြောင်းစနစ်များ၊ စာသင်ကျောင်း၊ ဆေးရုံနှင့် ရဲကင်းစခန်းများ စသည်တို့ကိုပါ ထည့်သွင်း၍ ဒေသဖွံ့ဖြိုးရေးနှင့် ယှဉ်တွဲဆောင်ရွက်ရန်၊ ARSA အကြမ်းဖက်သမားများ၏ တိုက်ခိုက်ခြင်းခံရသည့် တမန်းသားကျေးရွာမှ ပျောက်ဆုံးနေသော ဟိန္ဒူဘာသာဝင် ၉၃ ဦး၏ အခြေအနေကို အမြန်ဆုံးသိရှိနိုင်ရန်အတွက် ရှာဖွေမှု တိုးမြှင့်ဆောင်ရွက်ရန်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ရှိ ဒုက္ခသည်စခန်းတွင် အသက်မသေဘဲ ရောက်ရှိနေသည်ဟု သတင်းထွက်ပေါ်နေသော ဟိန္ဒူဘာသာဝင်အမျိုးသမီး ခြောက်ဦးနှင့် ကလေးငယ်သုံးဦးတို့အား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ရေး နယ်ခြားစောင့်တပ်များ အချင်းချင်း တောင်းခံထားပြီး ဖြစ်သော်လည်း သံတမန်လမ်းကြောင်းမှတစ်ဆင့် ထပ်မံတောင်းခံသွားရန်၊ အကြမ်းဖက်မှုတွင် ပါဝင်သူများအား အရေးယူနိုင်ရေး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ညှိနှိုင်းရန်၊ အကြမ်းဖက်မှုတွင် ပါဝင်ခဲ့သူများ၏ အမည်စာရင်းအား ဘင်္ဂလားဒေ့ရှ်အစိုးရ၊ နိုင်ငံတကာရဲတပ်ဖွဲ့နှင့် ကုလသမဂ္ဂသို့ ပေးပို့သွားရန်တို့ကို ဆုံးဖြတ်ခဲ့သည်။

ထို့အပြင် နယ်ခြားဒေသလုံခြုံရေးဆိုင်ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးနိုင်ရန်အတွက် ဖိတ်ကြားထားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြည်ထဲရေးဝန်ကြီး၏ မြန်မာနိုင်ငံခရီးစဉ်မှာ ဘင်္ဂလားဒေ့ရှ်ဘက်မှ အဆင်မပြေသဖြင့် ခရီးစဉ်မတိုင်မီ ရွှေ့ဆိုင်းထားခဲ့ရသောကြောင့် ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီးအား ထပ်မံဖိတ်ကြားရန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြည်ထဲရေးဝန်ကြီး၏ မြန်မာနိုင်ငံခရီးစဉ်တွင် ဘင်္ဂလားဒေ့ရှ် ရဲချုပ် အတူလိုက်ပါနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကလည်း သီးခြားဖိတ်ကြားထားခဲ့သဖြင့် ထပ်မံဖိတ်ကြားရန်နှင့် လာမည့် သီတင်းပတ်အတွင်း မြန်မာနိုင်ငံရှိ သံတမန်များအား မောင်တောဒေသသို့ ပို့ဆောင်ပေးနိုင်ရေး အစီအမံများ ဆက်လက်ဆောင်ရွက်ရန် စသည်တို့ကိုလည်း သဘောတူဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

> ❝ ARSA အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသည့် ရခိုင်တိုင်းရင်းသားများနှင့် မြို၊ ဒိုင်းနက်၊ မရမာကြီး စသည့် ဌာနေတိုင်းရင်းသားများအား ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များ၊ လူနည်းစု ဟိန္ဒူဘာသာဝင်များအား ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များ စသည်တို့ကို စနစ်တကျ အမြန်ဆုံးဆောင်ရွက်နိုင်ရန် အရေးကြီး ❞

နှစ်နိုင်ငံအကြား မည်သည့်ကိစ္စရပ်ကိုမဆို နှစ်နိုင်ငံအဆင့်တွင် ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အဖြေရှာသွားရန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ကိစ္စရပ်များဆွေးနွေး

နယူးယောက် စက်တင်ဘာ ၂၂

နယူးယောက်မြို့တွင် ကျင်းပလျက်ရှိသည့် (၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်လျက်ရှိသော ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် တရုတ်နိုင်ငံခြားရေးဝန်ကြီး Mr.WangYi ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး Abul Hassan Mahmud Ali၊ အမေရိကန်နိုင်ငံ အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Ms. Susan Thornton တို့နှင့် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် သီးခြားစီ တွေ့ဆုံခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး **Abul Hassan Mahmud Ali** တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် စက်တင်ဘာ ၂၁ ရက် ညနေပိုင်း၌တွေ့ဆုံခဲ့ရာနှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို ထိန်းသိမ်းကာဒေသတွင်းနှင့် နိုင်ငံတကာအဆင့်တို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ဆွေးနွေးခဲ့ကြသည်။

ထို့အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးနှင့်လည်း တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြားရှိ မည်သည့်ကိစ္စရပ်ကိုမဆို နှစ်နိုင်ငံအဆင့်တွင် ထိတွေ့ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အဖြေရှာသွားရန်၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ယင်းနေ့ နံနက်ပိုင်းတွင် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်အား အမေရိကန်နိုင်ငံ အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Ms. Susan Thornton က နယူးယောက်မြို့ရှိ မြန်မာအဖွဲ့ရုံး၌ လာရောက် တွေ့ဆုံခဲ့ရာ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အကြမ်းဖက်မှု ဖြစ်စဉ်နောက်ပိုင်း အခြေအနေပြန်လည် တည်ငြိမ်စပြုလာပြီး စက်တင်ဘာ ၆ ရက် မှစ၍ လက်နက်ကိုင်တိုက်ခိုက်မှုများ ရပ်စဲသွားခဲ့ခြင်း၊ ထိခိုက်ခံခဲ့ရသည့် လူ့အသိုက်အဝန်းများအား လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ပဏာမဦးစားပေးအနေဖြင့် လျင်မြန် ထိရောက်စွာ ပေးအပ်လျက်ရှိခြင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်လျက်ရှိခြင်းစသည်တို့ကို ဆွေးနွေးခဲ့သည်။

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်သည် နယူးယောက်မြို့ရှိ International Federation of Red Cross and Red Crescent (IFRC) မှ အထွေထွေအတွင်းရေးမှူး Mr.Elhaji As Sy နှင့် စက်တင်ဘာ ၂၀ ရက်တွင် လည်းကောင်း၊ International Committee of the Red Cross (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer နှင့် စက်တင်ဘာ ၂၁ ရက်တွင် လည်းကောင်း တွေ့ဆုံ၍ ရခိုင်ပြည်နယ်မြောက်ပိုင်း၌ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရာ၌ ကြက်ခြေနီ လှုပ်ရှားမှုတွင် ပါဝင်သည့် IFRC ၊ ICRC တို့နှင့် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများကို ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

EAC Foundation အလှူငွေဖြင့် စက်ရေတွင်းတူးဖော်

သဲကုန်း စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် Europe & Asia Commercial Co.,Ltd(EAC)Foundation အလှူငွေဖြင့် လောင့်ကြီးကျေးရွာအုပ်စု ကိုးတင်းကျေး ကျေးရွာ၌ တွင်းတိမ်စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေအား စက်တင်ဘာလ တတိယပတ်က တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးသိန်း၊ ပြည်ခရိုင် ကျေးလက်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးရာ မြို့နယ် ကျေးလက်ဦးစီးမှူး ဦးကိုမောင်နှင့် ဝန်ထမ်းများက ရှင်းလင်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေဝတီမြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၂

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ဟသ်ာတမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ ဇလွန်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ရေဝတီမြစ်ရှိ ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

နိုင်ငံ့ဂုဏ်ဆောင်နှင့် တပ်မတော် ဂုဏ်ဆောင် အားကစားသမားများ၊ နည်းပြများအား ဂုဏ်ပြုဆုများ ချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၂၂

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၂၆)ကြိမ်မြောက် အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်နှင့် တပ်မတော်ဂုဏ်ဆောင် အားကစားသမားများ၊ နည်းပြများအားဂုဏ်ပြုချီးမြှင့်သည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝူရှူး(နန်းသောင်း/ နန်းကွန့်/ ချန်းချွမ်း)ပြိုင်ပွဲ၌ ရွှေတံဆိပ်နှစ်ခုရရှိခဲ့သည့် ဝူရှူးအသင်း၏ကိုယ်စား မမြတ်သက်ဆုဝေဖြိုး၊ ပိုက်ကျော်ခြင်း (အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးလေးယောက်တွဲ)ပြိုင်ပွဲ၌ ရွှေတံဆိပ်နှစ်ခုရရှိခဲ့သည့် ပိုက်ကျော်ခြင်းအသင်း၏ကိုယ်စား တပ်ကြပ်ကြီး သန့်ဇင်ဦး၊ ခြင်းလုံးအဖွဲ့လိုက်(အမျိုးသား Event 2 နှင့် Event 4)ပြိုင်ပွဲ၌ ရွှေတံဆိပ် နှစ်ခုရရှိခဲ့သည့် ခြင်းလုံးအသင်း၏ ကိုယ်စား မောင်ကျော်စိုးမိုးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့ဂုဏ်ဆောင်နှင့် တပ်မတော်ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်

ပစိဖိတ်ကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး တက်ရောက်ခဲ့ပြီး ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၂

ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပသော (၁၀)ကြိမ်မြောက် ပစိဖိတ်ကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး (10th Pacific Armies Chiefs Conference) သို့ တက်ရောက်ခဲ့သည့် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် ဆိုးလ်မြို့ရှိ Sky Tower သို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အင်ချွန်းမြို့ စီးပွားရေးဇုန်ရှိ G Tower သို့လည်းကောင်း သွားရောက်လေ့လာကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီး မြင့်သိန်းနှင့် ကိုရီးယားတပ်မတော်မှ အမှတ်(၃)တပ်မ၊ ဒုတိယတပ်မမှူး ဗိုလ်မှူးချုပ်လီဂူဂျွန်းတို့က အင်ချွန်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာကိုရီးယားနိုင်ငံစစ်သံမှူး Colonel Hong Gongkee နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုအမှတ်(၄)အား ဆုံးဖြတ်ချက်(အမိန့်)ချမှတ်

နေပြည်တော် စက်တင်ဘာ ၂၂

ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ဒေါက်တာဝဏ္ဏစိုး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)က ယင်းမဲဆန္ဒနယ်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးရှာမွေလရှန် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)အပေါ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၇၊ ၆၈ အရ ကန့်ကွက်လျှောက်ထားမှုကို ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၄/၂၀၁၇) ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လက်ခံခဲ့ပြီး လျှောက်ထားခံရသူ ဦးရှာမွေလရှန်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၉၃ အရ တန်ပြန်ကန့်ကွက်လွှာတင်သွင်းခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ခုံအဖွဲ့ဝင်များအဖြစ် ဦးခင်မောင်သန်းနှင့် ဦးသန်းဝင်းတို့ ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၁)က ကြားနာစစ်ဆေးပြီး လျှောက်ထားသူ ဒေါက်တာဝဏ္ဏစိုး၏ ကန့်ကွက်လွှာနှင့် ဦးရှာမွေလရှန်၏ တန်ပြန်ကန့်ကွက်လွှာတို့ကို ပလပ်ကြောင်းနှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးရှာမွေလရှန်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့သည်ဟု သတင်းရရှိသည်။

(သတင်းစဉ်)

○ *ကျောဖုံးမှ*

ယင်းနောက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ဖြူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အကောင်အထည်ဖော်ဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ချက်စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍လည်း စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးနေကြရမည်ဖြစ်ကြောင်း၊ ဖြူးချောင်းရေလှောင်တမံသည် ဆည်ရေသောက်ဧရိယာ ၉၀၀၀၀ ဧက ရေပေးဝေနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိရာ ယခုအချိန်အထိ ၁၆ ဒသမ ၁ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်သဖြင့် ကျန်လုပ်ငန်းများကို စီမံချက်အတိုင်း နှစ်အလိုက်လျာထား အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် ဒေသခံတောင်သူများ ဆည်ရေကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ဖြူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအနေဖြင့် မိုးတွင်းကာလအတွင်း ရေအားလျှပ်စစ်မှရရှိလာသည့် လျှပ်စစ်ဓာတ်အားများကို အပြည့်အဝအသုံးချသွားရန်နှင့် အလေအလွင့်မရှိအောင် ထိန်းသိမ်းသွားရန်လိုအပ်ပါကြောင်း၊ စီမံကိန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးတို့ကို ထိုက်သင့်သလိုဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဖြူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း စက်များတပ်ဆင်မောင်းနှင်ထားရှိမှု၊ လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုနှင့် ဓာတ်အားဖြန့်ဖြူးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဖြူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက် နှစ်လုံးတပ်ဆင်ထားပြီး စုစုပေါင်း ၄၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ကာ မိုးရာသီတွင် စွမ်းအားပြည့်လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

E-GSM Band လိုင်းနှုန်းစဉ် သတ်မှတ်ချထားပေးမည့် အစီအစဉ်အား သဘောထားမှတ်ချက် တောင်းခံ

နေပြည်တော် စက်တင်ဘာ ၂၂

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် E-GSM Band လိုင်းနှုန်းစဉ် သတ်မှတ်ချထားပေးမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ အများပြည်သူသဘောထားမှတ်ချက်တောင်းခံခြင်းအား စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ Webpage ဖြစ်သည့် www.motc.gov.mm/news/ptd_news တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပဲများနှင့်ပတ်သက်၍ ပြည်တွင်းစားသုံးမှုတိုးတက်လာစေရေးနှင့် ပဲအခြေခံစားသောက်ကုန်ထုတ်လုပ်ရေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၂

ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သည့် ပဲများနှင့်ပတ်သက်၍ ပြည်တွင်းပဲစားသုံးမှု တိုးတက်လာစေရန် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ပဲကို အခြားနည်းလမ်းဖြင့် အသုံးပြုသည့်အသင်းအဖွဲ့လုပ်ငန်းရှင်များ၊ ပဲအခြေခံစားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှု အရေအတွက် ကန့်သတ်ချက်ကြောင့် လက်ကျန်ပဲများ ဆက်လက်တင်ပို့နိုင်ရေးကိစ္စများ ညှိနှိုင်းဆွေးနွေးသကဲ့သို့ ပြည်တွင်းပဲစားသုံးမှု ပိုမိုတိုးတက်လာစေရေးအတွက် ပဲအများဆုံးသုံးစွဲသည့် ဌာနများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့် ပြည်တွင်း၌ လက်ကျန်ပဲများကို အသုံးပြုနိုင်မည့်နည်းလမ်းများကိုထုတ်ဖော်ပြီး ဆောင်ရွက်ခြင်းအားဖြင့် အခက်အခဲများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ပြည်တွင်း၌ ကျန်ရှိသည့်ပဲများအား ပြည်ပသို့ ဆက်လက်တင်ပို့နိုင်ရေး ညှိနှိုင်းမှုများ၊ G to G MoU လက်မှတ်ရေးထိုးနိုင်ရေးအတွက် ညှိနှိုင်းမှုများ၊ ပဲမျိုးစုံဈေးကွက်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးနှင့် ဈေးကွက်ဝင်သီးနှံများ ပြောင်းလဲစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မကြာမီထွက်ရှိလာတော့မည့် ပြည်တွင်းပဲများအတွက် ဈေးနှုန်းသည် တောင်သူများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်အောက် နိမ့်ကျနေပါက တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ တောင်သူများထံမှ ဝယ်ယူပေးနိုင်ရေးတို့ကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပြီး ဦးဆောင်အဖွဲ့သို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မတ်ပဲလျှော့ချစိုက်ပျိုးပါက အခြားသီးနှံပြောင်းလဲစိုက်ပျိုးနိုင်ရေးကိစ္စများ၊ ထွက်ရှိသည့်ပဲများ ပိုးသတ်ဆေးဓာတ်ကြွင်း ပါဝင်မှုမရှိစေရေး၊ ကျောင်းများ၌ အာဟာရဓာတ်ပြည့်ဝသည့် ပဲအသုံးပြုထုတ်လုပ်သည့်မုန့်များ ကျွေးမွေးရေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ကျန်ရှိသည့်ပဲများအပေါ် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ ပြည်တွင်းပဲစားသုံးမည့် အစီအစဉ်များ၊ အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောကြားရန် မှာကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ပြည်တွင်း ပြည်ပ ပဲဈေးကွက်များ အိန္ဒိယနိုင်ငံသံရုံးနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍအလိုက် ဆောင်ရွက်သည့်အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ပဲမျိုးစုံသုံးစွဲနေမှုနှင့် ပဲဝယ်ယူနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကုန်စည်ဒိုင်များ၊ တောင်သူလယ်သမားများ၊ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်သူများ၏ အကြံပြုချက်များအား ဆွေးနွေးတင်ပြခဲ့ကြောင်း၊ ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုကန့်သတ်မှုသည် နိုင်ငံအတွက် ကြီးမားသည့်သတိပေးချက်ဖြစ်ကြောင်း၊ နောင် ထိုကဲ့သို့မဖြစ်စေရန် ရေတိုရေရှည် ဆောင်ရွက်မည့်အစီအမံများ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခက်အခဲများရှိသော်လည်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် လက်ကျန်ပဲများအပေါ် ဝယ်ယူနိုင်မည့်ကိစ္စရပ်များကို တင်ပြ ဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်း နိဂုံးချုပ်ပြောကြားသည်။

အခမ်းအနားအပြီးတွင် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့ကို အသုံးပြု၍ မတ်ပဲဗယာကြော်၊ ပဲဝါလေး၊ ပဲကြာဆံဟင်းချို၊ ပဲစင်းငုံသီးစုံချဉ်ရည်ဟင်းများအား အလွယ်တကူနှင့် အရသာရှိစွာ ချက်ပြုတ်စားသောက်ခြင်း သရုပ်ပြနေမှုတို့ကို ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက အားပေးကြည့်ရှုခဲ့ကြပြီး တွေ့ဆုံညှိနှိုင်းပွဲသို့ တက်ရောက်လာသူများအားလုံးကို မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့ကို အသုံးပြု၍ ချက်ပြုတ်ထားသော ဟင်းလျာများပါဝင်သည့် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ခေတ္တနေရပ်စွန့်ခွာ တိုင်းရင်းသားများအတွက် အလှူငွေများပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၂

ARSA အစွန်းရောက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ခေတ္တနေရပ်စွန့်ခွာ တိမ်းရှောင်နေရသည့် ဒေသခံတိုင်းရင်းသားများအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ဒက္ခိဏခရိုင်၊ ဥတ္တရခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လှူဒါန်းငွေကျပ် ၄၀၆၀၀၀၀ ကို နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၏ မျှဝေခြင်းအစီအစဉ်အရ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက လှူဒါန်းငွေကျပ် ၁၀၀၀၀၀၀ ကို တာဝန်ရှိသူများကလည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ နေအိမ်သုံးဆိုလာမီးထွန်းစနစ် အစုံ ၁၅၀ လှူဒါန်း

စစ်တွေ စက်တင်ဘာ ၂၂

ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ကိုရီးယားသမ္မတနိုင်ငံ KDE&C ကုမ္ပဏီက စက်မှုဝန်ကြီးဌာနမှတစ်ဆင့် နေအိမ်သုံးဆိုလာမီးထွန်းစနစ် အစုံ ၁၅၀ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လှူဒါန်းပွဲတွင် ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံက ဒေသခံတိုင်းရင်းသားများ၏ အဓိကလိုအပ်ချက်များတွင် လျှပ်စစ်မီးရရှိရေးလည်း ပါဝင်ကြောင်း၊ တိုင်းရင်းသားများ၏ လိုအပ်ချက်ကို ကိုရီးယားသမ္မတနိုင်ငံ KDE & C ကုမ္ပဏီက စက်မှုဝန်ကြီးဌာနမှတစ်ဆင့် နေအိမ်သုံး ဆိုလာမီးထွန်းစနစ်များ ပေးအပ်လှူဒါန်းသည့်အတွက် ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေအိမ်သုံး ဆိုလာမီးထွန်းစနစ် အစုံ ၁၅၀ ကို စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်က ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းတို့က လက်ခံရယူပြီး**(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြသည်။

ယင်းနောက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ တပ်ဆင်အသုံးပြုပုံများကို ကျွမ်းကျင်ပညာရှင် ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်ဇော်က ပြသသည်။

“ရခိုင်ပြည်နယ်က ကျေးလက်နေပြည်သူတွေရဲ့ လျှပ်စစ်မီးလိုအပ်ချက်ကို အထောက်အပံ့ဖြစ်စေဖို့အတွက် ကိုရီးယားသမ္မတနိုင်ငံ KDE & C ကုမ္ပဏီက ထုတ်လုပ်တဲ့ အမေရိကန်ဒေါ်လာ ၁၅၀၀၀ တန်ဖိုးရှိ နေအိမ်သုံးဆိုလာ မီးထွန်းစနစ် အစုံ ၁၅၀ ကို လာရောက်လှူဒါန်းတာဖြစ်ပါတယ်။ ဒီနေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်က နေအိမ်တွေ မီးလင်းဖို့သာမက ဘက်ထရီအားသွင်းဖို့နဲ့ လက်ကိုင်ဖုန်းအားသွင်းဖို့လည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒီစနစ်ဟာ အသုံးပြုသူတွေအတွက် ဘေးအန္တရာယ်ကင်းတဲ့အပြင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကိုလည်း မဖြစ်စေပါနိုင်ပါဘူး”ဟု ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်က ပြောသည်။ **တင်ထွန်း(ပြန်/ဆက်)**

မောင်တော-ကျီးကန်းပြင် ကားလမ်းပေါ်ရှိ အစ္စလာမ်ဘာသာဝင်များ နေထိုင်ရာ သီဟိုဠ်ကျွန်းသို့ သွားရောက်ပြီး မီးလောင်ကျွမ်းမှုအခြေအနေများအား သတင်းမှတ်တမ်းရယူနေသည်ကို တွေ့ရစဉ်

❊ *ရှေ့ဖုံးမှ*

ယင်းနောက် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် တွေ့ဆုံကာ လတ်တလော ဒေသအခြေအနေများ၊ နေရပ်စွန့်ခွာ တိမ်းရှောင်လာသူများအား ကူညီကယ်ဆယ်စောင့်ရှောက်ထားရှိမှု အခြေအနေများကို မေးမြန်းကြသည်။

ထို့နောက် တရုတ်မီဒီယာအဖွဲ့သည် အစ္စလာမ်ဘာသာဝင်များ နေထိုင်ရာ မောင်တောမြို့ ကညင်တန်းရပ်ကွက်ဈေးသို့ရောက်ရှိကာ နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ ဈေးဖွင့်လှစ်ရောင်းချနေမှု၊ ARSA အကြမ်းဖက်သမားများအပေါ် သဘောထားများကို တွေ့ဆုံမေးမြန်းပြီး အဆိုပါရပ်ကွက်အတွင်း တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ အစ္စလာမ်ဘာသာဝင်များအား ဆေးကုသပေးနေမှု အခြေအနေကို သတင်းရယူခဲ့ကြသည်။

ယင်းနောက် မောင်တောမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းတွင် လာရောက်ခိုလှုံနေသည့် ဟိန္ဒူဘာသာဝင်များနှင့် တွေ့ဆုံကာ နိုင်ငံတော်အစိုးရက ကူညီကယ်ဆယ်ထောက်ပံ့ပေးနေမှု၊ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခံရမှုတို့နှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းသတင်းရယူကြသည်။

ဆက်လက်ပြီး တရုတ်မီဒီယာအဖွဲ့သည် နေရပ်စွန့်ခွာခြင်းမရှိဘဲ အေးချမ်းစွာနေထိုင်လျက်ရှိသည့် မောင်တောမြို့နယ် ရွှေဇားကျေးရွာရှိ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံပြီး ၎င်းတို့၏ အခက်အခဲများကို လွတ်လပ်ပွင့်လင်းစွာ တွေ့ဆုံမေးမြန်း သတင်းယူကြသည်။ ထို့နောက် မြို့မဘုန်းကြီးကျောင်းသို့ ရောက်ရှိပြီး ကယ်ဆယ်ရေးစခန်းရှိ တိုင်းရင်းသားများနှင့် တွေ့ဆုံမေးမြန်း သတင်းရယူကာ မောင်တောမြို့မ အနောက်ရပ်ကွက်ရှိ အမှတ်(၁)အဝင်၊ အထွက် စစ်ဆေးရေးစခန်းနှင့် စခန်းအနီး မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ခြံစည်းရိုး ကာရံထားရှိမှုကို ဓာတ်ပုံမှတ်တမ်းရယူခဲ့ကြသည်။

(သတင်းအဖွဲ့)

မဟာဂီတကမ္ဘာသို့ အလည်တစ်ခေါက်

ကျော်ထက် (မြန်မာစာ)

၂၀၁၇ စက်တင်ဘာ ၁၁ ရက်က အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) National University of Arts and Culture(Yangon)-NUAC(Ygn) ၏ (၂၁)ကြိမ်မြောက် ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် စင်တင်တင်ဆက်ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသည်။ အဲဒီနေ့လယ် ထမင်းစားပြီး ခဏအိပ်ပျော်သွားသည်။ နိုးလာတော့ မွန်းလွဲ ၁ နာရီ ဖြစ်နေပြီ။ ပွဲကျင်းပမည့်အချိန်က မွန်းလွဲ ၂ နာရီဆိုတော့ ကမန်းကတန်းရေချိုးပြီး အိမ်ကထွက်ခဲ့သည်။ ဒီနေ့မှ ရာသီဥတုက သာယာနေသည်။ အိမ်မှ အချိန်ကိုက်ထွက်ခဲ့သော်လည်း ယာဉ်ကြောများက မကြာခဏပိတ်ဆို့နေမှုကြောင့် ပွဲကျင်းပသည့် အမျိုးသားဇာတ်ရုံသို့ ပွဲစချိန်နီးမှ ဝင်ရောက်ခဲ့ရသည်။ အမျိုးသားဇာတ်ရုံ၏ ရှေ့မျက်နှာစာမုခ်တံခါးမှ အတွင်းသို့ လှမ်းဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ဇာတ်ရုံ၏အပြင်ဘက်ကော်ရစ်ဒါတွင် ဘွဲ့ယူကြ မည့် ပန်းချီ၊ ပန်းပုကျောင်းသား ကျောင်းသူများ၏ ကျောင်းဆင်းလက်ရာမွန် ပန်းချီကားများ၊ ပန်းပုရုပ်များကို သေသပ်လှပစွာ ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။ စာရေးသူကိုယ်တိုင်က ပန်းချီ၊ ပန်းပု၌ အာရုံဝင်စားမိတတ်သော အလေ့ကြောင့်ထင့်၊ အခွင့်သာခိုက် အာရုံစိုက်၍ ကြည့်ရှုငေးမော တွေးတောနေမိသည်။

ထိုအခိုက် NUAC(Ygn)မှ မိတ်ဆွေ ကထိကဆရာတစ်ယောက်က နှုတ်ဆက်စကားဆိုရင်း ပွဲစတော့မည်ဖြစ်ကြောင်း၊ ရုံထဲသို့ဝင်သင့်ပြီဖြစ်ကြောင်း ဖိတ်ခေါ်တိုက်တွန်းသည်။ ထို့ကြောင့် ပန်းချီ၊ ပန်းပုတွင် အာရုံကျနေသောစိတ်ကို အာလယဖြတ်၍ ဇာတ်ရုံအတွင်းသို့ လှမ်းဝင်ခဲ့ရသည်။

ဇာတ်ရုံအတွင်းသို့ရောက်သည်နှင့် အစီအစဉ်ကြေညာသူတို့၏ ကြည်လင်ပြတ်သားသောအသံကို ကြားလိုက်ရသည်။ ဂီတပညာအထူးပြုကျောင်းသားများ၏ တင်ဆက်မှုကို ပဏာမ အဖွင့်အစီအစဉ်အဖြစ် ရှုမြင်ခံစားခဲ့ရသည်။

မြန်မာ့စောင်း အလက် ၅၀၊ ပတ္တလား၊ ဆိုင်းဝိုင်းကြီး စသည့် မြန်မာ့တူရိယာစစ်စစ်များကို အသုံးပြု၍ မြန်မာ့ဂီတအစစ်ဖြစ်သော မဟာဂီတကို တီးခတ်သီဆိုဖျော်ဖြေခဲ့ကြသည်မှာ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှပါသည်။

မဟာဂီတကို စောင်း၊ ပတ္တလား စသည့် တူရိယာနှစ်မျိုးသုံးမျိုးဖြင့် တီးခတ်ဖျော်ဖြေမှုကိုသာ နားဆင်ဖူးသော စာရေးသူအဖို့မှာ တအံ့တသြဖြစ်ရသည်။ ယခုကဲ့သို့ မြန်မာတူရိယာ အစုံအလင်ကို အုံနှင့်ကျင်းနှင့် အင်နှင့်အားနှင့်အသုံးပြု၍ တီးခတ်မှုကို ကြားနာရသည်မှာ နားဝင်ပီယံဖြစ်ရုံမျှမက တစ်ရှိုက်မက်မက်စွဲလမ်းမှုကို ဖြစ်စေသည်။ ချိုမြသော မဟာဂီတသံစဉ်တို့သည် အသံထုထည်ကြီးမားစွာ နားစည်မှတစ်ဆင့် နှလုံးသားကို လှုပ်ခတ်စေပါသည်။

ပေးထားသောခေါင်းစဉ်လေးကလည်း ကဗျာဆန်ရုံမျှမက ဆွဲဆောင်မှုကိုလည်း ပေးသည်။ "မဟာဂီတကမ္ဘာတဲ့"။ နှစ်လိုဖွယ်ရှိလှပါဘိ။ ခေါင်းစဉ်နှင့်ဆက်စပ်၍ အတွေးကွန်ရက် ဖြန့်ကြက်မိသည်အထိ။

မြန်မာတို့၏ နှလုံးသည်းပွတ်သဖွယ်ဖြစ်ခဲ့သော မဟာဂီတသည် ပုဂံခေတ်ကတည်းကပင် စတင်ကာ အခြေပြုသန္ဓေတည်ခဲ့ကြောင်းကို ကျောက်စာများ၊ နံရံဆေးရေးပန်းချီများက တစ်စွန်းတစ်စ ဖော်ပြနေကြပါသည်။ ပုဂံခေတ်တွင်သန္ဓေတည်ခဲ့သော မဟာဂီတသည် ပင်းယခေတ်တွင် တျာဘွဲ့များ၊ အင်းဝခေတ်တွင် ကြိုးသီချင်းများကို မွေးဖွားသန့်စင်ပေးခြင်းဖြင့် မဟာဂီတကမ္ဘာကို စတင်တံခါးဖွင့်ခဲ့သည်ဟု ဆိုရပါမည်။ ထိုခေတ်ကပင် ဘွဲ့သီချင်းများကိုလည်း ဆက်လက်မွေးဖွားပေးခဲ့ပြန်သည်။

အင်းဝလွန်မြောက် တောင်ငူခေတ်သို့ရောက်သောအခါ သီချင်းခံများ ပေါ်ပေါက်လာပြန်သည်။ ထို့ကြောင့် မဟာဂီတရပ်ဝန်းသည် ပို၍ပို၍ကျယ်ပြန့်လာသည်။

ညောင်ရမ်းခေတ်ကား မဟာဂီတကို စည်းစနစ်တကျ ပုံဖော်ထုဆစ်ခဲ့သောကာလပင် ဖြစ်ပေသည်။ စာပေဂီတပညာရှင် ဝန်ကြီးပဒေသရာဇာ၏ အားထုတ်ကြိုးပမ်းမှုကြောင့် ထံတျာ၊ သီဒါ၊ သာယာဟု လူသိများသော ပုစဉ်းတောင်သံကြိုး၊ ကလပ်ကြိုး၊ ကလပ်ငယ်ကြိုးအစရှိသည့် မဟာဂီတအခြေခံသင်ရိုး ကြိုးသီချင်းများ ပေါ်ထွက်လာခဲ့သည်။ မဟာဂီတသည် နည်းနာနိဿယများနှင့် စနစ်တကျဖြစ်တည်လာခဲ့သည်။

ကုန်းဘောင်ခေတ်သည် မဟာဂီတကမ္ဘာကို ဝေဝေဆာဆာဖြစ်စေခဲ့သည်။ မဟာဂီတရပ်ဝန်းသည် ကြီးမားကျယ်ပြန့်ရုံမျှမက အရှိန်အဟုန်မှာလည်း မြင့်မားပြင်းထန်ခဲ့သည်။ ကုန်းဘောင်ခေတ်သည် မဟာဂီတခေတ်ဟု ခေါ်ရလောက်အောင်ပင် ကြိုး၊ ဘွဲ့၊ ပတ်ပျိုး၊ သီချင်းခံစသည့် မဟာဂီတသီချင်းတို့ အမြောက်အမြားပေါ်ထွန်းခဲ့သည်။ မွန်သံ၊ ယိုးဒယားသံ၊ ကောင်းတုံသံစသည်ဖြင့် မဟာဂီတဝင် သီချင်းသံစဉ်များမှာလည်း စုံလင်ခဲ့ပေသည်။ ထို့ကြောင့် ကုန်းဘောင်ခေတ်သည် မဟာဂီတ၏ အထွန်းတောက်ဆုံးသော ရွှေခေတ်ဟူ၍ပင် တင်စားရလောက်ပေသည်။

အနုပညာသည် နှလုံးသားခံစားမှု၌မြစ်ဖျားခံသည်။ ခံစားမှုဆိုသည်မှာလည်း ဒိဋ္ဌဓမ္မလောက၏စေ့ဆော်မှုကြောင့် နိုးကြားလာသော ချစ်ခြင်း၊ မုန်းခြင်းစသည့် ခံစားမှုဝေဒနာများပင် ဖြစ်သည်။ ထိုဝေဒနာတို့ ရင့်မာလာကြသောအခါ အဖြေရှာရန်အတွက် မျှဝေလိုသော စေတနာသည် ဖန်တီးသူတို့၏ ရင်တွင်း၌ဖြစ်တည်လာပြီး အနုပညာတစ်ရပ်အဖြစ် ဖန်တီးကာ ခံစားသူရင်သို့ အရောက်ပို့ဆောင်ကြတော့သည်။ ဤကားဖန်တီးသူ၊ ခံစားသူနှင့် အနုပညာတို့၏ဆက်သွယ်ချက်ပင်တည်း။

မဟာဂီတကမ္ဘာကို ဖန်တီးထုဆစ်ခဲ့ကြသော အနုပညာဖန်တီးသူတို့သည် ဒိဋ္ဌဓမ္မလောကကို အမျက်အဤတစ်စေ့မရှိ ချစ်သောမျက်စိဖြင့် ကြည့်ရှု၍ လောကအလှသဘာဝတို့ကို မဟာဂီတဝင် တေးသီချင်းများအဖြစ် ပုံဖော်ထုဆစ်ခဲ့ကြသည်။ ဝန်ကြီးပဒေသရာဇာသည် မိမိအရှင်သခင်နှင့် မိမိဇာတိမြေ၏ ဂုဏ်ကျေးဇူးကိုသိ၍ "ဘုန်းထူးဝေဆာ သီချင်းခံ"ကိုလည်းကောင်း၊ မြဝတီမင်းကြီးဦးစသည် တောတောင်ရေမြေသဘာဝကို ချစ်သောစိတ်ဖြင့် သာဆန်းရဂုံဗွေကိုလည်းကောင်း၊ ဗုဒ္ဓကိုကြည်ညိုသဒ္ဓါပွားများသောစိတ်ဖြင့် ထူးမခြားနားကိုလည်းကောင်း ဖွဲ့သီခဲ့ခြင်းဖြစ်သည်။ အလားတူစွာ ပြင်စည်မင်းသားကြီး၊ လက်ဝဲနော်ရထာ၊ လှိုင်ထိပ်ခေါင်တင်စသည့် မဟာဂီတ ပညာရှင်တို့သည် တစ်စုံတစ်ခုသောအကြောင်းတရားကို ချစ်သောစိတ်ဖြင့် ရှုမြင်ခံစား၍ ဖွဲ့သီခဲ့ကြသည်။

ကိုလိုနီခေတ်သို့ရောက်သောအခါ မြန်မာစာ၊ မြန်မာစကား၊ မြန်မာမှုတို့ တဖြည်းဖြည်း မှေးမှိန်လာသကဲ့သို့ မြန်မာတို့၏ နှလုံးသည်းပွတ်ပမာဖြစ်တည်ခဲ့သော မဟာဂီတသည်လည်း တောက်ပမှုကင်းမဲ့လာသည်။ အရောင်မှိန်လာသည်။ မြန်မာဘုရင်များလက်ထက်တွင် ချီးမြှင့်မြှောက်စားခြင်းခံရသော မဟာဂီတသည် နယ်ချဲ့စနစ်ကြောင့် အင်အားချည့်နဲ့လာသည်မှာ ကိုလိုနီခေတ်တစ်လျှောက်လုံးမှသည် မျက်မှောက်ခေတ်အထိပင်ဖြစ်သည်။ မဟာဂီတကမ္ဘာသည် ငယ်လာသည်။ မဟာဂီတရပ်ဝန်းသည် ကျဉ်းလာသည်။

စာရေးသူတို့ငယ်စဉ်က မြန်မာ့အသံရေဒီယိုမှ မဟာဂီတကို သီချင်းကြီးကဏ္ဍအဖြစ် အပတ်စဉ်ထုတ်လွှင့်ခဲ့သည်။ ယခုမူကား မြန်မာသံ ကာလပေါ်တေးသီချင်းများကိုပင် ထုတ်လွှင့်မှု ကျဲပါးလာသည်။ မဟာဂီတအတွက်မူ နေရာမပေးနိုင်ကြတော့။

ထိုသို့သောအခြေအနေတွင် NUAC(Ygn)မှ ကျောင်းသားများက "မဟာဂီတကမ္ဘာ"ဟူသော အစီအစဉ်ကို အမြော်အမြင်ကြီးစွာဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်နှင့် ဝေဝေဆာဆာဖြစ်အောင် တင်ဆက်လိုက်သည်မှာ နှစ်ထောင်းအားရဖွယ်ကောင်းလှပေသည်။ မျိုးဆက်သစ်လူငယ်များက မဟာဂီတအပေါ် အာရုံပြုမိနေသည်မှာ အံ့သြဖွယ် ချီးကျူးလေးစားဖွယ် ကောင်းနေပြန်သည်။ NUAC များတွင် မဟာဂီတကို သင်ကြားရန် အကြံပြုလမ်းညွှန်ခဲ့သော ပညာရှင်ကြီးများနှင့် တာဝန်ရှိသူများ၊ သင်ကြားပေးသော ပညာရှင် ဆရာ ဆရာမများ၏ကျေးဇူးကား ကြီးမားပေစွ။

ထို့အပြင် NUAC(Ygn)သည် မဟာဂီတသီချင်းများကို မူမှန်စိစစ်ရေး၊ စာသားစိစစ်အနက်ဖွင့်ရေး လုပ်ငန်းများကို လွန်ခဲ့သောနှစ်များကပင် ပညာရှင်ကြီးများ၏ အကူအညီရယူကာ ဆောင်ရွက်လျက်ရှိကြောင်း ကြားသိခဲ့ရသဖြင့် ဝမ်းမြောက်မိပြန်ပါသည်။

မျက်မှောက်ခေတ်ကာလသည် နည်းပညာခေတ်ဖြစ်၍ တိုင်းတစ်ပါးမှယဉ်ကျေးမှုများ အလွယ်တကူ ဝင်ရောက်နေချိန်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံသားအားလုံး ယဉ်ကျေးမှုကိုယ်ခံအားတွေ ကောင်းကြပါမှ ကြံ့ကြံ့ခံနိုင်မည်။ တိုင်းတစ်ပါးယဉ်ကျေးမှုကို တားဆီးတွန်းလှန်နိုင်မည်ဖြစ်သည်။ လက်နက်ကိုင်၍နယ်ချဲ့ခြင်းသည် ထင်လွယ်မြင်လွယ် သိလွယ်၏။ ယဉ်ကျေးမှုမျက်နှာစာမှ လက်နက်မဲ့နယ်ချဲ့ခြင်းကား အသိခက်၊ အမြင်ခက်၊ အထင်ခက်၏။ မသိမမြင်လိုက်ပါမူ ယဉ်ကျေးမှုကိုယ်ခံမဲ့သူအဖို့ အသိတရားမဲ့စွာ၊ နှစ်သက်ခုံမင်ခြင်းဖြင့် ကြိုဆိုလက်ခံမိတတ်သည်။ ထိုသို့ဖြစ်ဖန်များလာလျှင် မိမိယဉ်ကျေးမှုကို တိုင်းတစ်ပါးယဉ်ကျေးမှုက ဝါးမျိုတော့မည်မှာ ဓမ္မတာပင်ဖြစ်သည်။

ထိုအန္တရာယ်ကို ယဉ်ကျေးမှုမျက်နှာစာမှ ခုခံကာကွယ်နေကြသူများမှာ NUAC (ရန်ကုန်/ မန္တလေး)တွင် ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများပင်ဖြစ်သည်။ NUAC တက္ကသိုလ်များသည် ယဉ်ကျေးမှုမျက်နှာစာမှ ခံတပ်များ၊ ခံကတုတ်များပင်ဖြစ်သည်။ မြန်မာ့ အနုပညာ၊ မြန်မာ့ယဉ်ကျေးမှုအတွက် အားရကျေနပ်ဖွယ်ရာများပင်ဖြစ်သည်။ NUAC တက္ကသိုလ်တွင် ပညာသင်ကြားနေကြသော ဂီတအထူးပြု ကျောင်းသား ကျောင်းသူများသည် မဟာဂီတကမ္ဘာကို ဖော်ထုတ်ထိန်းသိမ်းသကဲ့သို့ ပြန့်ပွားအောင်ဆောင်ရွက်ရန်လည်း အထူးလိုအပ်နေပေသည်။ ပို၍ကျယ်ပြန့်သော၊ ပို၍ဝေဆာသော၊ မဟာဂီတကမ္ဘာကို တည်ဆောက်နိုင်ကြပါစေကြောင်း ဆုတောင်းလိုက်ရပါသည်။ ။

ပြစ်မှုဆိုင်ရာမှုခင်းများတွင် ဆင်းရဲနွမ်းပါးသည့် စွပ်စွဲခံရသူများအတွက် ဥပဒေအထောက်အကူများ ပံ့ပိုးပေးနိုင်ရေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၂

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် International Bridges to Justice (IBJ) မှ Country Director, Mr. Jim Taylor နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဧည့်ခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် တရားမျှတမှုကဏ္ဍတိုးတက်ကောင်းမွန်ရေး၊ ပြစ်မှုဆိုင်ရာမှုခင်းများတွင် ဆင်းရဲနွမ်းပါးသည့် စွပ်စွဲခံရသူများအတွက် ဥပဒေအထောက်အကူများပံ့ပိုးပေးနိုင်ရေး၊ ပြည်သူများအား ဥပဒေအသိပညာဖြန့်ဖြူးရေး၊ IBJ၏ တရားမျှတမှုစင်တာများတွင် ဖွင့်လှစ်သောသင်တန်းများသို့ တရားစီရင်ရေးနှင့် စပ်လျဉ်းသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ အရာရှိများ ပါဝင်တက်ရောက်နိုင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ခွဲများနှင့် တရားမျှတမှုစင်တာများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့အတူ ပြည်ထောင်စုရှေ့နေချုပ်အား ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen သည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဒိန်းမတ်နိုင်ငံသံရုံးတို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ၂၀၁၈ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ဝန်ကြီးဌာနများမှ ကနဦးရေးဆွဲလာသော ဥပဒေကြမ်းများအပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အကြံပြုဆောင်ရွက်နေမှုများ၊ ဥပဒေစိစစ်ရေးလုပ်ငန်းတွင် ဆောင်ရွက်နေကြသည့် ဥပဒေအရာရှိများအတွက် အရည်အချင်းမြှင့်သင်တန်းများ ဆက်လက် ပို့ချပေးနိုင်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဆုံးဖြတ်ချက်ချမှတ်

နေပြည်တော် စက်တင်ဘာ ၂၂

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ အားလုံးပါဝင်သောခုံရုံးသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် ပါ ၅၀ က တင်သွင်းလာသည့် တင်သွင်းလွှာအမှတ် ၁/၂၀၁၇ ကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီတွင် ခုံရုံး၊ ရုံးခန်း အမှတ်-၁ ၌ ဆုံးဖြတ်ချက်ချမှတ်သည်။

ယင်းဆုံးဖြတ်ချက်တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဆိုင်ရာဥပဒေ အမှတ် ၂) တွင် ပြည်ထောင်စုလွှတ်တော်၌ ကော်မရှင်ဖွဲ့စည်းခြင်းကို ထည့်သွင်းပြဋ္ဌာန်းခြင်းနှင့် အခြားဆက်စပ်ပုဒ်မများတွင် ကော်မရှင်ဆိုသည့် စကားရပ်ကိုထည့်သွင်းပြဋ္ဌာန်းခြင်းများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ခြင်းမရှိသဖြင့် တင်သွင်းလွှာကို ပလပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂၂- မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**

လူထုဗဟိုပြုစီမံကိန်းကို ယခုနှစ်တွင် မြို့နယ် ၁၆ မြို့နယ်၌ တိုးချဲ့လုပ်ဆောင်ရန်ရှိ

ဦးလှကျော်
ဒုတိယဝန်ကြီး

ဦးခန့်ဇော်
ညွှန်ကြားရေးမှူးချုပ်

ဦးကျော်ဝင်း
မိုးကောင်းမြို့နယ် ကုန်းတန်းကြီးကျေးရွာ

Mr. Sean Bradley
Work Bank Group, Lead Social Development Specialist

ဦးလှခိုင်
လူထုဗဟိုပြုစီမံကိန်း၏ စီမံကိန်းမန်နေဂျာ

လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ် နှစ်ပတ်လည် သက်ဆိုင်သူပေါင်းစုံပါဝင်သော ပြည်ထောင်စုအဆင့် သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၁ ရက်တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန MICC-2 ၌ ကျင်းပရာ လူထုဗဟိုပြုစီမံကိန်းနှင့် ပတ်သက်၍ မေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

ဦးလှကျော်
ဒုတိယဝန်ကြီး

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကျောရိုးဆိုတာက အခြေခံလူတန်းစားတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်မှာ အများကြီး မူတည်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အခြေခံကျတဲ့ လူတန်းစားဖြစ်တဲ့ ကျေးလက်နေပြည်သူက ၇၀ ရာခိုင်နှုန်းရှိပါတယ်။ နိုင်ငံလူဦးရေ ၅၂ သန်း ရှိပါတယ်။ ကျေးလက်နေပြည်သူတွေက စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ဆက်နွှယ်နေတဲ့ လုပ်ငန်းတွေလုပ်ကိုင်ကြပါတယ်။ နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒ ၁၂ ရပ်မှာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုး တက်လာဖို့အတွက် ကျေးလက်မှာရှိတဲ့ ပြည်သူတွေ အသိအမြင်တွေ ပိုမိုကျယ်ပြန့်ပြီး သူတို့ရဲ့ဘဝကို သူတို့ကိုယ်တိုင်ထူထောင်နိုင်တဲ့ အစီအမံလေးတစ်ခုအနေနဲ့ CDD Project ကို ကမ္ဘာ့ဘဏ်အကူအညီနဲ့ လုပ်တာဖြစ်ပါတယ်။ ကျေးရွာပေါင်း ၆၆၆၅ ရွာအပေါ်မှာ အခြေတည်ခဲ့ပါတယ်။

လုပ်ငန်းတစ်ခုကိုစပြီး အကောင်အထည်ဖော်တဲ့အချိန်မှာ အောင်မြင်မှုရှိသလို အားနည်းချက်လည်းရှိပါတယ်။ အားနည်းချက်များကို တဖြည်းဖြည်းပြုပြင်သွားရင်းနဲ့ အားသာချက်တွေရအောင် တဖြည်းဖြည်း ဖန်တီးပေးရမှာဖြစ်ပါတယ်။ ကာလရှည်ကိုမျှော်မှန်းပြီးတော့ နိုင်ငံတကာအဖွဲ့အစည်းတွေ ကမ္ဘာ့ဘဏ်ရဲ့အကူအညီနဲ့လုပ်ခဲ့တဲ့ Project ဖြစ်ပါတယ်။

ဦးခန့်ဇော်
ညွှန်ကြားရေးမှူးချုပ်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၁၂ ခုနှစ်က ဒီစီမံကိန်းကို ရေးဆွဲခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်က စတင်အကောင်အထည် ဖော်ခဲ့ပါတယ်။ မြို့နယ်ပေါင်း ၄၇ မြို့နယ်၊ ကျေးရွာအုပ်စုပေါင်းက ၈၀၀၀ ကျော်သွားပါပြီ။ ဒီနှစ်မှာ ၁၆ မြို့နယ် ထပ်ပြီးတော့ အကောင်အထည်ဖော်မှာဖြစ်ပါတယ်။ စုစုပေါင်း ၆၃ မြို့နယ်ဖြစ်ပြီး ရွာပေါင်းတစ်သောင်းကျော်သွားမှာ ဖြစ်ပါတယ်။ မြို့နယ်ရွေးချယ်ပွဲကို တိုင်းဒေသကြီးမှာလုပ်တယ်။ ဒီဒေသမှာရှိတဲ့ ဌာနဆိုင်ရာတွေ အကုန်ပါတယ်။ NGO ၊ CSO တွေ အကုန်ပါတယ်။ အဲ့ဒီမှာရှိတဲ့ ရပ်မိရပ်ဖတွေပါတယ်။ အာဏာပိုင်တွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေပါတယ်။ အဖွဲ့အစည်း အားလုံးကို ဖိတ်တယ်။ ဆင်းရဲမှုနှုန်း၊ GDP တို့၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်တွေအပေါ် မူတည်ပြီးတော့ အုပ်စုတွေခွဲပါတယ်။ အုပ်စုတွေက နေအမှတ်ပေး ပြီး အများအားလုံးဆုံးဖြတ်တာကို ယူလိုက်တာဖြစ်ပါတယ်။ ရွေးချယ်ထားတဲ့မြို့နယ်အားလုံး အကုန်လုပ်တယ်။

ပထမနှစ်က ၂၀၁၄ ခုနှစ်၊ ဒုတိယနှစ်က ၂၀၁၅ ခုနှစ်၊ တတိယနှစ်က ၂၀၁၆ ခုနှစ် တစ်နှစ်တစ်ကြိမ်လုပ်ပါတယ်။ ကျေးရွာ၊ မြို့နယ်၊ တိုင်းဒေသကြီး၊ ရုံးချုပ်အဆင့်တွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေက လုပ်ငန်းအခက်အခဲတွေ တွေ့မယ်။ ဒီအချက်တွေကိုပြင်မယ်။ ကောင်းတာတွေကို ဘယ်လိုလုပ်မယ်။ ဒီအချက်တွေကို ဝိုင်းဆွေးနွေးပြီးတော့ လိုအပ်ချက်တွေကို ပြင်ပေးပါတယ်။ ဒီနှစ်မှာ ၁၆ မြို့နယ် တိုးချဲ့လုပ်ဖို့ရှိတယ်။ ဒီစီမံကိန်းတွေကို ရွေးချယ်တဲ့အခါမှာ လူထုကပဲရွေးချယ်၊ လူထုကပဲအကောင်အထည်ဖော် တာဝန်ယူရတဲ့ကိစ္စတွေဖြစ်တယ်။

ကျေးလက်နေပြည်သူတွေက အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းလုပ်တတ်လာတယ်။ ကော်မတီတွေ အားကောင်းလာတယ်။ ပေါင်းစပ်ညှိနှိုင်းတတ်တဲ့ အလေ့အထလေးတွေ ကောင်းလာတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ပွင့်လင်းမြင်သာမှုတွေပိုရှိလာတယ်။ ဒီမိုကရေစီစနစ်ကို ပိုထွန်းကားလာစေပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းတွေက အားလုံးဝိုင်းဝန်းကူညီပါလို့ ပြောချင်ပါတယ်။

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကုန်းတန်းကြီးကျေးရွာမှ ဦးကျော်ဝင်း

ကျွန်တော်တို့ ကုန်းတန်းကြီးကျေးရွာ တံတားနဲ့ လေသာကုန်းမှာ ကွန်ကရစ်လမ်း ပထမနှစ်စီမံကိန်းမှာ လုပ်ထားပေးပါတယ်။ ဒုတိယနှစ်စီမံကိန်းအတွက် ပြည်သူလူထုရဲ့ဆန္ဒကို သဘောထားခံယူရဦးမှာဖြစ်ပါတယ်။ ရည်မှန်းချက်ကတော့ ဘေးက နံရံထိန်းအဖြစ်လမ်းတွေကို ပြီးအောင်လုပ်မယ်။ ကျွန်တော်ကတော့ ကောင်းအောင်လုပ်ပါတယ်။ ဆုရရှိအောင်လုပ်တာ မဟုတ်ပါဘူး။ လုပ်ရင်းလုပ်ရင်းနှင့် အမှတ်ပေးအဖွဲ့က ပေးတဲ့အမှတ်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာပီတိဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သိန်းပေါင်း ၄၀၀ ကျော်ရတယ်။ ကျေးရွာက ကောက်ခံတာမဟုတ်ဘဲ အတိုးမရှိ ပြန်ပေးဖို့မလိုတဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။ ကျေးရွာမှာကောက်ဖို့၊ ခွဲဖို့လုပ်ရမယ့် ခေတ်မဟုတ်တော့ ကျေးရွာရဲ့ဖွံ့ဖြိုးတဲ့လုပ်ငန်းတွေကို လုပ်ရတဲ့အတွက် လူထုဗဟိုပြုစီမံကိန်းကို ကျေးဇူးတင်ပါတယ်။

Mr. Sean Bradley
Work Bank Group, Lead Social Development Specialist

ကမ္ဘာ့ဘဏ်နဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့တွဲပြီးတော့ ဆောင်ရွက်နေပါတယ်။ ဒီလိုပူးပေါင်းပြီးတော့ ဆောင်ရွက်ခဲ့တာ ၂၀၁၂ ခုနှစ်က ဖြစ်ပါတယ်။ လူမှုဗဟိုပြုစီမံကိန်းက ကမ္ဘာ့ဘဏ်ရဲ့ ပထမဦးဆုံး မြန်မာနိုင်ငံမှာစခဲ့တဲ့ Project ဖြစ်ပါတယ်။ လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့လက်ရှိ ၄၇ မြို့နယ်မှာ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်တွေမှာ သက်ဆိုင်သူတွေ အားလုံးပါဝင်ပြီးတော့ မြေပြင်ကနေပြီးတော့ အထက်ကို တစ်ဆင့်ပြီးတစ်ဆင့် ဒီစီမံချက်နဲ့ပတ်သက်ပြီးတော့ အကြံပြုချက်တွေကို အဆင့်ဆင့်ဆွေးနွေးပြီးတော့မှ ဒီပွဲကနောက်ဆုံးဖြစ်ပါတယ်။ ပြည်သူလူထုတွေ၊ ကျေးလက်လူထုတွေ အားလုံးပေါင်းပြီးတော့ ပူးပေါင်းဆောင်ရွက်တဲ့စီမံချက် တစ်ခုဖြစ်ပါတယ်။

ဦးလှခိုင်
လူထုဗဟိုပြုစီမံကိန်း၏ စီမံကိန်းမန်နေဂျာ

စီမံကိန်းရဲ့အရေးအကြီးဆုံးက သွင်းအားစုဖြစ်ပါတယ်။ လက်ရှိလုပ်နေတာနဲ့ ယခုကျင်းပတဲ့ပွဲကရတာနဲ့ နှစ်ခုပေါင်းပြီးတော့ နောက်တစ်နှစ်မှာ ပြန်လုပ်ရမှာဖြစ်ပါတယ်။ ဒီအတွက် ဒီပွဲတွေကို လုပ်ရခြင်းဖြစ်ပါတယ်။

ပထမနှစ်က သုံးမြို့နယ်ပဲရှိပါတယ်။ ရွာလူထုကို အခြေခံအဆောက်အအုံလုပ်ဖို့အတွက် ကျေးရွာအုပ်စုတစ်စုကို ငွေကျပ်သိန်း ၁၈၀ ၊ သိန်း ၂၄၀ ၊ သိန်း ၃၀၀ ပေးတာနည်းတယ်။ လုံလောက်မှု မရှိဘူး။ ကမ္ဘာ့ဘဏ်နဲ့ အသေးစိတ်ပြန်ညှိတယ်။ ငွေက ဘယ်လောက်ရှိတယ်။ ကျေးရွာအုပ်စုပေါင်းက ဘယ်လောက်ရှိတယ်။ လောက်မလား မလောက်ဘူးလား သုံးနှစ်လုပ်မှာလား လေးနှစ်လုပ်မှာလား သုံးနှစ်ကလည်း မလုံလောက်တဲ့အတွက် အဲ့ဒီနှစ်မှာ ပြောင်းသွားခဲ့တယ်။ ငွေကျပ်သိန်း ၂၀၀၊ သိန်း ၄၀၀၊ သိန်း ၆၀၀ ၊ သိန်း ၁၂၀၀ ဆိုပြီး ဘဏ်ကိုလည်း လေးခုခွဲလိုက်တယ်။ အုပ်စု လေးစုခွဲလိုက်တယ်။ စီမံကိန်းကိုလည်း သုံးနှစ်အစား လေးနှစ်ပြောင်းလိုက်တယ်။ ကံကောင်းစွာနဲ့စီမံကိန်းက ရန်ပုံငွေ ထပ်ရလာတယ်။ ချေးငွေ အမေရိကန် သန်း ၄၀၀ ထပ်ရတယ်။ ပထမနှစ်မှာ စီမံကိန်းမြို့နယ်ကိုလည်း တိုးချဲ့လာတယ်။ နှစ်ကိုလည်း တိုးချဲ့လာတယ်။ ရန်ပုံငွေကိုလည်း တိုးချဲ့လာတယ်။

ဒုတိယနှစ်မှ ကျေးရွာစီမံကိန်းရေးဆွဲတဲ့ ကိစ္စတွေက မခိုင်မာဘူး။ မလုံလောက်တဲ့အတွက် ယခုထက်ပိုပြီး ပြည့်စုံအောင်ရေးဆွဲမယ်။ ဒုတိယနှစ်ရဲ့ဆွေးနွေးချက်တွေထဲမှာ ကျေးရွာမှာ စီမံကိန်းရေးဆွဲတာတွေ ကျေးရွာတွေကို စီမံကိန်းရေးဆွဲတဲ့ စနစ်အသေးစိတ်တွေ ထွက်လာတယ်။ တတိယနှစ်ရဲ့ဆွေးနွေးချက်တွေထဲမှာ ကျေးရွာစီမံကိန်းကရှိနေပြီးသား အခြားစီမံကိန်းတွေက ဆွဲသွားတယ်။ ရန်ပုံငွေက ကျေးရွာအုပ်စုတစ်စုတည်းမှာ ရွာ ၄၀ - ၅၀ ဖြစ်လာ ရင် မလောက်တော့ဘူး။ ပြန်ပြင်သင့်တယ်။ ကျေးရွာအုပ်စုတွေလို့ လူဦးရေ ၁၃၀၀၀ ကျော်တယ်။ ကျေးရွာအုပ်စုထဲမှာ ရွာက ၄၀ ကျော်တယ်ဆိုရင် ငွေကျပ် သန်း ၂၀၀ ထိပေးတယ်။ ကျေးရွာအုပ်စုတစ်စုထဲမှာ ရွာက ၄၀ အောက်ဆိုရင် သန်း ၁၅၀ သတ်မှတ်တယ်။

ကျေးရွာအုပ်စုထဲမှာ ပူးပေါင်းပါဝင်မှု၊ ပွင့်လင်းမြင်သာမှု၊ ပြည်သူလူထုထည့်ဝင်မှု၊ အခြေခံအဆောက်အအုံရဲ့ အရည်အသွေး၊ အခြေခံအဆောက်အအုံမှာက ရွာသားတွေရဲ့ ကိုယ်တိုင်အကောင်အထည့်ဖော်မှု၊ ရွာသားတွေရဲ့ ကိုယ်တိုင်ကြီးကြပ်မှု အချက်တွေကိုအခြေခံပြီး အမှတ်တွေပေးပါတယ်။ စီမံကိန်းအကောင်အထည်ဖော်နေတဲ့ ဒေသမှာရှိတဲ့ ပြည်သူလူထုတွေရဲ့အသံကို စီမံကိန်းရဲ့ နည်းစဉ်တွေမှာ ထည့်သွင်းလို့ အဆင်ပြေပါတယ်။ မြို့နယ်တွေမှာလည်း လုပ်တယ်။ ဒီပွဲရဲ့ရလဒ်ကတော့ စီမံကိန်းရဲ့အသက်ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှုက အရေးကြီးပါတယ်။ ။

မွှေးကြူဇင်
ဓာတ်ပုံ-ထိန်နန်နော်

နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင် ၁၀၀၀)တွင် လုံခြုံရေးဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်မည်

နေပြည်တော် စက်တင်ဘာ ၂၂

နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) သည် နေပြည်တော်ဝန်းကျင်ဒေသများရှိ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိသည့်အလျောက် လာရောက်ဆေးကုသသည့်လူနာများ များပြားလာသည်။ ယခုအခါ ဆေးရုံကြီး၏ လုံခြုံရေးနှင့် လာရောက်ပြသသည့်လူနာများ စိတ်ချမ်းမြေ့သာယာစွာ ဆေးကုသမှုခံယူနိုင်ရေးအတွက် လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင် ၁၀၀၀) သို့ လာရောက်သည့် မော်တော်ယာဉ်များနှင့် လူများအား ဆေးရုံဂိတ်အဝင်၌ ပညာပေးကာလ စစ်ဆေးဆောင်ရွက်နေသည်ကို တွေ့ရစဉ်

ယနေ့ မွန်းလွဲ ၂ နာရီက အဆိုပါဆေးရုံကြီးရှိ အုပ်ချုပ်ဆောင်အစည်းအဝေးခန်းမ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း အသိပေးရှင်းလင်းပွဲကိုကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက ယင်းသို့ပြောကြားခဲ့သည်။

ဆေးရုံကြီး လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက “ဆေးရုံမှာ လူနာတွေရဲ့ပစ္စည်းတွေပျောက်တာတွေရှိတယ်။ ဆိုင်ကယ်တွေလည်း ပျောက်တယ်။ လူနာတွေရဲ့ပစ္စည်းတွေတင်မကဘူး ဆေးရုံကြီးမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေရဲ့ပစ္စည်းတွေပါ ပျောက်ခဲ့တာတွေရှိပါတယ်။ တချို့ဆို ဆိုင်ကယ်စက်နှိုးနေတာကို တွေ့ပြီး ပြန်ရတာတွေရှိသလို မရခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ အဲဒါက ဆေးရုံကြီးအတွင်း လုံခြုံရေးအားနည်းလို့ ဖြစ်ရတဲ့အကြောင်းတွေပါပဲ။ နောက်ပြီး ဆေးရုံကြီးသာယာလှပဖို့ကလည်း အရေးကြီးပါတယ်။ ဒီနေရာမှာလည်း ဆေးရုံကိုလာတဲ့ ကားတွေ၊ ဆိုင်ကယ်တွေက သတ်မှတ်ပေးထားတဲ့ စတန်းတွေမှာ မရပ်ကြဘူး။ ဖြစ်သလို စည်းကမ်းမဲ့စွာ ရပ်နေကြတဲ့အတွက် အရေးပေါ်သွားလာရတဲ့ အခြေအနေမျိုးတွေမှာ အနှောင့်အယှက်ဖြစ်ပါတယ်။ ဆေးရုံကြီးအတွင်းကို ကယ်ရီသမားတွေကအစ အတားအဆီးမရှိ ဝင်၊ ထွက်သွားလာနေတာတွေ ရှိနေတဲ့အတွက် ဆိုင်ကယ်တွေပိတ်ပြီး မလိုလားအပ်တဲ့ကိစ္စရပ်တွေ ဖြစ်လာနိုင်တယ်။ နောက်ပြီး ဈေးသည်တွေကလည်း စည်းကမ်းမဲ့ ရောင်းချနေတာတွေရှိတယ်။ ဒါတွေက ကြာလာတဲ့အခါ ဆေးရုံကြီး သန့်ရှင်းသာယာလှပမှုကို ထိခိုက်လာနိုင်ပါတယ်။ ဒါကြောင့်မို့ ဆေးရုံကြီး ဝင်ပေါက်တွေမှာ လုံခြုံရေးတွေချမှတ်ပြီး စနစ်တကျစိစစ်ဆောင်ရွက်သွားတော့မှာ ဖြစ်ပါတယ်”ဟု ပြောသည်။

အဆိုပါ လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို တင်ဒါစနစ်ဖြင့် ခေါ်ယူခဲ့ပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီနှင့် နေပြည်တော် ရဲတပ်ဖွဲ့နှင့် ဆေးရုံကြီး အုပ်ချုပ်ရေးတာဝန်ရှိသူများ ပူးပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) တွင် ဂိတ်ပေါက်သုံးပေါက်ရှိပြီး အဆိုပါဂိတ်ပေါက်များမှ ဝင်၊ထွက်နေကြသည့် ပြည်သူများအနေဖြင့် ယခင်က အဟန့်အတားမရှိ ဝင်၊ထွက်ခဲ့ရသော်လည်း ယခုအခါ ဆေးရုံကြီးနှင့် ဆေးကုသမှုခံယူနေသည့် ပြည်သူများလုံခြုံရေးအတွက် ဝင်၊ထွက်ခွင့်ကတ်ပြားများပြုလုပ်ကာ ဆောင်ရွက်တော့မည်ဖြစ်သည်။ သို့ပါ၍ ဆေးရုံလာရောက်သည့် ပြည်သူများအနေဖြင့် ယာဉ်မောင်းလိုင်စင် သို့မဟုတ် မှတ်ပုံတင်ကတ်ပြားများကို ဂိတ်တွင်ထားရှိကာ ဝင်၊ထွက်ခွင့် ကတ်ပြားရယူပြီး သွားလာရတော့မည်ဖြစ်ကြောင်း သိရသည်။

“ဆေးရုံကြီးအတွင်း ဝင်ရောက်သွားလာမှုတွေ များပြားလာတဲ့အခါ ဆေးရုံကြီးမှာ အရင်ခန့်ထားတဲ့ဝန်ထမ်းအင်အားနဲ့ လုံခြုံရေးကို ဆောင်ရွက်ပေးပေမယ့်လည်း နိုင်နင်းအောင် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါကြောင့် လုံခြုံရေးကို အားကောင်းအောင် ဆောင်ရွက်ဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကိုတင်ပြပြီး ညွှန်ကြားမှုခံယူခဲ့ပါတယ်။ ဌာနကလည်း လုံခြုံရေးဝန်ထမ်းငှားရမ်းဖို့ ရန်ပုံငွေတစ်ရပ်ကို ချပေးခဲ့ပါတယ်။ လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းအတွက် R.J PRO- SERVICES (MYANMAR) Co.,Ltd. က တင်ဒါအောင်မြင်ပြီး လုံခြုံရေးအတွက် ဆောင်ရွက်မှာဖြစ်ပါတယ်။ ဆေးရုံကြီးအနေနဲ့ ဒီကို လာရောက်ကုသတဲ့ပြည်သူတွေကို နိုင်ငံတော်အစိုးရက ထောက်ပံ့ထားတဲ့ငွေနဲ့ ဆေးနဲ့ဆေးပစ္စည်းတွေကို အကုန်နီးပါး အခမဲ့ရရှိအောင် ဆောင်ရွက်ပေးနေပါတယ်။ နောက်ပြီး လုံခြုံရေး အားနည်းတဲ့အတွက်ကြောင့် မလိုလားအပ်တဲ့ ပြဿနာတွေ မဖြစ်ပေါ်အောင် အခုလို လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို တိုးမြှင့် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဒါကိုလည်း ပြည်သူအားလုံးက နားလည်သဘောပေါက်လက်ခံပြီး ပူးပေါင်းပါဝင်ကြပါလို့ ပြောချင်ပါတယ်”ဟု နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင် ၁၀၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာ သီတာလှက ပြောသည်။

အဆိုပါဆေးရုံကြီးအတွင်း ဂိတ်ပေါက်များတွင် ကားများ၊ ဆိုင်ကယ်များနှင့် လာရောက်ဆေးကုသကြသည့် ပြည်သူများအား လုံခြုံရေးဝန်ဆောင်မှုတွင် ပါဝင်ဆောင်ရွက်နိုင်ရန် စက်တင်ဘာ ၂၂ ရက်မှစ၍ အောက်တိုဘာလကုန်အထိ ပညာပေးကာလအဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးရုံကြီးတွင် လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ခြောက်လစာချုပ်ဖြင့် သဘောတူထားပြီး ဆေးရုံကြီးနှင့် လူနာတွေကို စိတ်ချမ်းမြေ့စေရန် လုံခြုံရေးဝန်ဆောင်မှုများကို အပြည့်အဝပေးသွားမည်ဖြစ်ပြီး လုံခြုံရေးကိစ္စများတွင် တစ်စုံတစ်ရာအကြောင်းကိစ္စများ ပေါ်ပေါက်လာပါက ဆေးရုံကြီးအုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများ၊ နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံးတို့နှင့် ပူးပေါင်းကာ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ဆေးရုံဝင်းကြီးက ကျယ်ဝန်းတဲ့အတွက် နေရာတိုင်းကို လုံခြုံရေးတွေအနေနဲ့ လိုက်မကြည့်နိုင်တာတွေ ရှိနိုင်တယ်။ ဒါကြောင့်မို့ ဆေးရုံကြီးရဲ့ဂိတ်တွေနဲ့ အဓိကကျတဲ့နေရာတွေမှာ လုံခြုံရေးကင်မရာတွေ တပ်ဆင်ထားမယ်ဆိုရင် မသင်္ကာစရာ တစ်စုံတစ်ခုဖြစ်လာခဲ့ရင် ကင်မရာကိုပြန်ကြည့်ပြီး ဆောင်ရွက်လို့ရနိုင်တယ်။ လူအင်အားလည်းသုံးမယ်၊ အထက်ပါနေရာတွေမှာ လုံခြုံရေးကင်မရာတွေကို တပ်ဆင်ထားမယ်ဆိုရင် ဆေးရုံရဲ့လုံခြုံရေးဟာ ပိုပြီးတော့ ကောင်းမွန်လာမယ်လို့မြင်ပါတယ်”ဟု လုံခြုံရေးနှင့်ပတ်သက်၍ အတွေ့အကြုံရှိသူတစ်ဦးက အကြံပြုသည်။

အဆိုပါ ဆေးရုံကြီး လုံခြုံမှုပိုပြီးစိတ်ချရစေရန်အတွက် လုံခြုံရေးကင်မရာများ တပ်ဆင်ထားနိုင်ရန်အတွက် ဒုတိယဆေးရုံအုပ်ကြီးအား မေးမြန်းကြည့်ရာ ဂိတ်များနှင့် အဓိကနေရာများတွင် လုံခြုံရေးကင်မရာများ တပ်ဆင်ဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း ပြောကြားသည်။

ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မေမိုးသဲ

မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲမှ ရင်ခုန်သံများ

တွေ့ဆုံမေးမြန်း - ဇော်ကြီး၊ မြတ်စန္ဒီ၊ ဓာတ်ပုံ - ရဲထွဋ်(သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့်ပြုလုပ်သည့် မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ (ဗိုလ်လုပွဲစဉ်များ) ကို စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပခဲ့သည်။

အဆိုပါ အငြိမ့်ပြိုင်ပွဲ (ဗိုလ်လုပွဲစဉ်များ)တွင် အငြိမ့်အဖွဲ့ရှစ်ဖွဲ့ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး နောက်ဆုံးနေ့ပွဲစဉ်များ အပြီးတွင် ဆုများကိုပေးအပ်ချီးမြှင့်ရာ ပထမဆုကို “ဇွဲ”အငြိမ့်အဖွဲ့ကလည်းကောင်း၊ ဒုတိယဆုကို “ခေတ်သစ်ကြေးမုံ”အငြိမ့်အဖွဲ့က လည်းကောင်း၊ တတိယဆုကို “ရွှေညာမြေရဲ့ကြယ်ပွင့်များ”အငြိမ့်အဖွဲ့က လည်းကောင်း အသီးသီးရရှိခဲ့သည့်အပြင် အကောင်းဆုံးမင်းသမီးဆုကို “ရွှေညာမြေရဲ့ကြယ်ပွင့်များ” အငြိမ့်အဖွဲ့မှ မင်းသမီး ငြိမ်းချမ်းခိုင်က လည်းကောင်း၊ အကောင်းဆုံးဆိုင်းအဖွဲ့ဆုကို “ခေတ်သစ်ကြေးမုံ”အငြိမ့်အဖွဲ့မှ “ရန်ကုန်ဓူဝံမင်္ဂလာဆိုင်းအဖွဲ့”က လည်းကောင်း၊ တေးသီချင်းဆုကို “မော်ဒယ်ဟား” အငြိမ့်အဖွဲ့မှ (တေးရေးသူရ-မန္တလေး)၏ “ကြိုဆိုပါသည် ဒီမိုကရေစီသီချင်း” ဖြင့်

ပထမဆုရ “ဇွဲ”အငြိမ့်အဖွဲ့

ဦးသုရ

လူရွှင်တော် လူမော်

ဦးအောင်ဝမ်းတူး

လည်းကောင်း၊ မျိုးဆက်သစ်ဆုကို “ဇွဲ” အငြိမ့်အဖွဲ့က လည်းကောင်း၊ ပရိသတ်အကြိုက်ဆုံးဆုကို “ဇွဲ”အငြိမ့်အဖွဲ့က လည်းကောင်း ရရှိခဲ့သည်။

ပြိုင်ပွဲနှင့် ပတ်သက်၍ ပြိုင်ပွဲစိစဉ်သူ၊ ဆုရရှိသူတို့၏ ဝမ်းသာပီတိစကားသံများကို မြန်မာ့သတင်းစဉ်က ကောက်နုတ်ဖော်ပြလိုက်ပါသည်။

ဦးသုရ (ပြိုင်ပွဲစိစဉ်သူ)

ပြိုင်ပွဲမှာ အဓိကကတော့ စည်းကမ်းချက်တွေ အလွန်တင်းကျပ်မထားပါဘူး။ အဖွဲ့တိုင်း အဖွဲ့တိုင်းဟာ ဒီမိုကရေစီကို ဖော်ကျူးစေတဲ့ ပြက်လုံးတစ်ခွေ၊ သီချင်းတစ်ပုဒ်တော့ ပါရတယ်။ မပါရင်တော့ အမှတ်မရဘူးပေါ့။ ကျန်တာကတော့ လွတ်လွတ်လပ်လပ် ဖန်တီးလို့ရတယ်။ ညစ်ညမ်းတဲ့ပြက်လုံးတွေတော့ မပါဝင်ရဘူး။ တိုင်းရင်းသားတွေကို နှိမ့်ချဆက်ဆံတဲ့၊ ဘာသာရေးနဲ့ သက်ဆိုင်တဲ့ ပြက်လုံးတွေ မပါဝင်ရဘူး။ ကျန်တာကတော့ အပြုသဘောဆောင်တဲ့ ထောက်ပြမှုမျိုးတွေကို လွတ်လွတ်လပ်လပ်နဲ့ ခွင့်ပြုပေးထားပါတယ်။

လူရွှင်တော်စိမ်းလန်း
(ပထမဆုရ “ဇွဲ”အငြိမ့်အဖွဲ့)

ဒီအဖွဲ့မှာ လူရွှင်တော် ကျွန်တော်စိမ်းလန်းရယ်၊ အာလူး၊ ဒိုပေါက်၊ ဇောက်ထိုး၊ မင်းသမီးကတော့ ဇွဲရတီဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ရဲ့“ဇွဲ”ဆိုတဲ့နာမည်ကတော့ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း တစ်ချိန်တုန်းက အငြိမ့်ကခဲ့ဖူးပါတယ်။ အဲ့ဒီအဖွဲ့ရဲ့နာမည်ကတော့ “ဇွဲ”ပါ။ ဒီအတိတ်နိမိတ်ကိုယူပြီး ကျွန်တော်တို့အဖွဲ့လည်း နာမည်ပေးခဲ့တာပါ။ ကျွန်တော်တို့အဖွဲ့အနေနဲ့ကတော့ ပဏာမအဆင့် ပြိုင်ပွဲမှာကတည်းက အချိန်ယူပြီး ခက်ခက်ခဲခဲကြိုးစားခဲ့ရပါတယ်။ ကျွန်တော်တို့ရဲ့ဆရာ သီးလေးသီးအဖွဲ့က ကိုပန်းသီးကလည်း သူ့အိမ်မှာ အားလုံးစီစဉ်ပေးပြီး သင်ကြားပေးခဲ့တာကြောင့် အခက်အခဲများစွာထဲက ပထမအဆင့်ကို ကျော်ဖြတ်လာနိုင်ခဲ့ပါတယ်။ ဗိုလ်လုပွဲမှာလည်း ဝီရိယထားပြီး ကြိုးစားယှဉ်ပြိုင်ခဲ့လို့ ကျွန်တော်တို့ မျှော်လင့်ထားတဲ့ပန်းတိုင်ကို ရရှိခဲ့တာပါ။ ဆက်လက်ပြီးတော့လည်း ဒီထက်ကြိုးစားသွားမှာပါ။ ဒီပြိုင်ပွဲဟာခေါင်းစဉ်ကိုကတည်းက မြန်မာ့ဒီမိုကရေစီဖြစ်တဲ့ အတွက်ကြောင့် မြန်မာ့ဒီမိုကရေစီရဲ့ Messages လေးတွေလည်း ပါတယ်။ ကျွန်တော်တို့က လူရွှင်တော်ဖြစ်တဲ့ အတွက်ကြောင့် ဟာသလေးတွေနဲ့ရောနှောပြီး တင်ဆက်ခဲ့တဲ့အတွက် ပရိသတ်အကြိုက်ဆုံးဆု၊ အကောင်းဆုံးဆုနဲ့ လူရွှင်တော်အဖွဲ့လိုက်ဆုတွေကို ရရှိခဲ့ပါတယ်။ ဒါဟာလည်း ကျွန်တော်တို့ရဲ့ကြိုးစားမှုနဲ့ ဆရာသမားတွေရဲ့ကျေးဇူးကြောင့် အခုလိုမျိုး အောင်မြင်မှုရရှိခဲ့တာပါ။ ကျွန်တော်တို့အနေနဲ့ရှေ့ဆက်ပြီး အကောင်းဆုံး ပြက်လုံးတွေနဲ့ တင်ဆက်သွားမယ်။ ပရိသတ်ကြီးအနေနဲ့လည်း အားပေးပါလို့ ပြောပါရစေ။

လူရွှင်တော်လူမော် (ဒုတိယဆုရ “ခေတ်သစ်ကြေးမုံ”အငြိမ့်အဖွဲ့)

ဒီဆုကိုရမယ်လို့ ထင်မထားခဲ့ပါဘူး၊ မှန်းလည်းမထားခဲ့ပါဘူး၊ ပရိသတ်အပေါ်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ပါတယ်၊ ကျွန်တော်တို့အဖွဲ့က အမျိုးတွေချည်းပဲ ၊ တူဝရီးတွေ ညီအစ်ကိုတွေနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်၊ ဒီအထဲမှာ ကျွန်တော်တို့အဖွဲ့ကို ပံ့ပိုးတီးခတ်ပေးတဲ့ ကိုဓူဝံကပါ ထပ်ရတယ်ဆိုတော့ ပိုပြီးတော့ ပျော်ပါတယ်၊ ပြက်လုံးပိုင်းနဲ့ ဂလက်ဆီစတားအဖွဲ့က ဦးပေါ်ဦးက စီစဉ်ပေးတယ်၊ ဆရာ ဦးရှော၊ မြဝတီ ချစ်စမ်းမောင်၊ ကိုချစ်လူလူတို့ကလည်း လာပြီးသင်ပြတယ်၊ ကျွန်တော်တို့အတတ်နိုင်ဆုံးကြိုးစားခဲ့ပါတယ်၊ ဆုရရှိခဲ့တဲ့အတွက်လည်း အင်မတန်မှ ဝမ်းသာမိပါတယ်။

စီစဉ်သူ ဦးအောင်ဝမ်းတူး(တတိယဆုရ “ရွှေညာမြေရဲ့ကြယ်ပွင့်လေးများ” အငြိမ့်အဖွဲ့)

ပြက်လုံးပိုင်းနဲ့ ပတ်သက်ပြီးတော့ အချိန်တော်တော်ပေးရတယ်၊ တော်တော်လည်း ကြိုးစားခဲ့ရတယ်၊ လူရွှင်တော်ပိုင်းရော၊ မင်းသမီး ကကြိုးကဟန်၊ နောက်ပြီး သီဆိုတဲ့ သီချင်းကအစ ကျွန်တော်ပဲ တာဝန်ယူရေးပါတယ်၊ လူရွှင်တော်ကဏ္ဍကိုတော့ ကိုပေါ်ဦးက ကြီးကြပ်ပေးပါတယ်၊ နောက်ပိုင်းတွေမှာလည်း ပြည်သူတွေအတွက် အဖွဲ့ကအားလုံး ကြိုးစားသွားမှာပါ၊ ဒီပွဲကြီးဖြစ်မြောက်တဲ့အတွက် တော်တော်ဝမ်းသာမိပါတယ်၊ နောင်ကိုလည်း ဒီလိုပွဲမျိုးတွေ နှစ်တိုင်းဖြစ်ပါစေလို့ ဆုတောင်းပါတယ်။

စာမျက်နှာ ၉ သို့

စက်တင်ဘာ ၂၂ ရက်က ရန်ကုန်မြို့ရှိ Melia Hotel ၌ ကျင်းပသော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညစ်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်အား မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျ သံအမတ်ကြီး H.E.Mr. Sahal Moustafa AHMED ERGESOUS က ကြိုဆိုနှုတ်ဆက်စဉ် (သတင်းစဉ်)

အောင်လံမြို့နယ် အောင်ပရဟိတ ကွန်ရက်အဖွဲ့နှင့် စေတနာရှင်များက နေရပ်စွန့်ခွာပြည်သူများအတွက် အလှူငွေနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ လှူဒါန်း

စစ်တွေ စက်တင်ဘာ ၂၂

အောင်လံမြို့နယ် အောင်ပရဟိတကွန်ရက်အဖွဲ့၏ ဩဝါဒါစရိယ ဝိသုဒ္ဓါရုံ သာသနာပြုစာသင်တိုက် ဆရာတော်ကြီးနှင့် အဖွဲ့သားများ၊ စေတနာရှင်အလှူရှင်များက မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင် မြို့နယ်များမှ နေရပ်စွန့်ခွာပြည်သူများအတွက် အလှူငွေနှင့် အိမ်အသုံးအဆောင်ပစ္စည်းများကို ယနေ့နံနက် ၇ နာရီတွင် ကျောက်တော်မြို့ ယာယီကယ်ဆယ်ရေးစခန်းများ၌ သွားရောက်လှူဒါန်းကြသည်။

ထိုသို့လှူဒါန်းရာတွင် ကျောက်တော်မြို့ရှိ မဟာကံကြီးသျှင်ဘုရား ယာယီကယ်ဆယ်ရေးစခန်းရှိ လူဦးရေ ၄၁၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၂၃၀၀၀၀၊ ဆန် ၁၂၅ အိတ်၊ ဆီနှစ် ပုံး၊ ကျောင်းသုံးဗလာစာအုပ်များ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် အဝတ်အထည်များကို ပေးအပ်လှူဒါန်းကြသည်။ မွန်းလွဲပိုင်းတွင် မြို့နယ်သာသနာ့ဗိမာန် ယာယီကယ်ဆယ်ရေးစခန်းရှိ လူဦးရေ ၁၉၈ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ငွေကျပ် ၅၉၄၀၀၀၊ ဆန် ၆၅ အိတ်၊ ဆီ နှစ်ပုံး၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်များနှင့် ဆေးပစ္စည်းမျိုးစုံ တစ်အိတ်တို့ကို ပေးအပ်လှူဒါန်းခဲ့သည့်အပြင် မွေးမိခင် လေးဦးအတွက် တစ်ဦးလျှင် ငွေ ကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၀၀၀၀၀ လှူဒါန်းခဲ့ကြသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

စာမျက်နှာ ၈ မှ

အကောင်းဆုံးမင်းသမီးဆု ငြိမ်းချမ်းခိုင် (ရွှေညာမြေရဲ့ကြယ်ပွင့်လေးများ အငြိမ့်အဖွဲ့)

အခုလိုဆုရရှိတဲ့အတွက် ဝမ်းသာပါတယ်၊ ပံ့ပိုးပေးတဲ့ဆရာတွေကို ကျေးဇူးအများကြီးတင်ပါတယ်၊ လေးလေး ဦးအောင်ဝမ်းတူး၊ ဆရာဦးပေါ်ဦး၊ ယဉ်ကျေးမှုက ဆရာဦးအောင်အောင်တို့ရဲ့ ပံ့ပိုးမှုအားက အလွန်ကိုကောင်းတဲ့အတွက် ဒီဆုကိုရရှိခဲ့တာပါ၊ ပြင်ဆင်မှုအပိုင်းမှာက လေးလေး ဦးအောင်ဝမ်းတူးက သူများနဲ့မတူအောင် လမ်းကြောင်းကို ဖောက်ထွက်ပေးတယ်၊ ပရိသတ် ပိုသတိထားမိသွားတာပေါ့၊ ဒီမိုကရေစီအကြောင်းကိုလည်း တကယ်နားလည်တဲ့ ဆရာတွေကို သေသေချာချာမေးပြီးမှ ပြိုင်ပွဲမှာ အမှားအယွင်းမရှိအောင် တင်ဆက်ကပြခဲ့တာပါ၊ ပါပါ ဦးဇာဂနာတို့က အငြိမ့်တွေဆက်ကရမယ်လို့ ပြောတယ်၊ ခိုင်းလာတဲ့ဘယ်လို အနုပညာအလုပ်မျိုးမဆို တာဝန်ကျေပွန်အောင် လုပ်ဆောင်သွားမှာပါ။ ။

ကျောဖုံးမှ

စက်တင်ဘာ ၂၅ ရက်တွင် အောင်ဆန်းကွင်း၌ GFA အသင်းနှင့် လက်ရှိချန်ပီယံ ရတနာပုံအသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် Southern အသင်း၊ ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ပွဲစဉ် (၁၈) အပြီးတွင် ရှမ်းယူနိုက်တက်အသင်း က ၄၄ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၄၂ မှတ်ဖြင့် ဒုတိယ၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ၃၈ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်နေသည်။ နေပြည်တော်အသင်းသည် လစာပြဿနာကြောင့် ပြိုင်ပွဲမှ ထုတ်ပယ်ခံထားရရာ ယခုတစ်ပတ်ကစားရမည့် ရခိုင်အသင်းသည် ပွဲမကစားရဘဲ သုံးဂိုးနှင့် သုံးမှတ်ဖြင့် အနိုင်ရမည်ဖြစ်သည်။

နှစ်မှတ်အကွာဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေသည့် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့၏ တွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှု ပြင်းထန်နိုင်ပြီး လက်ကျန်ပွဲ အနေအထားအရ ရှမ်းယူနိုက်တက်အသင်းအနေဖြင့် မဖြစ်မနေ အနိုင်ကစားရန် လိုအပ်နေသည်။ ရန်ကုန်အသင်းသည် ရှမ်းနှင့်ပွဲပြီးပါက သုံးပွဲသာ ကစားရန်ကျန်တော့ပြီး ပြိုင်ပွဲမှထုတ်ခံထားရသည့် နေပြည်တော်နှင့်ပွဲပါဝင်နေရာ သုံးမှတ်နှင့် သုံးဂိုးက အလိုအလျောက်ရမည်ဖြစ်၍ နှစ်ပွဲကိုသာ အားကုန်ထုတ်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ရန်ကုန်နှင့်ပွဲပြီးပါက ရတနာပုံနှင့် အဝေးကွင်း၊ မကွေး၊ ဟံသာဝတီတို့နှင့် အိမ်ကွင်းပွဲများကစားရန် ကျန်ရှိနေပြီး ရန်ကုန်နှင့်ပွဲကို အနိုင်ရထားမှသာ လက်ကျန်ပွဲများတွင် အခြေအနေကောင်းနိုင်မည်ဖြစ်သည်။ ရန်ကုန်အသင်းနှင့် အရေးပါသည့်ပွဲကို ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ် ဦးစိုးမြတ်မင်း ကြီးကြပ်နိုင်မည် မဟုတ်ဘဲ ဂျပန်နိုင်ငံ၌ နည်းပြသင်တန်းတက်ရောက်နေသောကြောင့် လွဲချော်မည်ဖြစ်သည်။ လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းနှင့် ခြောက်မှတ်ကွာဟသွားပြီဖြစ်သော်လည်း ရှမ်းနှင့် ရန်ကုန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုကို အခွင့်ကောင်းယူနိုင်ပါက အမှတ်ကွာဟမှု ပြန်လည်ကျဉ်းမြောင်းနိုင်မည်ဖြစ်သည်။

NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်တပ်မတော်အကြား မြေပြင်နှစ်ဖက်တပ်မှူးများယုံကြည်မှုတည်ဆောက်ရန်၊ စစ်ရေးတင်းမာမှုများဖြေလျှော့နိုင်ရန်နှင့် နားလည်မှုရှိစေရန်အတွက် မကြာခဏတွေ့ဆုံသွားရန် JMC-U အစည်းအဝေးတွင်ဆုံးဖြတ်

ရန်ကုန် စက်တင်ဘာ ၂၂

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တပ်မတော်အကြား မြေပြင်နှစ်ဖက်တပ်မှူးများ ယုံကြည်မှု တည်ဆောက်ရန်၊ စစ်ရေးတင်းမာမှုများ ဖြေလျှော့နိုင်ရန်နှင့် နားလည်မှုရှိစေရန်အတွက် မကြာခဏတွေ့ဆုံသွားရန် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-U ၏ (၁၂) ကြိမ်မြောက် အစည်းအဝေးတွင်ဆုံးဖြတ်ခဲ့ကြောင်း JMC-U အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရဲက ပြောကြားသည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ၏ (၁၂)ကြိမ်မြောက် အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၉ နာရီခွဲကရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရန်ကုန်ရုံး၌ ဆက်လက်ကျင်းပခဲ့သည်။

စက်တင်ဘာ ၂၀ ရက်မှ ၂၂ရက်အထိ သုံးရက်ကြာပြုလုပ်သည့် အစည်းအဝေးတွင် ဒေသန္တရအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L) ကို ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ် နှစ်နေရာတွင် ဖွဲ့စည်းပြီးဖြစ်၍ အရပ်သားပိုမိုပါဝင်နိုင်ရန် အင်အားတိုးချဲ့ခြင်းကိစ္စများ၊ ဒေသခံအရပ်သားစောင့်ကြည့်သူများ (Local Civilian Monitors) ကိုဆက်လက်ဖွဲ့စည်းရေး၊ ထိတွေ့မှုများရှောင်ရှားနိုင်ရန်အတွက် အောက်ခြေမြေပြင်ရှိ နှစ်ဖက်တပ်မှူးများ ယုံကြည်မှုနှင့် ရင်းနှီးမှုများရရှိရန်အတွက် ပုံမှန်တွေ့ဆုံနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကျင်းပရန် ဆွေးနွေးခြင်း၊ တိုင်းဒေသကြီး / ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) နှင့် ဒေသန္တရအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L)တို့တွင် ပါဝင်မည့် အရပ်သားများအတွက် လိုအပ်သည့် အရည်အချင်းမြှင့်တင်မှုများ ပြုလုပ်ရန်၊ JMC-U အတွက် အရေးကြီးသည့် အတည်ပြုပြီးဖြစ်သော လုပ်ထုံးလုပ်နည်း (SoP)နှင့် လုပ်ငန်းလမ်းညွှန်(ToR) အတွက် ပြန်လည်သုံးသပ်ရန် မူဝါဒတောင်းခံခြင်းနှင့် မိုင်းပျဉ်းမြို့နယ်ရှိ ပြည်သူ့စစ်အဖွဲ့ ခေါင်းဆောင် ဦးမြင့်အောင် အသတ်ခံရခြင်းအတွက် စိစစ်အတည်ပြုရေးအဖွဲ့မှ တွေ့ရှိချက်တင်ပြခြင်းတို့ကိုဆွေးနွေးခဲ့ကြောင်း သိရသည်။

ယနေ့ဆွေးနွေးပွဲအပြီးတွင် JMC-U အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရဲနှင့် JMC-U အတွင်းရေးမှူး(၂)ဗိုလ်မှူးကြီးဝဏ္ဏအောင်တို့က ပြည်တွင်းပြည်ပ သတင်းမီဒီယာများအား JMC-U သုံးရက်တာအစည်းအဝေးနှင့်ပတ်သက်၍ ရှင်းပြခဲ့ပြီး သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းခဲ့သည်။ **(အောက်ပုံ)**

JMC-U အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရဲက "အခုက JMC-L ကို ဖွဲ့စည်းထားတဲ့အတွက်ကြောင့် အဲ့ဒါနဲ့ တစ်ဆက်တည်း အရပ်သားစောင့်ကြည့်သူများလည်းဖွဲ့စည်းဖို့အတွက် ဘယ်လိုပုံစံတွေနဲ့ ဆောင်ရွက်ကြမလဲ၊ ဘယ်နေရာကနေစပြီး အကောင်အထည်ဖော်ကြမလဲ ဆိုတဲ့ကိစ္စတွေ ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ နောက် အင်အားတိုးချဲ့တဲ့ နေရာမှာ အရပ်သားပါဝင်မှုပိုပြီးများလာအောင် ကရင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မှာဆိုရင် အရပ်သားပါဝင်မှုကို လေးဦးစီ ထပ်မံပါဝင်ဖို့ဆိုပြီး ဆုံးဖြတ်ခဲ့ပါတယ်။ နောက် လုပ်ငန်းလမ်းညွှန် ToRနဲ့ လုပ်ထုံးလုပ်နည်း SoPတွေ လုပ်ခဲ့တာ နှစ်နှစ်ရှိပြီ။ လုပ်ဆောင်တဲ့ နေရာမှာ ပိုပြီးထိရောက်နိုင်ဖို့အတွက် Review လုပ်မယ့် ပြန်လည်ဆန်းစစ်မယ့် အဖွဲ့ကိုဖွဲ့စည်းဖို့ (၁၃) ကြိမ်မြောက် အစည်းအဝေးမှာ တင်ပြဖို့ဆုံးဖြတ်ထားပါတယ်"ဟု သုံးရက်တာအစည်း အဝေးနှင့် ပတ်သက်၍ပြောသည်။

မြေပြင်နှစ်ဖက်တပ်မှူးများ ယုံကြည်မှုတည်ဆောက်ရန်၊ စစ်ရေးတင်းမာမှုများ ဖြေလျှော့နိုင်ရန်နှင့် နားလည်မှုရှိစေရန်အတွက် တွေ့ဆုံမှုများ ပြုလုပ်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။

မြေပြင်နှစ်ဖက်တပ်မှူးများတွေ့ဆုံနိုင်ရန်အတွက် "ကျွန်တော်တို့ ငြိမ်းချမ်းရေးတည်ဆောက်တဲ့ကာလမှာ နှစ်ဖက်အဖွဲ့အစည်းကြားထဲမှာ နားလည်မှုပြီးတော့ ယုံကြည်ချက်၊ ယုံကြည်မှုမြှင့်တင်နိုင်ဖို့ သိပ်ပြီး အရေးကြီးပါတယ်။ အထူးသဖြင့် လက်နက်ကိုင်အဖွဲ့အစည်း နှစ်ခုကြားထဲမှာ JMC ကော်မတီဝင်ထဲမှာရှိတဲ့ ကော်မတီဝင်အချင်းချင်းကတော့ နှစ်လတစ်ခါ တစ်လတစ်ခါ ကြားထဲမှာအကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ကော်မတီထဲမှာမပါတဲ့ တပ်မှူးတွေရှိကြပါတယ်။ နှစ်ဖက်တပ်မှူးတွေ တွေ့ဆုံနိုင်မှုကိုလုပ်ဖို့ဆိုပြီး ကျွန်တော်တို့ ချမှတ်ခဲ့ပါတယ်"ဟု ဒေါက်တာရွှေခါးရဲကပြောသည်။

ထိတွေ့မှုများရှောင်ရှားနိုင်အောင်နှင့် တပ်နေရာချထားရေးကိစ္စများကို နိုင်ငံခြားသားပညာရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲတွေ စတင်လုပ်ဆောင်လျက်ရှိပြီး အဆိုပါအကြောင်းအရာများအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တပ်မတော်နှင့် နှစ်ဖက်ပြန်လည်ဆွေးနွေးမည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှသိရသည်။

JMC-U အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်က ရှမ်းပြည်နယ်၊ မိုင်းပျဉ်းတွင် ပြည်သူ့စစ်ခေါင်းဆောင် ဦးမြင့်အောင် အသတ်ခံရသည်နှင့် ပတ်သက်၍ "JMC-S (ရှမ်း)စိစစ်အတည်ပြုရေးအဖွဲ့က သွားရောက်စစ်ဆေးပါတယ်။ စိစစ်အတည်ပြုရေးမှာ JMC လုပ်ထုံးလုပ်နည်းအတိုင်း အရပ်သားကိုယ်စားလှယ်ကို ခေါင်းဆောင်အဖြစ်ထားပြီးစိစစ်အတည်ပြုရေးအဖွဲ့ လေးဦးနဲ့ ဖွဲ့စည်းစေလွှတ်ပါတယ်။ သက်သေက JMC-S စိစစ်အတည်ပြုရေးကိုထွက်ဆိုချက်အရတော့ ဦးမြင့်အောင် အသတ်ခံရတာဟာ RCSS က စိုင်းတင့်ဆိုတဲ့ အဖွဲ့ဝင်သတ်တာဖြစ်ပါတယ်လို့ စိစစ်အတည်ပြုရေးကတင်ပြပါတယ်။ ဒီနေ့ ဆွေးနွေးတဲ့ အခါမှာတော့ စိုင်းတင့်ဟာ RCSS မှာ မရှိပါဘူးလို့ RCSS က ပြန်ပြီးတော့ ဆွေးနွေးပါတယ်။ ဒါကြောင့် စိုင်းတင့်နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ အမှုဖွင့်ပြီး ဆက်လက်အရေးယူသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းများထိရောက်အောင်မြင်ရေးအတွက် JMC၏ ဆောင်ရွက်မှုများကို ပြန်လည်ဆန်းစစ်မည့် အဖွဲ့ကို (၁၃) ကြိမ်မြောက်အစည်းအဝေးတွင် ဆွေးနွေးတင်ပြရန် သဘောတူဆုံးဖြတ်ထားကြောင်း ဒေါက်တာရွှေခါးရဲက ပြောကြားသည်။

JMC-U ၏ ပထမနှစ်သက်တမ်း မတ် ၃၁ ရက်အထိ JMC-L ကို ၁၀ခု အထိဖွဲ့စည်းရန် ရည်ရွယ်ထားပြီး (၁၃) ကြိမ်မြောက် အစည်းအဝေးတွင် JMC-L ကို မည့်သည့်နေရာများ၌ ဆက်လက်ဖွဲ့စည်းမည်ကို ဆုံးဖြတ်ထားကြောင်း သိရသည်။

ယနေ့အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင် အစိုးရကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အရပ်သားကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်

မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

နေပြည်တော် စက်တင်ဘာ ၂၂ - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်လှုပ်ရှားမှုဆောင်ရွက်

နမ့်ခမ်း စက်တင်ဘာ ၂၂

အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ (International Peace Day) ကို ဂုဏ်ပြုသောအားဖြင့် နမ့်ခမ်းမြို့ Save The Children နှင့် ကျေးရွာများရှိ တိုင်းရင်းသားလူငယ်များစုပေါင်း၍ စက်တင်ဘာ ၂၁ ရက်က စည်ပင်သာယာဈေး၊ မြို့မဈေးတိုက်တန်း၊ ညဈေးတန်းနှင့် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် အမှိုက်ကောက်ခြင်း၊ မီးပွိုင့်တွင် ဖြတ်သန်း သွားလာကြသော ယာဉ်များကို ငြိမ်းချမ်းရေးအမှတ်တံဆိပ်ပါစတေကာ (ကပ်ခွာ) များ ဝေငှခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် နမ့်တီးကျေးရွာ ဘောလုံးကွင်း၌ တိုင်းရင်းသားလူငယ်များပါဝင်သော ညွှန့်ပေါင်းအသင်းနှင့် နမ့်တီးကျေးရွာလူငယ်ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

ဉာဏ်မင်း (နမ့်ခမ်း)

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ယာယီရဲမှူးချုပ်မျိုးမင်းထိုက်၊ ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြမှူးချုပ်နှင့် ဌာနမှူး၊ ဌာနခွဲမှူးများ ဦးစီး၍ သန္ဓေတပ်ဖွဲ့ဝင် (အရာရှိ / အခြားအဆင့်) စာရေးဝန်ထမ်းများက စက်တင်ဘာ ၁၇ ရက်က ဇီးပင်ကြီးကျေးရွာရှိ ခုတင် ၅၀ ဆံ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်

တင်မောင် (မန်းကိုယ်ပွား)

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအသိပညာပေး

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက် အမက (၁၂) နှင့် တောင်လုံးပြန်ရပ်ကွက် အမက (၁၁) တို့တွင် စက်တင်ဘာ ၁၉ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မေတ္တာရိပ် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့က ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မေတ္တာရိပ်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်သောင်းက CRC အကြောင်း သိကောင်းစရာနှင့် ကလေးသူငယ်များ၏ အခွင့်အရေးလေးရပ်၊ ကျောင်းသား ကျောင်းသူများမှ ဆရာမိဘများ၏ သွန်သင်ဆုံးမမှုအပေါ် လေးစားလိုက်နာကြရန်၊ စာပေပညာကို ဦးစားပေးသင်ယူကြရန်နှင့် မိဘများအပိုင်းမှလည်း မိမိတို့၏ ရင်သွေးများအား ပြုစုစောင့်ရှောက်ကာကွယ်ပေးရမည့် နည်းလမ်းများကိုရှင်းပြပြီး အဖွဲ့အတွင်းရေးမှူး ဒေါ်ကြည်က ကလေးငယ်များ၏ သက်တမ်းအလိုက် စိတ်ခံစားမှုအဆင့်ဆင့်ပြောင်းလဲ တိုးတက်လာမှုအပေါ် မိဘများက ကြည့်ရှုစောင့်ရှောက်ပေးရမည့် နည်းလမ်းများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)

လားရှိုးခရိုင်ရဲတပ်ဖွဲ့ဝင်မိသားစုများ၏ တတိယအကြိမ်ဝါတွင်းကာလဆွမ်းလောင်းလှူ

လားရှိုး စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ တတိယအကြိမ်ဝါတွင်းကာလဆွမ်းလောင်းလှူပွဲကို စက်တင်ဘာလ ၁၉ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် အောင်အောင်က ပြည်သူများနှင့်အတူ ပါဝင်ဆွမ်းလောင်းလှူခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွမ်းလောင်းလှူပွဲသို့ လားရှိုးမြို့ရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များ၊ မြို့ပေါ်ရှိ ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များက ပါဝင်လောင်းလှူခဲ့ကြောင်း သိရသည်။

မမ (လားရှိုး)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ၊ သာယာလှပ စိမ်းမြမြ။

မြန်မာနိုင်ငံတွင် ပထမဆုံး contactless ကတ် အသုံးပြုမှုစတင်

ရန်ကုန် စက်တင်ဘာ ၂၂

ကမ္ဘာနှင့်အဝန်း အီလက်ထရွန်နစ်ငွေကြေးစနစ်ကို နည်းလမ်းမျိုးစုံဖြင့် ပြောင်းလဲအသုံးပြုမှု များပြားလာလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း အီလက်ထရွန်နစ်ငွေကြေးစီးကြောင်းအတွင်း အမီလိုက်နိုင်ရေး ကြိုးပမ်းမှုတစ်ရပ်အဖြစ် contactless ကတ်ကို စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ကမ္ဘာ့ငွေကြေးစနစ်ပြောင်းလဲမှုမှာ လိုက်ပါနိုင်ဖို့ ကျွန်တော်တို့ ပြည်တွင်းဘဏ်တွေက စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်လျက်ရှိပါတယ်။ ဒီနေ့မှာတော့ အီလက်ထရွန်နစ် ငွေကြေးစနစ်တစ်ခုဖြစ်တဲ့ contactless ကို စတင်အသုံးပြုနိုင်ပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်း merchant အရေအတွက် ၅၀၀၀ ကျော်ရှိတဲ့အနက် စူပါမားကတ်တွေ၊ ဈေးဝယ်စင်တာတွေ၊ စတိုးဆိုင်တွေ၊ ဓာတ်ဆီဆိုင်တွေမှာ တစ်နှစ်အတွင်း အသုံးပြုနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု သမဝါယမဘဏ် ဒုတိယဥက္ကဋ္ဌ ဦးကျော်လင်းက စက်တင်ဘာ ၂၁ ရက်တွင် သာကေတ Capital ၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။

Visa နှင့် Mastercard တို့ ပူးပေါင်းပါဝင်သော contactless စနစ်ဖြင့် ငွေပေးချေမှုစတင်မိတ်ဆက်ခြင်း အခမ်းအနားမှ မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများ ခေတ်နှင့်အညီသုံးစွဲတတ်လာစေရန်နှင့် မြန်မာနိုင်ငံတွင် အီလက်ထရွန်နစ်ငွေကြေးစနစ်ပြုပြင်ပြောင်းလဲသွားနိုင်ရေး ကြိုးပမ်းမှုတစ်ရပ်လည်း ဖြစ်ကြောင်း ၎င်းက ပြောသည်။

အဆိုပါ အီလက်ထရွန်နစ်ငွေကြေးစနစ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြည်တွင်းဘဏ်လုပ်ငန်းများ အီလက်ထရွန်နစ်ငွေကြေးစနစ် တိုးတက်ပြောင်းလဲရေးဆောင်ရွက်နေသည့် အစီအစဉ်တစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။

ယင်းကတ်သည် ကြိုတင်ငွေဖြည့်အသုံးပြုရသော ကတ်အမျိုးအစားဖြစ်ပြီး အသုံးပြုလိုသူများအနေဖြင့် ကတ်လျှောက်ထားကာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်း- မြင့်မောင်စိုး၊
ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း)

မန္တလေးမြို့၌ ပထမဦးဆုံးအကြိမ် ကလေးပန်းချီနှင့် ကာတွန်းမီးပုံးပြပွဲပြိုင်ပွဲကျင်းပမည်

မန္တလေး စက်တင်ဘာ ၂၂

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်အကွက် (၂၁၂)၊ ရွှေလောင်းညွန့်ရပ်ရှိ ဇာတိမာန်လူငယ်စာဖတ်အသင်းကကြီးမှူး၍ ဒေသခံကလေးငယ်များ ပန်းချီ၊ ကာတွန်းအနုပညာကို စိတ်ဝင်စားလာစေရန်နှင့် ရိုးရာပွဲတော်များကို ပါဝင်ဆင်နွှဲနိုင်စေရန် ရည်ရွယ်၍ ပထမဦးဆုံးအကြိမ် ကလေးပန်းချီနှင့် ကာတွန်းမီးပုံးပြပွဲနှင့် ပြိုင်ပွဲကို အောက်တိုဘာ ၅ ရက်တွင် မန္တလေးမြို့ ၂၆ လမ်းနှင့် ၈၂ လမ်းထောင့်အနီး၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အသင်းအနေနဲ့ နှစ်စဉ်နွေရာသီအခမဲ့ ပန်းချီသင်တန်းဆင်းပွဲ၊ အဘိဓမ္မာအခါတော်နေ့တွေနဲ့ ၂၀၁၅ ရွေးကောက်ပွဲမဲပေးနိုင်ရေး ပညာပေးမှုအစီအစဉ်နဲ့ ကလေးပန်းချီ မီးပုံးပြပွဲတွေ ကျင်းပခဲ့ပါတယ်။ အခုနှစ်မှာတော့ ငြိမ်းချမ်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူငယ်နဲ့အားကစား၊ အများအကျိုးဆောင်ရွက်ဖို့ ဝိုင်းဝန်းပါဝင်ကြစို့၊ မန္တလေးရှုခင်းအလှ၊ ၁၂ လရာသီပွဲတော်၊ စာအုပ်စာပေလူ့မိတ်ဆွေ၊ ရှောင်လေဝေးဝေး မူးယစ်ဆေးစတဲ့ အကြောင်းအရာတွေကို ရေးဆွဲပေးပို့ပြီး ပြိုင်ပွဲဝင်နိုင်ပါတယ်။ အလျား ၁၇ လက်မ၊ အနံ ၁၄ လက်မ၊ စက္ကူအဖြူတွင် တစ်လက်မပတ်လည်ချန်ပြီး ရေးဆွဲရမှာဖြစ်ပါတယ်။ ပါဝင်ယှဉ်ပြိုင်မယ့် ပန်းချီ၊ ကာတွန်းတွေကို ပညာရှင်ငါးဦးက ဆုတွေ ရွေးချယ်ပေးမယ့်အပြင် ပရိသတ်အကြိုက်ဆုလည်း ချီးမြှင့်မှာဖြစ်ပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပါဝင်ယှဉ်ပြိုင်လိုသော ကလေးများအနေဖြင့် ၂၉ လမ်းနှင့် ၈၄ လမ်းထောင့်ရှိ ထွန်းဦးစာပေသို့ အောက်တိုဘာ ၂ ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၉-၄၄၄၀၃၅၂၂၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

တင်မောင် (မန်းကိုယ်ပွား)

သီပေါ၌ ချိန်ဆန်ပွတ် (ခေါ်) သင်ပုတ်စင်များ ဝါကျွတ်ပွဲတော်အမီဈေးကွက်သို့ပို့ဆောင်

သီပေါ စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် လုံးကျွတ် (၁၂၂) ကြိမ်မြောက် ဝါကျွတ်ပွဲတော်ကို ၁၃၇၉ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်နေ့တို့တွင် တာဝတိံသာနတ်ပြည်မှ သင်္ကာသနဂိုရ်ပြည်တို့ သက်ဆင်းကြွမြန်းလာမည့် ဗုဒ္ဓရှင်တော်မြတ်ကို ဗုဒ္ဓနွယ်ဝင်တိုင်းရင်းသားပြည်သူများက ရှေးရိုးရာအစဉ်အလာမပျက် ချိန်ဆန်ပွတ် (ခေါ်) သင်ပုတ်စင်ဘုရားကျောင်းဆောင်တွင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ပန်းမန်တို့ဖြင့် ဦးခိုက်ကြိုဆိုပူဇော်ကြမည်ဖြစ်သည်။

ဒေသခံ တောင်သူလယ်သမားမိသားစုများသည် လယ်ယာလုပ်ငန်းခွင်နားချိန်တွင် အပိုဝင်ငွေလည်းရ၊ ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းသောအားဖြင့် ချိန်ဆန်ပွတ် (ခေါ်) ဘုရားကျောင်းဆောင်များကို လက်မှုပညာတစ်ရပ်အနေဖြင့် ဆောင်ရွက်ကြပြီး မိမိတို့မြို့နယ်အတွင်းသာမက အခြားသောမြို့နယ်များသို့လည်း သင်ပုတ်စင်တစ်ခုလျှင် လက်ကား ငွေကျပ်ငါးရာဖြင့် ရောင်းဝယ်ဖောက်ကားကြပြီး ကုသိုလ်လည်းရ၊ ဝမ်းလည်းဝသည့် လုပ်ငန်းရပ်ဖြစ်ကြောင်း သိရသည်။

စိုင်း (သီပေါ)

နိုင်ငံတကာ ထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးခြင်းဆိုင်ရာ ကုန်သွယ်ရေးပြပွဲကြီး စည်ကားစွာကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံ၏ အကြီးဆုံးပြပွဲကြီးတစ်ခုအဖြစ် နိုင်ငံတကာ ထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးခြင်းဆိုင်ရာ ကုန်သွယ်ရေးပြပွဲကြီး (ProPak Myanmar 2017) ကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MEP ခန်းမ၌ စက်တင်ဘာ ၂၁ ရက်က ကျင်းပရာ လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ပြပွဲကြီးကို စက်မှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောအောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှ စီးပွားရေးသံမှူးနှင့် မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဥက္ကဋ္ဌနှင့် ProPak Myanmar မှ တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြပွဲကြီးတွင် လာရောက်လေ့လာသူများအတွက် မြန်မာနိုင်ငံ အစားအစာ၊ သိပ္ပံနှင့်နည်းပညာအသင်း (FoSTAM) မှ စီစဉ်သော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ နောက်ဆုံးပေါ် ဖွံ့ဖြိုးမှုများ၊ သုတေသနဆိုင်ရာ နည်းလမ်းနှင့်နည်းပညာစနစ်များ၊ အစားအစာသိပ္ပံနှင့် နည်းပညာနယ်ပယ်အတွက် ဆန်းသစ်တီထွင်မှုများကို ပြည်တွင်း ပြည်ပ စီးပွားရေးနယ်ပယ်မှ အောင်မြင်နေသော ပညာရှင်များ၊ လုပ်ငန်းရှင်များက ဟောပြောဆွေးနွေးကြကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ကလေးမြို့နယ်အတွင်းပျက်စီးသွားသော ဆည်ကြီးတံတား၊ နတ်တံခါးတံတား၊ အောင်မြင်သာတံတားများ အမြန်ပြန်လည်ပြင်ဆင်နေ

ကလေး စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း ပျက်စီးသွားသော ဆည်ကြီးတံတား၊ နတ်တံခါးတံတား၊ အောင်မြင်သာတံတားများကို အမြန်ဆုံးပြန်လည်ပြင်ဆင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့သည် စက်တင်ဘာ ၂၂ ရက် ညနေပိုင်းက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ထို့အပြင် ကလေး-တမူးလမ်းပေါ်ရှိ ခမ်းပတ်ကနန်ကူးတံတားချဉ်းကပ်လမ်း ပျက်စီးနေမှုအခြေအနေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စက်တင်ဘာ ၂၂ ရက်က ကွင်းဆင်းကြည့်ရှုကာ ဘေလီတံတား အမြန်ဆုံးချိတ်ဆက်နိုင်ရေး ဦးစားပေးလုပ်ဆောင်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

စက်တင်ဘာ၂၂ ရက် နေ့လယ်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလေးမြို့နယ် ကျီကုန်းရေဘေးကယ်ဆယ်ရေးစခန်းသို့သွားရောက်ပြီး ရေဘေးကယ်ဆယ်ရေးပစ္စည်းများ ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းမှစတင်ကာ ကလေးလွင်ပြင်နှင့် မြစ်သာမြစ်တစ်လျှောက် ရေလွှမ်းမိုးမှု ဖြစ်ပေါ်ရာဒေသသို့သွားရောက်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဒေသခံများ၏တင်ပြတောင်းဆိုသော ကူညီထောက်ပံ့ရေး အစီအစဉ်များကို ဆောင်ရွက်နေခြင်းဖြစ်သည်။ ကလေးလွင်ပြင်ရေလွှမ်းမိုးမှုဖြစ်ရာတွင် သွားလာရန် ပိတ်ဆို့နေသော ကလေးကွန်ပျူတာ တက္ကသိုလ်သို့ ဝန်ကြီးချုပ်နှင့်အဖွဲ့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းမိသားစုများကိုတွေ့ဆုံကာ လိုအပ်သောအကူအညီများကို ဖြည့်ဆည်းလုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံတို့ပါဝင်သော တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ကလေးမြို့သို့ စက်တင်ဘာ ၂၁ ရက် နေ့လယ်ပိုင်းကရောက်ရှိရာ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလာထောင်ထန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန့်ဝေကျော်၊ ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်ဒေသခံများက ကလေးလေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြပြီး ရေလွှမ်းမိုးမှုအခြေအနေနှင့် သဘာဝဘေး ကယ်ဆယ်ကူညီ ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ကလေးမြို့ ရေဘေးကူညီရေးစခန်းများသို့ ဝန်ကြီးချုပ်နှင့်အဖွဲ့သွားရောက်တွေ့ဆုံကာ လိုအပ်သောအကူအညီများကို အမြန်ဆုံးပေးအပ်သွားမည်ဖြစ်ပြီး ပျက်စီးမှုစာရင်းကောက်ယူရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သံတိုင်ထွန်း

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်လမ်း ၁၀ မိုင်တွင် လူနေအိမ်လေးလုံး ပျက်စီး

ရေတာရှည် စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်း ၁၀ မိုင် ဖိုးကျားဆင်စခန်းအနီးဝန်းကျင်တွင် စက်တင်ဘာ ၈ ရက် ည ၈ နာရီခန့်က မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် လူနေအိမ်များအမိုးလန်ခြင်းနှင့် ကျွန်းပင်ကြီးများလဲကျ၍ လူနေအိမ်နှစ်လုံးပေါ်ပိမိကာ ပျက်စီးခဲ့ရကြောင်း သိရသည်။

ယနေ့ နံနက်က ဖိုးကျားဆင်စခန်းဝန်းကျင်ရှိ လူနေအိမ်များအားသွားရောက်ကြည့်ရှုရာ ကျွန်းပင်ကြီးများပိမိသည့် နေအိမ်၊ စျေးဆိုင်အပျက်အစီးများအား ဒေသခံများကိုယ်တိုင် ရှင်းလင်းဆောင်ရွက်နေသည် မြင်တွေ့ခဲ့ပြီး ညပိုင်း မိုးရွာလေပြင်းတိုက်ခတ်ချိန်တွင် နေအိမ်မှ ထွက်ပြေးခဲ့ကြ၍သာ လူထိခိုက်မှုမရှိခဲ့ကြောင်း ဒေသခံ ဒေါ်ဌေးကြည်က ပြောသည်။

"မိုးတွေတအားရွာပြီး လေတွေတိုက်လာတော့ ဒီနားမှာရှိတဲ့ အိမ်သားတွေဘေးလွတ်ရာကို ထွက်ပြေးကုန်လို့ လွတ်တာပါ။ ကျွန်မအိမ် အပါအဝင် အနားကအိမ်ကော ထရံတွေကွာကျပြီး အမိုးတွေလန်ကုန်တာ၊ ဘယ်ရောက်ကုန်မှန်းတောင် မသိတော့ဘူး။ သိုင်းချောင်းထဲကျသွားတယ် ထင်တယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ဖိုးကျားဆင်စခန်းအဝင် သိုင်းချောင်းမြောက်ဘက်ခြမ်း ကုန်းပေါ်တွင် ပေါက်နေသည့် လုံးပတ်ခြောက်ပေခန့်၊ အမြင့် ပေ ၄၀ ကျော်ခန့်ရှိ ကျွန်းပင်ကြီးနှစ်ပင်အမြစ်လန်လဲကျခဲ့ရာ ရိုးမဖြတ်ကျော်ကားလမ်း အနောက်ဘက်ရှိ နေအိမ်စျေးဆိုင်ငယ်တစ်လုံးနှင့် သုံးပင်လေးပင် သွပ်မိုးအိမ်တစ်လုံးပေါ် သစ်ကိုင်းများ ပိမိသွားခဲ့ခြင်းဖြစ်သည်။

"ကျွန်မတို့ ညပိုင်းက နေစရာမရှိတော့ဘူးလေ၊ အခုမနက်ကျမှ သစ်ကိုင်းတွေခုတ်ပြီး ပိမိတဲ့ဆိုင်ထဲက ပစ္စည်းလေးတွေသိမ်းတော့ ဒန်အိုးဒန်ခွက်တွေကော ပန်းကန်တွေ၊ ဘက်ထရီအိုး၊ ဆိုလာပြားတွေ အကုန်ပျက်စီးကုန်တယ်"ဟု ဒေသခံ အမျိုးသမီးတစ်ဦးက ပြောသည်။

ကိုလွင်(ဆွာ)

ဈေးကွက်အတွင်း မှတ်ပုံတင်ထားခြင်းမရှိသော မြေဩဇာ ၆၇ မျိုး အရည်အသွေး စံချိန်စံညွှန်းကိုက်ညီမှုမရှိကြောင်း သိရ

နေပြည်တော် စက်တင်ဘာ ၂၂

တောင်သူများ ပင်ပန်းကြီးစွာ ကြိုးပမ်းအားထုတ်မှု၏ အသီးအပွင့်များဖြစ်သော သီးနှံများ အောင်မြင်ဖြစ်ထွန်းရေး၊ သွင်းအားစုစရိတ်များ လေလွင့်ဆုံးရှုံးမှုမရှိစေရေးတို့အတွက် ထိရောက်အကျိုးရှိပြီး စစ်မှန်သော အရည်အသွေးပြည့်ဝသည့် ဓာတ်မြေဩဇာများသုံးစွဲနိုင်ရေးကို ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် လုပ်ငန်းရှင်များအပါအဝင် သက်ဆိုင်သူအားလုံးတို့က ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ယနေ့ မွန်းလွဲ ၂ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၂၁)ကြိမ်မြောက် မြေဩဇာကော်မတီ အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်က ပြောကြားသည်။

အရည်အသွေး၊ စံချိန်စံညွှန်းမပြည့်မီသော မြေဩဇာနှင့် အတုအပများ ကင်းရှင်းရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက မြေဩဇာလုပ်ငန်း စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီး ဈေးကွက်အတွင်း မြေဩဇာနမူနာရယူ၍ မြေအသုံးချရေး ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်း၊ ရောင်းချနေသာ မြေဩဇာများသည် မှတ်ပုံတင်ထားခြင်းရှိ ၊ မရှိနှင့် အလေးချိန်မှန်ကန်မှု ရှိ ၊ မရှိ တို့ကို ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများဖြင့် စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး ဈေးကွက်အတွင်း မှတ်ပုံတင်ထားခြင်းမရှိသော မြေဩဇာ ၆၇ မျိုးကို အရည်အသွေးစံချိန်စံညွှန်းအာမခံချက်မရှိကြောင်း၊ သုံးစွဲရန်မသင့်ကြောင်း နိုင်ငံပိုင်သတင်းစာများမှ ကြေညာပေးလျက်ရှိသည်။

ထို့အပြင် ရန်ကုန်ဆိပ်ကမ်းမှ ဝင်ရောက်လာသော ဓာတ်မြေဩဇာများကို အကောက်ခွန်ဦးစီးဌာနနှင့် ပူးပေါင်း၍ စစ်ဆေးကြပ်မတ်ဆောင်ရွက်နေသကဲ့သို့ နယ်စပ်ဒေသများ၏ ဝင်ပေါက်အမျိုးမျိုးမှ ဝင်ရောက်လျက်ရှိသော မြေဩဇာများကိုလည်း နမူနာများရယူပြီး ဓာတ်ခွဲစစ်ဆေးကာ မြေဩဇာအရည်အသွေးကို အတည်ပြုထောက်ခံချက်ထုတ်ပေးရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းဦး (လေးမျက်နှာ)

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လယ်ဝေးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ညွှန့် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင် ၅၀ တို့သည် လယ်ဝေးမြို့ ခုတင်(၁၀၀)ဆေးရုံအုပ်ကြီး ဒေါက်တာနန်းရှုပဟန်နှင့် ဆေးရုံဝန်ထမ်းများနှင့်အတူ စက်တင်ဘာလ တတိယပတ်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်

ကိုကိုရှုပ

ကလေးဒေသ ရေဘေးရှောင်စခန်းများသို့ ဆန်ရိက္ခာဖိုးငွေများလိုက်လံပေးအပ်

ကလေး စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဒေသမြေအနိမ့်ပိုင်းတွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခြင်းကြောင့် ရေဘေးရှောင်ပြည်သူများနှင့် အိမ်မွေးတိရစ္ဆာန်များအား ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့၏ စနစ်တကျဦးဆောင်စီမံခန့်ခွဲမှုဖြင့် ကယ်ဆယ်ရေးဇုန်ငါးဇုန်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာနေပြည်သူများ၏ ဝိုင်းဝန်းကူညီမှုတို့ဖြင့် ကယ်ဆယ်ရေးစခန်းအသီးသီးတို့တွင် ပြောင်းရွှေ့နေရာချထားပေးခဲ့ရာ ကယ်ဆယ်ရေးစခန်းများတွင် ယာယီနေထိုင်ကြသည့် ရေဘေးရှောင်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရေဘေးရှောင်ပြည်သူတစ်ဦးလျှင် ခုနစ်ရက်စာဆန်ရိက္ခာဖိုးငွေကျပ် ၂၁၀၀ နှုန်းစီဖြင့် ပေးအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆန်ရိက္ခာဖိုးငွေများပေးအပ်ခြင်းကို စက်တင်ဘာ ၂၀ ရက်မှစတင်၍ လိုက်လံပေးအပ်ခဲ့ရာ စက်တင်ဘာ ၂၂ ရက်ကလည်း မြို့ပေါ်တွင် ကျန်ရှိနေသေးသည့် ကယ်ဆယ်ရေးစခန်းတစ်နေရာနှင့် လူဦးရေထပ်မံတိုးလာသည့် ကယ်ဆယ်ရေးစခန်းငါးနေရာသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွဋ်ဦးက သွားရောက်အားပေးစကားပြောကြားကာ ဆန်ရိက္ခာဖိုးငွေများ ပေးအပ်ခဲ့သည်။

ကလေးမြို့နယ်အတွင်း ရေဘေးရှောင်ပြည်သူအိမ်ထောင်စု ၂၂၄၁ စုမှ လူဦးရေ ၁၀၁၉၈ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၂၁၄၁၅၈၀၀ ကို ထောက်ပံ့ပေးခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးကလည်း အိမ်ထောင်စုတစ်စုလျှင် ကြက်ဥငါးလုံးနှင့် ခေါက်ဆွဲခြောက်ငါးထုပ်စီ ထောက်ပံ့ပေးခဲ့သည့်အပြင် လူမှုရေးအသင်းအဖွဲ့နှင့် ဘာသာရေးအသင်းအဖွဲ့များမှ စေတနာရှင်၊ အလှူရှင်များကလည်း ထမင်းထုပ်များ၊ သောက်ရေသန့်ဘူးများ၊အချိုရည်ဘူးများစသည့် ထောက်ပံ့လှူဒါန်းမှုများ တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ကလေးဒေသတွင် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းမှစတင်၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းသည့်အပြင် ချင်းပြည်နယ်၌လည်း မိုးရက်ဆက်ရွာသွန်းမှုကြောင့် ချောင်းရေမြောင်းရေများကြီး၍ မြစ်သာမြစ်ရေသည် စက်တင်ဘာ ၂၀ ရက်တွင် စိုးရိမ်ရေမှတ်ထက် ကျော်လွန်ရောက်ရှိပြီး ယင်းနေ့နံနက်ပိုင်းမှစ၍ ကလေးမြို့နယ် အနိမ့်ပိုင်းမြို့ပေါ်အချို့နှင့် ကျေးရွာအချို့တို့တွင် မြစ်ရေများစတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းမှစ၍ မြစ်ရေလျော့နည်းကျဆင်းခဲ့ပြီဖြစ်ကြောင်း သိရသည်။

ချင်းတွင်းသား

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကံမမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးပိုင်နှင့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၂ ရက်က ကံမမြို့ ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းကြစဉ်

ကျော်ဇေယျဝင်း(ကံမ)

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ (၅၃)နှစ်မြောက် ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့ နံနက်ပိုင်းက ပင်းတယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်အောင် ဦးစီးသည့် တပ်ဖွဲ့ဝင် ၂၉ ဦးတို့သည် ရှမ်းပြည်နယ် ပင်းတယမြို့ ပုန်းတလုတ်ရေကန်တွင်လည်းကောင်း၊ အလားတူ ဖားဆောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းအောင် ဦးစီးသည့် တပ်ဖွဲ့ဝင် ၄၀ တို့က ဖားဆောင်းမြို့ တောင်ပေါ်တပ်ဦး ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌လည်းကောင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

ကိုရဲ

ကြိမ်ချောင်းကျေးရွာနှင့် ကလာဘာရွာတို့၌ မီးလောင်မှုများဖြစ်ပွား၊ မိချောင်းဈေးကျေးရွာသားများ ဗလီတက်စဉ် အကြမ်းဖက်သမားများထောင်ထားသည့် မိုင်းပေါက်ကွဲ

နေပြည်တော် စက်တင်ဘာ ၂၂

မောင်တောမြို့နယ် နယ်မြေ (၄) ကြိမ်ချောင်းတောင်ရွာတွင် ယခင်က မီးလောင်မှုဖြစ်ပွားခဲ့ပြီး ကျန်ရှိသည့် နေအိမ်အလုံး ၂၀ သည် စက်တင်ဘာ ၂၁ ရက် ညနေပိုင်းက ထပ်မံမီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မည်သည့်အတွက်ကြောင့် မီးလောင်သည်ကို စုံစမ်းလျက်ရှိကြောင်းနှင့် ကြိမ်ချောင်းနယ်မြေရဲစခန်းတွင် အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

အလားတူ ညပိုင်းတွင် မောင်တောမြို့ရွာသစ်ကေရပ်ကွက် ကလာဘာရွာ၌ ယခင်မီးလောင်ပြင်ဟောင်းတွင် ကျန်ရှိနေသော လူနေထိုင်ခြင်းမရှိသည့် ခနိမိုး၊ ထရံကာ နေအိမ်တစ်လုံး မီးလောင်ခဲ့သဖြင့် တန်ဖိုးငွေကျပ် ၃၀၀၀၀ ဆုံးရှုံးခဲ့ကြောင်းနှင့် တရားခံဖမ်းဆီးရမိရေး မောင်တောမြို့မစခန်းတွင် အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် နယ်မြေ (၁၀) မိချောင်းဈေးကျေးရွာ ဗလီကြီးခြံဝင်းအတွင်း၌ ယနေ့ (သောကြာနေ့) နံနက်ပိုင်းတွင် အစ္စလာမ်ဘာသာဝင်များ ဗလီတက်ချိန် ထိတ်လန့်ကြောက်ရွံ့မှု ဖြစ်စေရန်ရည်ရွယ်၍ ဗလီခြံဝင်းအတွင်း၌ အစွန်းရောက်အကြမ်းဖက်သမားများ ထောင်ထားခဲ့သည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့သည်။

လက်လုပ်မိုင်းပေါက်ကွဲသည့် ဗလီခြံဝင်းအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဗလီ၏အရှေ့ဘက် ပေ ၃၀ ခန့်အကွာ အုန်းပင်အခြေ၌ လက်လုပ်မိုင်း ပေါက်ကွဲမှုကြောင့် အကျယ် လေးပေ၊ အနက် နှစ်ပေခန့်ရှိ မြေကျင်းတစ်ခု တွေ့ရှိခဲ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဗလီခြံဝင်းအတွင်း ဆက်လက်ရှာဖွေခဲ့ရာ ပထမပေါက်ကွဲခဲ့သည့် လက်လုပ်မိုင်းနေရာနှင့် ၁၀ ပေခန့်အကွာတွင် ဖိုခုံလောက်ဆိုင်ထောင်ထားသည့် အရှည် ရှစ်လက်မ၊ အချင်း ခြောက်လက်မခန့်ရှိ ကားပင်စတင်နှင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံးအား ထပ်မံတွေ့ရှိ၍ သက်မဲ့ ပြုလုပ်ခဲ့ပြီး ဆက်စပ်ပစ္စည်းများဖြစ်သည့် ခါတ်ခဲနှင့်တွဲလျက် ကတ်တစ်ခု၊ နှစ်ပင်လိမ်ဝိုင်ယာကြိုးအရှည်ပေ ၂၀ ခန့်(ဝဲပုံ)အား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကားအရောင်းအဝယ်စာချုပ်အတုပြုလုပ်ကာ လိမ်လည်ရောင်းချသူအား အမှုဖွင့်

မကွေး စက်တင်ဘာ ၂၂

မကွေးမြို့နေ အမျိုးသားတစ်ဦးက ၎င်း၏ကားအား အရောင်းအဝယ်စာချုပ်အတုပြုလုပ်ကာ လိမ်လည်ရောင်းချသွားသည်ဆိုကာ ရန်ကုန်မြို့နေ အမျိုးသားတစ်ဦးအား စက်တင်ဘာ ၂၁ ရက်က အမှုဖွင့်ခဲ့ကြောင်း မကွေးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ လွန်ခဲ့သော ၂၀၁၄ ခုနှစ်အတွင်းက မကွေးမြို့ ရွာသစ်ပွဲကြိုရပ်ကွက်နေ ဦးသံချောင်း(၆၃နှစ်)ထံသို့ ၎င်းနှင့် ခင်မင်ရင်းနှီးကြသူများ ဖြစ်သော ဦးကျော်ဇော (၅၅နှစ်)၊ ဆောက်လုပ်ရေး (လမ်း/တံတား)၊ ဘုရင့်နောင်ရိပ်သာ (၃)လမ်း၊(က+ခ) ရပ်ကွက် အင်းစိန်မြို့နယ် ရန်ကုန်မြို့နေသူနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်အေးအေးကြူ(၅၅နှစ်)တို့ ရောက်ရှိလာပြီး ဦးသံချောင်းပိုင်ဆိုင်သော ငွေကျပ်သိန်း ၄၀၀ တန်ဖိုးရှိသည့် ၉ဂ/---SURF ကားကို တစ်လလျှင် ငွေကျပ် ၄၅၀၀၀၀ ဖြင့် ငှားရမ်းလိုကြောင်း ပြောသဖြင့် သဘောတူစာချုပ်ချုပ်ဆိုခြင်း မပြုဘဲ ယာဉ်နှင့် ယာဉ်လိုင်စင်တို့အား ဦးကျော်ဇောထံ ပေးအပ်ခဲ့ပြီး ၂၀၁၆ခုနှစ် ဇွန်လတွင် ဦးကျော်ဇောက ကားအား သက်တမ်းတိုးပေးမည်ဟု ပြောဆိုသဖြင့် ဦးသံချောင်းထံမှ ယာဉ်မှတ်ပုံတင်စာအုပ်နှင့် အာမခံစာအုပ်တို့အား သက်သေ ဦးတင်ဝင်းနှင့် ဦးသိန်းဇော်တို့ရှေ့၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကားငှားရမ်းခအား တစ်ကြိမ်မှ လာရောက်ပေးအပ်ခဲ့ခြင်း မရှိခဲ့သဖြင့် ၂၀၁၇ ခုနှစ် မေလတွင် ဦးသံချောင်းက ဦးကျော်ဇောထံသို့ သွားရောက်ခဲ့ပြီး ကားအား ပြန်လည်ပေးရန် ပြောရာတွင် ဦးကျော်ဇောက အရောင်းအဝယ်စာချုပ် အတုပြုလုပ်၍ ဦးသံချောင်း၏ လက်မှတ်အား အတုထိုးကာ ရောင်းချလိုက်ပြီးဖြစ်ကြောင်း ပြောဆိုသဖြင့် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ခွင့်ပြုချက်မရရှိဘဲ ကားအရောင်းအဝယ်စာချုပ်အတုပြုလုပ်ကာ လိမ်လည်ရောင်းချသူ ဦးကျော်ဇောအား အရေးယူပေးရန် စက်တင်ဘာ ၂၁ ရက်က ဦးသံချောင်းက တရားလိုပြုလုပ်တိုင်ကြားခဲ့သဖြင့် မကွေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်ဇေယျ

သန်လျင်မြို့နယ်တွင် လူတစ်ဦးဓာတ်လိုက်၍သေဆုံး

နေပြည်တော် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဓာတ်လိုက်၍ သေဆုံးသွားသူတစ်ဦးရောက်ရှိနေကြောင်း စက်တင်ဘာ ၂၁ ရက် ည ၇ နာရီခွဲက သတင်းအရ သန်လျင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ AK SKY ရေသန့်စက်ရုံအလုပ်သမားဖြစ်သူ သန်လျင်မြို့နယ် ထန်းပင်ကုန်းရပ်ကွက်နေ ပြည့်စုံ (၁၉နှစ်)သည် ရေသန့်ဘူးဆေးရန် မော်တာကြိုးအား မီးပလပ်ပေါက်၌ထိုးစဉ် ဝိုင်ယာကြိုး အနည်းငယ်ပေါက်ပြဲနေသည့် နေရာသို့ လက်ဖြင့်ကိုင်မိရာမှ ဓာတ်လိုက်သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသဖြင့် သန်လျင် မြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုရဲ

ဦးကိုနီအား သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှု (၂၅)ကြိမ်မြောက်ရုံးထုတ် တရားခံပြေး အောင်ဝင်းခိုင်အိမ်ကို သွားရောက်ရှာဖွေ၊ သက်သေငါးဦးစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၂

တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုနှင့်ပတ်သက်ပြီး သေနတ်သမားကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ကို ယနေ့ နံနက် ၁၀ နာရီက မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ (၂၅) ကြိမ်မြောက် ရုံးထုတ်ခဲ့ပြီး တရားခံပြေး အောင်ဝင်းခိုင်အိမ်၌ သက်သေခံပစ္စည်းရှာဖွေသိမ်းဆည်းရာတွင် ပါဝင်ခဲ့သော လိုပြသက်သေငါးဦးကို စစ်ဆေးမှုပြုလုပ်သဖြင့် လိုပြသက်သေ ၈၀ အနက် ၃၈ ဦး စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ဒုတိယခရိုင်တရားသူကြီး သတင်းနှင့် ပြန်ကြားရေးတာဝန်ခံအရာရှိ ဦးရဲလွင်က "ဒီကနေ့ ကျွန်တော်တို့ ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံး ရာဇဝတ်ကြီး အမှုအမှတ် (၄၅/၂၀၁၇) တရားလိုရဲအုပ်မိုးနိုင်နဲ့ တရားခံကြည်လင်း (ခ) ဖိုးထူး ပါ-၄၊ ရာဇသတ်ကြီး ပုဒ်မ-၃၀၂/၃၄/၁၂၂ အမှုကနေ တရားလိုပြသက်သေတွေဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး မှုခင်းအကူ ရဲအုပ်အောင်ကိုကို၊ ရန်ကုန်အရှေ့ပိုင်း ခရိုင် ဒ/န ရဲအုပ်စောမြင့်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး မှုခင်းအကူ ဒုရဲအုပ် ကျော်ဝင်းနိုင်၊ ဒေါပုံမြို့နယ် ဝါဆိုရပ်ကွက် အုပ်ချုပ် ရေးမှူး ဦးညီညီထွေးနဲ့ ရာအိမ်မှူး ဦးမြခိုင်တို့ငါးဦးကို စစ်ဆေးပါတယ်။ နောက်တစ်ပတ်သောကြာ (၂၉-၉-၂၀၁၇)ရက်ကို လိုပြသက်သေစစ်ဆေးဖို့ ထပ်မံချိန်းဆိုလိုက်ပါတယ်"ဟု ပြောကြားသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

သို့ဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးများသိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၂

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၂၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၂၆ စီး၊ သွင်းကုန် ၃၅၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆ စီး ၊ သွင်းကုန် ၁၄၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော အရွယ်စုံကျောက်တုံး၊ ကျောက်အပိုင်းအစများနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇ ဒသမ ၈၀၆ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ၉၉၃ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂ ဒသမ ၇၉၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၂၁ ရက်က သတင်းအရ မူဆယ်သို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၅ မိုင် ၆ ဖာလုံ ကောင်းဆာရွာအနီး၌ မသင်္ကာဖွယ်ရပ်တန့်ထားသော Toyota Ipsum ယာဉ်တစ်စီးအားတွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်၏ကြမ်းခင်းအောက်ဘက်တွင် အံဝှက်ပြုလုပ်၍ သို့ဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော အရွယ်စုံကျောက်တုံးနှင့် ကျောက်အပိုင်းအစများ ၆၆ တုံး၊ အလေးချိန် ၃၆၈ ကီလိုနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁ ဒသမ ၉၀ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်နက်ခဲယမ်းနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၂

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ဖားကန့်မြို့နယ် မြို့မရပ်ကွက် ကာလီချောင် အမှတ် (မမ/၃၄၆)နေ မခင်နှင်းဆီ (ခ)မနှင်းဆီ၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲက ကာမိုင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကာမိုင်းမြို့ နန့်ယားကျေးရွာ အမှတ်(၁)ရပ်ကွက်နေ ကျော်စိုးလှိုင်နှင့် မခင်စောဦးတို့၏ နေအိမ်ကို ရှာဖွေရာ ကျော်စိုးလှိုင်၊ မခင်စောဦး၊ ဇော်ရဲ၊ ဖိုးထောင်နှင့် ဂျူးဘိုဘိုအောင်တို့ကိုတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၅၄၂ ပြား၊ ဘိန်းစိမ်း ၅၀ ဂရမ်နှင့် ငွေကျပ် ၂၆၂၀၀ တို့ကိုလည်းကောင်း။

ထို့အတူ စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင် မှန်လုံယာဉ်ကို ရှာဖွေရာ ခရီးသည် မယွိမေထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး တို့ကိုလည်းကောင်း၊ စက်တင်ဘာ ၂၁ ရက် ည ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု (၄၁) ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် လေဆိပ်ရိပ်သာလမ်းသွယ်(၁) Air Port Inn အခန်းအမှတ်(B/6)ကို ဝင်ရောက်ရှာဖွေရာ ခွန်လင်းဦး(ခ)ခွန်မင်းဦးအားတွေ့ရှိရပြီး အခန်းအတွင်းမှ အိုက်စ် ရှစ် ဂရမ်၊ ကတ်တမင်း ၀ ဒသမ ၁ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား တစ်ပြား၊ ပစ္စတိုတစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်ခုနစ်တောင့်၊ စနက်တံပါ လက်ပစ်ဗုံး တစ်လုံး၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် မော်တော်ယာဉ်တစ်စီးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှယူ-၁၇ နှင့် ယူ-၁၅ ကြက်တောင်ပြိုင်ပွဲ ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၂

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်သည် ကြက်တောင်အားကစားနည်း တိုးတက်မြင့်မားလာအောင် အဘက်ဘက်မှ အရှိန်အဟုန်ဖြင့် စတင်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာဖိတ်ခေါ် ကြက်တောင်ပြိုင်ပွဲများကို ၁၉၉၉ ခုနှစ်တွင် နောက်ဆုံးအကြိမ်အဖြစ် လက်ခံကျင်းပခဲ့သည်။

၁၉ နှစ်ကြာမျှ လက်ခံကျင်းပနိုင်ခြင်းမရှိဘဲ ၂၀၁၇ ခုနှစ်မှစ၍ နိုင်ငံတကာကြက်တောင်အဖွဲ့ချုပ်များနှင့် ပူးပေါင်းကာ မြန်မာ့ကြက်တောင် အားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက် အဆင့်မြင့်မားလာစေရေးအတွက် အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် အဆင့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များ ကြက်တောင်အားကစားနည်းကို စိတ်ပါဝင်စားလာစေရန်၊ ထူးချွန်ထက်မြက်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သော ကြက်တောင်အားကစားသမားမျိုးဆက် သစ်များထွက်ပေါ်လာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အောက်တိုဘာ ၄ ရက်မှ ၈ ရက်အထိ Badminton Asia U-17 and U-15 Junior Championships-2017 ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမှာစကားပြောကြားပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်၊ အတွင်းရေးမှူး ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြလေးစိန်တို့က ပြိုင်ပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးက သယ်ယူပို့ဆောင်ရေးအတွက် လိုအပ်ချက်များဖြည့်စွက်တင်ပြပြီး ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက လိုအပ်ချက်များကို တင်ပြကြသည်။

အဆိုပါပြိုင်ပွဲကို မြန်မာ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ)၊ ဂျပန်၊ ဟောင်ကောင်၊ အိန္ဒိယ၊ မကာအို၊ သီရိလင်္ကာ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ် အသင်းပေါင်း ၁၃ သင်းမှ အုပ်ချုပ်သူ/နည်းပြ၊ ကစားသမား စုစုပေါင်း ၄၁၅ ဦး ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး+အမျိုးသား Mix Double ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-အေကေလင်း

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မန္တလေး၌ ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

မန္တလေး စက်တင်ဘာ ၂၂

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Modern Myanmar Company Limited နှင့် H & S Group တို့ ပူးပေါင်းကျင်းပသော နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ သတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၂၂ ရက် ညနေ ၃ နာရီက မန္တလေးမြို့ ၇၆ လမ်းနှင့် ၃၅ လမ်းထောင့်ရှိ ကီးမားတင်ဝင်းမင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့ရိုးရာလက်ဝှေ့ပွဲစီစဉ်သည့် H & S Group မှ ဦးစိုင်းဇော်ဇော်က မန္တလေးဒိုင်းမွန်းပလာဇာဝါးလွှာ၌ စက်တင်ဘာ ၂၄ ရက်တွင် ကျင်းပမည့် နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ မြန်မာ၊ ထိုင်း၊ ဘရာဇီးနှင့် ကမ္ဘောဒီးယားလေးနိုင်ငံတွဲဆိုင်းများနှင့် ပြည်တွင်းတွဲဆိုင်းအခြေအနေများကို ရှင်းလင်းပြောကြားပြီး တချို့တွဲဆိုင်းအပြောင်းအလဲများဖြစ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂန္ထဝင်လက်ဝှေ့ပွဲများစွာကို စီစဉ်ခဲ့သူ ကီးမားဦးတင်ဝင်းကလည်း မန္တလေးမြို့တွင် ကျင်းပသည့် လက်ဝှေ့ပွဲများကိုကြိုဆိုပါကြောင်း၊ လိုအပ်သည်များကိုလည်း ကူညီမည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ မီဒီယာများက မေးမြန်းသည်များ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

စက်တင်ဘာ ၂၄ ရက်တွင် ထိုးသတ်မည့်တွဲဆိုင်းများမှာ သပြေညို(မြန်မာ)နှင့် နာရူတို(ထိုင်း)၊ သွေးသစ်အောင်(မြန်မာ)နှင့် ရိုမက်ခ်ဒီဆေးဗား(ဘရာဇီး)၊ ရဲသွေးနီ(မြန်မာ)နှင့် လာဖေ့စ်(ကမ္ဘောဒီးယား)၊ စောဖိုးဖွား(မြန်မာ)နှင့် ချန်ပိုလစ်(ထိုင်း)၊ ကရင်လေး (ခ) ဖဒါဝယ်(မြန်မာ)နှင့် ကွန်ကရိုင်း(ထိုင်း)၊ ကျော်ကြား(တောင်ကလေး)နှင့် စောဇာနည် (Adventure)၊ အံ့ဘွား(ကျားဖြူ)နှင့် အောက်ချင်းလေး(တောင်ဇလပ်)၊ ဗျူဟ(ကျားဖြူ)နှင့် စောဇွဲအောင် (Adventure)၊ ကျော်စိုး(ဗမာ့သွေး)နှင့် သက်ကို(မြွေပွေး)စသည့်တွဲဆိုင်းများနှင့် မျိုးဆက်သစ်တွဲဆိုင်းများပါရှိသည်။

အဆိုပါ စိန်ခေါ်ပွဲကို ဒိုင်းမွန်းပလာဇာ ငါးလွှာတွင် စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

သီတဂူဆွေပြည်ဟိန်း စက္ခုဒါနဆေးရုံ အောက်တိုဘာလ ၆၊ ၇၊ ၈ (၈၄)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

စက်တင်ဘာလ ၂၃ ရက်တွင် စတင်လက်ခံ၍ အောက်တိုဘာလ ၆၊ ၇၊ ၈ ရက်များတွင် ၈၄-ကြိမ်မြောက် ဦးရေ (၁၀၆၂၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူဆွေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ဆွေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရွှေကင်း။ (ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

★ နေမင်းစကြာ ★

ရာထူးဝင်သင်တန်းကြီး

၃/၂၀၁၇ ဦးစီး (၄၈၀) နေရာအတွက်(သင်တန်းများစပြီ)။

စာမေးပွဲဝင်ခွင့်အတွက် (အကြိုစစ်ဆေးခြင်း)မှတ်ရမည့်များ၊ မေးခွန်းပေါင်းနှင့် အဖြေရုံးပါဝင်ပြီ။

တစ်နိုင်ငံလုံးတွင် အပြည့်စုံဆုံး မှတ်စုဖြစ်ကြောင်း အာမခံသည်။

စာအုပ်ဝယ်ယူရရှိနိုင်သော စာပေများ

နေပြည်တော် - ရွှေမင်းသားစာပေ 09 979507227/အဓိပတိစာပေ067-8108077

လမင်းဝင်းဝင်းစာပေ 067-432238/သရဖူစာပေ-09 796616615

သော်တာစန်းစာပေ 067-24080,067-26701

မန္တလေး - ညိုစာပေ 02-74418 / ခေတ်မီစာပေ 09 91020565 / နဂါးစာပေ 02-61722

မုံရွာ - အဓိပတိစာပေ 071-21357

မကွေး - ရွှေပြည်စိုးစာပေ 09-965340474 / မျိုးဆက်သစ်စာပေ 09-259887188

ပုသိမ် - ပြုံးချိုစာပေ 09-5200159

မအူပင် - ဒေါ်ကျော့ကျော့ရီစာပေ 045-30621

ပြည် - နေမင်းစကြာမိတ္တူဆိုင် 09-791177858

လားရှိုး - စစ်ငြိမ်းပန်းစာပေ 09-767616270

လက်ပံတန်း - အောင်မြင်စာပေ 053-32241

မော်လမြိုင် - ကျော်ကျော်စာပေ 09-425322625

မြင်းခြံ - ရွှေခေတ်စာပေ 09-455565220

စုံစမ်းရန်

လှည်းတန်းမှတ်တိုင်၊ ဦးထွန်းလင်းခြံလမ်း၊ ရန်ကုန်မြို့။

Ph : 09 420042200, 09 264335331, 09 444685850

ဆောက်လုပ်ရေးဝန်ကြီးဌာန

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်အတွင်း အခြေခံအဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းဆောင်ရွက်လိုသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်/ကန်ထရိုက်တာများ မည်သူမဆို ဝင်ရောက် အဆိုပြုနိုင်ပါသည်။ တင်ဒါလျှောက်လွှာပုံစံများအား အောက်ပါအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

(က) **တင်ဒါအဆိုပြုလွှာ စတင်ရောင်းချမည့်ရက်** - ၂၅-၉-၂၀၁၇ ရက် (တနင်္လာနေ့)

(ခ) **တင်ဒါအဆိုပြုလွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၅-၁၀-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)

(ဂ) **တင်ဒါအဆိုပြုလွှာ ပိတ်မည့်အချိန်** - ၁၅:၀၀ နာရီ

(ဃ) **တင်ဒါအဆိုပြုလွှာ ရောင်းချမည့်နေရာနှင့် တင်ဒါအဆိုပြုလွှာ တင်သွင်းရမည့်နေရာ** - အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်၊

(င) **တင်ဒါဖွင့်လှစ်မည့်ရက်** အကြောင်းကြားပါမည်။

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၇၅၂၇၊ ၀၆၇-၃၄၀၇၇၀၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးဆပ်ကော်မတီ

တစ်ဦးတည်းဖြစ်ပါကြောင်း

မောင်းမကန်ကမ်းသာလမ်း၊ (၁၉) ရပ်ကွက်၊ ဒဂုံတောင်နေ ဦးတင်လှ၏သမီး မသက်မော် ၁၂/ဥကတ(နိုင်)၀၁၁၃၅၈နှင့် မသက်သက်မော်(အထက-၂၊ ဒဂုံတောင်) သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

မသက်သက်(ခ)မသက်သက်မော်

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/4092 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖခင်အမည်မှန်

ဒဂုံတောင်၊ အထက(၂) အလယ်တန်းပြ ဆရာမ ဒေါ်ရီရီမြင့်၏ ဖခင် အမည်မှန်မှာ ဦးဖိုးမို NMK -၀၆၃၇၉၉ ဖြစ်ပါကြောင်း။

ဦးဖိုးမို

မိဘအမည်မှန်

အထက(၃)စစ်တွေ တက္ကသိုလ်ဝင်တန်း(D)မှ မပန်းဖြိုးဦး၏ မိဘအမည်မှန်မှာ ဦးထွန်းထွန်းဝင်းနှင့်ဒေါ်အမ ၁၁/စတန(နိုင်)၁၂၃၃၄၀ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

ဒိုက်ဦးမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်း(D)မှ မဖြိုးသီရိစံ၏ မိခင်အမည်မှန်မှာဒေါ်တင်ဆွေဝင်း ၇/ဒဥန(နိုင်) ၀၉၁၈၉၅ ဖြစ်ပါကြောင်း။

ဒေါ်တင်ဆွေဝင်း

ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(၃၃) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဖြိုးကိုကျော်၏ဖခင် အမည်မှန်မှာ ဦးနေထွန်းအောင် ၉/အမဇ(နိုင်)၀၀၁၈၄၆ဖြစ်ပါကြောင်း။

ဦးနေထွန်းအောင်

ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၉-၂၀၁၇ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာ ၂၇ တွင် ပါရှိသော ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်း ကြော်ငြာတွင် ဦးမျိုးဇော်အောင်အစား ဦးမျိုးမင်းဇော်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ် ၂၀၁၆/၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း(C)မှ မောင်ဇင်ဖြိုး သန့်အောင်၏ ဖခင်အမည်မှန်မှာ ဦးနိုင်နိုင် ၇/သဝတ(နိုင်)၀၀၆၇၂၅ ဖြစ်ပါကြောင်း။ **ဦးနိုင်နိုင်**

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ အထက(၄)ဒုသမတန်း အခန်း(E)မှ မအိန္ဒြာဝင်း၏ဖခင် အမည်မှန်မှာ ဦးဝင်းဇိုလ် ၉/မခန(နိုင်)၀၆၅၅၇၈ ဖြစ်ပါကြောင်း။

ဦးဝင်းဇိုလ် ၉/မခန(နိုင်)၀၆၅၅၇၈

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ရှင်ဘို့မယ်၊ ဦးပိုင်အမှတ် ၂၁၈/၂၁၉၊ မြေဧရိယာ ၀ဒသမ၁၄၆ဧကရှိ ဦးကြည်မြင့်အမည်ပေါက် နှစ် ၃၀ဂရန်မြေကွက်အား ဦးကြည်မြင့်(ဘ)ဦးအောင်သန်း ၁၂/ဥကမ(နိုင်)၀၁၂၆၁၃မှ မြေငှားစာချုပ်မိတ္တူ၊ တပ်ကုန်းမြို့နယ်တရားရုံး၏ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ မြဝတီရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်းမူရင်းများတင်ပြ၍ မြေငှားစာချုပ်မိတ္တူမှန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ရက် ၃၀အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ကျောက်တန်းမြို့၊ (အထက) ကမာက လုတ်တက္ကသိုလ်ဝင်တန်းမှ မောင်အောင် အောင်ထွန်း(၁၄၃/၁၆)၏ဖခင် အမည်မှန်မှာ ဦးဇော်ဝင်း ၁၂/ ကတန(နိုင်)၀၉၂၅၆၇ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ကျောက်တန်းမြို့၊ (အထက) ကမာက လုတ်တက္ကသိုလ်ဝင်တန်းမှ မဇွန်နှင်းဝေ (၁၄၉/၁၆)၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော်ဦး ၁၂/ကတန(နိုင်)၀၇၇၉၅၈ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/8363,Suzuki carry DA 63T,P/U(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမော် ၁၂/မရက(နိုင်)၀၅၂၈၀၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/3636, Pyae Pyae Zaw L/T,P/U(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသီရိနွယ် ၁၂/တမန(နိုင်)၀၉၈၉၃၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံး သို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁၆)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၄၄၅၊ လေးလွှာ၊ ခြေရင်းခန်းတိုက်ခန်းကို ဦးမြင့်သိန်း ၈/မသန(နိုင်)၀၀၄၆၂၄ (ပြည့်ဝစံဆောက်လုပ်ရေးကုမ္ပဏီ)က ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး မည်သူ့ကိုမျှ ရောင်းချပေါင်နှံလွှဲပြောင်းထားခြင်းနှင့် အာမခံအဖြစ်တင်သွင်းထားခြင်း မရှိဘဲ အမွေစားအမွေခံ ရှင်းလင်းကာ အမှုအခင်းအရှုပ်အထွေး ကင်းရှင်းလျက်ရောင်းချခွင့်ရှိကြောင်း တာဝန်ယူ၍ ရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှဝယ်ယူရန်လက်ခံပြီး၂၁-၉-၂၀၁၇ ရက်တွင်နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ပေး ကတိစာချုပ်ဖြင့် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း အောက်ပါလိပ်စာသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူဖြူညွှန့်

B.A, H.G.P, D.B.L, D.M.L

အထက်တန်းရှေ့နေ

အမှတ်၅၈/၃၊ အဝေရာလမ်း၊

မေတ္တာညွှန့်ရပ်ကွက်၊တာမွေမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး

အမည်ပြောင်း

ဦးကျော်ကျော်လွင် ၇/ပမန(နိုင်) ၀၉၉၀၁၁၏သမီး ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့ THE BEST ကိုယ်ပိုင် အထက်တန်းကျောင်း သတ္တမတန်းမှ မသက်မှူးဟေသီအား မနန်း သက်မှူးဟေသီဟု ပြောင်းလဲခေါ်ပါရန်။

မနန်းသက်မှူးဟေသီ

မိခင်အမည်မှန်

ခနော်ဖြူမြို့နယ်၊ ကျောင်းစုကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မနုနုအောင်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်စန်းချို ၁၄/ခနဖ(နိုင်)၁၁၁၇၁၈ ဖြစ်ပါကြောင်း။

ဒေါ်ခင်စန်းချို

အမည်မှန်

ဘားအံမြို့နယ်၊ အထက(ခွဲ) မိဇံ တက္ကသိုလ်ဝင်တန်း(A)မှ နန်းသဇင်ညို၏ အမည်မှန်မှာ နန်းဖော့အဲမွီ ၃/ဘအန(နိုင်)၃၉၁၃၂၃ ဖြစ်ပါသည်။

နန်းဖော့အဲမွီ

ဖခင်အမည်မှန်

မိတ္ထီလာမြို့ အလက(၁၇) ကန်တောင်ဆဋ္ဌမတန်းမှ မောင်ဟိန်းကိုကို၏ ဖခင်အမည်မှန်မှာ ဦးကာစင် ၉/မထလ(နိုင်)၀၅၄၁၅၂ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ၊ အထက တက္ကသိုလ်ဝင်တန်းမှ မဇင်မီလင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု စာရင်းအရ ဦးထင်လင်းအောင် ၁၂/မဘန(နိုင်)၁၀၄၂၈၅ ဖြစ်ပါကြောင်း။

ဦးထင်လင်းအောင်

ဖခင်အမည်မှန်

မိတ္ထီလာမြို့ အထက (ချည်စက်) တက္ကသိုလ်ဝင်တန်းမှ မပန်းဝတ်မှုံနှင့် မဖူးဝတ်မှုံတို့၏ ဖခင်အမည်မှန်မှာ ဦးမြသောင်း ၉/ဝတန(နိုင်)၁၁၆၀၆၆ ဖြစ်ပါသည်။

တူနီးရှားရေတပ်မတော်က ရွှေ့ပြောင်းသွားလာသူ ၇၈ ဦးကို ကယ်ဆယ်

တူးနစ် စက်တင်ဘာ ၂၂
ဥရောပသို့ လမ်းကြောင်းထွက်ခွာလာသည့် ရွှေ့ပြောင်းသွားလာသူများ လိုက်ပါလာသော ရေယာဉ်သည် ချီဘာကမ်းခြေသို့ရောက်ရှိလာပြီး သုံးရက်ကြာ သောင်တင်နေခဲ့ရာ ရေယာဉ်ပေါ်တွင် ပါလာကြသည့် ရွှေ့ပြောင်းသွားလာသူ ၇၈ ဦးကို တူနီးရှားရေတပ်က ကယ်ဆယ်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက သောကြာနေ့တွင် ပြောကြားခဲ့သည်။

ရွှေ့ပြောင်းသွားလာသူများထဲတွင် မိန်းကလေးငယ်နှစ်ဦး ပါဝင်သည်။ လက်နက်ကိုင်အုပ်စုများ၏ အကူအညီကို ရယူထားသည့် လစ်ဗျားကမ်းခြေစောင့်တပ်ဖွဲ့သည် လုံခြုံရေးကိုတင်းကျပ်စွာ ထိန်းချုပ်ဆောင်ရွက်နေသည်ဖြစ်ရာ လူမှောင်ခိုကူးသူများက တူနီးရှားကို ဥရောပသို့ ဆက်လက်ထွက်ခွာရန် ဒုံးပစ်စင်သဖွယ် ပိုမိုအသုံးပြုလာကြသည်။

ရေတပ်အင်အားစုများသည် တရားမဝင် တူနီးရှားနိုင်ငံသား ရွှေ့ပြောင်းသွားလာသူများကို ချီဘာကမ်းခြေ၏ အရှေ့ဘက် ၇၀ ကီလိုမီတာအကွာတွင် ရေများစိမ့်ဝင်နေသည့် လှေတစ်စင်းပေါ်၌ တွေ့ရှိပြီး ကယ်ဆယ်ခဲ့ကြသည်။ အဆိုပါဖြစ်ရပ်အတွင်း သေဆုံးသူတစ်ဦး တစ်ယောက်မျှမရှိကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တူနီးရှားနိုင်ငံသည် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က သက်ဦးဆံပိုင်အုပ်ချုပ်သူ ဇီနီအယ်အဘီဒင်း ဘင်အလီကို ပုန်ကန်ထကြွမှုများ ပေါ်ပေါက်ခဲ့ပြီးနောက်တွင် ၎င်း၏ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များကြောင့် ဂုဏ်ပြုချီးကျူးမှုကို ရရှိထားသည်။ သို့သော် အစိုးရအဆက်ဆက်သည် လူငယ်များကို အလုပ်အကိုင်အခွင့်အလမ်းကောင်းစွာ ဖန်တီးပေးနိုင်ခြင်း မရှိခဲ့ပေ။ လူငယ်အချို့မှာ အလုပ်အကိုင်ရှာဖွေရန် ဥရောပသို့ စွန့်စားသွားလာခဲ့ကြသည်။
(ရိုက်တာ)

ဩဂုတ်လအတွင်းက ကယ်ဆယ်ခဲ့သည့်ဒုက္ခသည်အချို့ကို တွေ့ရစဉ်

ဆီးရီးယားအရေးတက်ကြွလှုပ်ရှားသူနှင့် ၎င်း၏သမီးဖြစ်သူ နေအိမ်၌ အသတ်ခံရ

အစ္စတန်ဘူလ် စက်တင်ဘာ ၂၂
ဆီးရီးယားအတိုက်အခံဘက်မှ တက်ကြွလှုပ်ရှားသူနှင့် ၎င်း၏သမီးဖြစ်သူ ဂျာနယ်လစ်တစ်ဦးမှာ အစ္စတန်ဘူလ်ရှိ တိုက်ခန်း၌ အသတ်ခံခဲ့ရကြောင်း အစ္စတန်ဘူးလ် ရဲဌာနက သောကြာနေ့တွင် ပြောသည်။ အသတ်ခံရသူမှာ အသက် ၆၀ အရွယ် အိုရူဘာဘာရာကတ်နှင့် ၎င်း၏ သမီးဖြစ်သူ အသက် ၂၂ နှစ်အရွယ် ဟယ်လာတို့ပင်ဖြစ်သည်။

၎င်းသည် အစ္စတန်ဘူလ်သို့ ပြောင်းရွှေ့မလာမီ ဗြိတိန်၌နေထိုင်ခဲ့ပြီး ယင်းမှတစ်ဆင့် အာရပ်စော်ဘွားများ ပြည်ထောင်စုသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ အိုရူဘာသည် ဆရာဝန်တစ်ဦးဖြစ်ပြီး ဆီးရီးယားအစိုးရအုပ်ချုပ်စဉ်အတွင်း အကျဉ်းထောင်အတွင်း၌မတရားညှဉ်းပန်းနှိပ်စက်ခံရမှုများကို စုံစမ်းစစ်ဆေးသူလည်းဖြစ်သည်ဟု တူရကီမီဒီယာများက ဖော်ထားသည်။ အိုရူဘာ၏ ညီမဖြစ်သူကလည်း ၎င်း၏ညီမဖြစ်သူနှင့် တူမဖြစ်သူမှာ မတရားအသတ်ခံရခြင်းဖြစ်ကြောင်း၊ ဓားဖြင့်ထိုးသတ်ခံရခြင်းဖြစ်ကြောင်း လူမှုမီဒီယာပေါ်တွင် ဖော်ပြခဲ့သည်။ ၂၀၁၁ခုနှစ်ကတည်းက ဆီးရီးယားပြည်တွင်းစစ်ဖြစ်ပွားခဲ့ရာ တူရကီနိုင်ငံ၌ ဆီးရီးယားဒုက္ခသည် သုံးသန်းနေထိုင်လျက်ရှိသည်။ **(ရိုက်တာ)**

ဟာရီကိန်းမုန်တိုင်းမာရီယာကြောင့် သေဆုံးသူ ၁၅ ဦးထက်မနည်းရှိခဲ့ကြောင်း ဒိုမီနီကန်ဝန်ကြီးချုပ်အတည်ပြု

ကင်စတန် စက်တင်ဘာ ၂၂
ဒိုမီနီကန်နိုင်ငံ၌ ပြီးခဲ့သည့်တနင်္လာနေ့ကဝင်ရောက်ခဲ့သည့် ဟာရီကိန်းမုန်တိုင်းမာရီယာကြောင့် သေဆုံးရသူမှာ ယခုအခါ ၁၅ ဦးရှိသွားပြီဖြစ်ပြီး လူ၂၀ ခန့် ပျောက်ဆုံးနေသေးကြောင်း ဒိုမီနီကန်ဝန်ကြီးချုပ် ရိုစီဗဲလ်စကာရစ်က ကြာသပတေးနေ့တွင် အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

မုန်တိုင်းဝင်ရောက်ခဲ့ပြီးနောက် နိုင်ငံအတွင်း တယ်လီဖုန်းဆက်သွယ်မှုများနှင့် သယ်ယူပို့ဆောင်ရေးပြတ်တောက်မှုများဖြစ်ပွားရာ အိမ်နီးချင်း အန်တီကွာနှင့်ဘာဘူဒါနိုင်ငံ ABS ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်တို့က အင်တာဗျူးအမေးအဖြေပြုလုပ်ခဲ့ပြီး ဝန်ကြီးကသတင်းအချက်အလက်များကို ထုတ်ဖော်ပြောကြားခဲ့သည်။

မုန်တိုင်းကြောင့်အကြီးအကျယ်ပျက်စီးမှုရှိပြီး ပြန်လည်ထူထောင်ရေးဆောင်ရွက်ရန် အချိန်ကြာမြင့်စွာလုပ်ဆောင်ရလိမ့်မည်ဟု စကာရစ်က ပြောကြားခဲ့သည်။ နံပါတ်ငါးအဆင့် ဟာရီကိန်းမုန်တိုင်းမာရီယာသည် ပြီးခဲ့သည့် တနင်္လာနေ့ ညနေပိုင်းတွင် ဒိုမီနီကန်သို့ ဝင်ရောက်ခဲ့ပြီး တစ်နာရီလျှင် လေတိုက်နှုန်း ၂၆၀ ကီလိုမီတာဖြင့် တိုက်ခတ်သွားခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၅ခုနှစ် ဩဂုတ်လအတွင်းကလည်း အပူပိုင်းမုန်တိုင်း အီရီကာဝင်ရောက်မှုကြောင့် နိုင်ငံအတွင်းလူ၂၀ ထက်မနည်း သေဆုံးခဲ့ရသည်။
(ဆင်ဟွာ)

ရင်လပ်ထွက်ပြေးလွတ်မြောက်ရေးအတွက် ကူညီခဲ့သူများကို အနီးကပ်စောင့်ကြည့်

ဗန်ကောက် စက်တင်ဘာ ၂၂
လွန်ခဲ့သောလက ထိုင်းဝန်ကြီးချုပ်ဟောင်းရင်လပ် ထွက်ပြေးလွတ်မြောက်ရေးအတွက် ကူညီခဲ့သူများကို ထိုင်းရဲတပ်ဖွဲ့က အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း ထိုင်းဒုတိယဝန်ကြီးချုပ်က သောကြာနေ့တွင် ပြောခဲ့သည်။

ရင်လပ်သည် နယ်စပ်ကိုဖြတ်၍ ဗန်ကောက်မြို့မှ ၃၀၀ ကီလိုမီတာခန့်အကွာရှိ ဆာကေအိုပြည်နယ်မှတစ်ဆင့် ကမ္ဘောဒီးယားသို့ ထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်က မီဒီယာများကို ပြောသည်။ ကမ္ဘောဒီးယားနယ်စပ်သို့ ရင်လပ်ထွက်ပြေးသွားစဉ် အသုံးပြုခဲ့သည်ဟု ယူဆရသောယာဉ်ကို အာဏာပိုင်များက သိမ်းဆည်းထားကြောင်း ၎င်းက ပြောသည်။

အဆိုပါယာဉ်ကို ဗန်ကောက်မြို့မြောက်ဘက် နတ်ခွန်ပတ်သွန်ပြည်နယ်ရှိ နေအိမ်တစ်လုံးအပြင်ဘက်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ကားမှတ်ပုံတင်ဌာနမှ တစ်ဆင့် ပိုင်ရှင်ကိုစုံစမ်းခဲ့ရာ ယင်းအချိန်၌ ပိုင်ရှင်နှင့်ကားကို တွဲမိခြင်းမရှိကြောင်း ရဲများက ပြောသည်။ ရဲအရာရှိသုံးဦးမှာလည်း စုံစမ်းမေးမြန်းခြင်းခံနေရသည်။

အဆိုပါလူသုံးဦးမှာ ရင်လပ်ထွက်ပြေးလွတ်မြောက်ရေးအတွက်ကူညီခဲ့သူများဟု ဝန်ခံထားသော်လည်း တရားစွဲဆိုမှုများ မပြုလုပ်သေးပေ။ ယင်းလူသုံးဦးမှာ အသုံးဝင်သည့် သတင်းအရင်းအမြစ်ဖြစ်လာနိုင်ကြောင်း ထိုင်းအမျိုးသားရဲတပ်ဖွဲ့ အကြီးအကဲကပြောသည်။ ယခင် ရဲချုပ်ဟောင်းဖြစ်သူမှာလည်း ရင်လပ်မိသားစုနှင့် ရင်းနှီးသူဖြစ်ကြောင်း စုံစမ်းစစ်ဆေးမှုများအရ သိရသည်။
(ရိုက်တာ)

ထရန့်ကို စိန်ခေါ်သည့်အနေဖြင့် ဒုံးကျည်စွမ်းရည်များကို မြှင့်တင်သွားမည်ဟု အီရန်ပြောကြား

လန်ဒန် စက်တင်ဘာ ၂၂
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ တောင်းဆိုမှုများကို ဖီဆန်သည့်အနေဖြင့် အီရန်သည်နိုင်ငံအတွင်းရှိ ဒုံးကျည်များကို စွမ်းအင်မြှင့်တင်သွားမည်ဖြစ်ပြီး ထိုသို့ပြုလုပ်ရန်အတွက်လည်း မည်သည့်နိုင်ငံ၏ခွင့်ပြုချက်ကိုမျှ ရရှိအောင်ကြိုးပမ်းနေလိမ့်မည်မဟုတ်ကြောင်း အီရန်သမ္မတ ဟာဆန်ရိုဟာနီက သောကြာနေ့တွင် ပြောကြားခဲ့သည်။

သမ္မတရိုဟာနီသည် စစ်ရေးပြအခမ်းအနားတစ်ခုတွင် ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။အီရန်သတင်းအေဂျင်စီ၏ ဖော်ပြချက်အရ အဆိုပါစစ်ရေးပြအခမ်းအနား၌ ပြသမည့် လက်နက်များအနက်တစ်ခုမှာ အကွာအဝေးအားဖြင့် ၂၀၀၀ ကီလိုမီတာ (မိုင်ပေါင်း ၁၂၀၀) အထိ ရောက်ရှိနိုင်ပြီး နျူကလီးယားဒုံးကျည်ထိပ်ဖူးအချို့ကို တင်ဆောင်နိုင်သည့် တိုက်ချင်းပစ်ဒုံးကျည်သစ်တစ်စင်းဖြစ်ကြောင်း သိရသည်။

အင်္ဂါနေ့ကကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ထရန့်ကအီရန်သည် ၎င်း၏ ဒုံးကျည်စွမ်းရည်ကို မြှင့်တင်ရန်ကြိုးပမ်းနေပြီး ယီမင်၊ ဆီးရီးယားနှင့် အရှေ့အလယ်ပိုင်းဒေသရှိ နေရာဒေသများကို ပဋိပက္ခများဖြစ်အောင် လှုံ့ဆော်လျက်ရှိသည်ဟု စွပ်စွဲပြောဆိုခဲ့သည်။

ထရန့်သည် ၂၀၁၅ခုနှစ်က အမေရိကန်ပြည်ထောင်စုနှင့် အင်အားကြီးခြောက်နိုင်ငံတို့က အီရန်နှင့်အတူချုပ်ဆိုခဲ့ကြသည့် ပဋိညာဉ်စာချုပ်ကိုလည်းဝေဖန်ရှုတ်ချခဲ့သည်။ အဆိုပါ စာချုပ်အရ အီရန်သည် စီးပွားရေးအရ ပိတ်ဆို့ခံရမှုများလျော့ပါးသက်သာစေရန်အတွက် ၎င်း၏ နျူကလီးယားအစီအစဉ်များကို အကန့်အသတ်ဖြင့် ထိန်းချုပ်ဆောင်ရွက်သွားမည်ဟု သဘောတူညီ ခဲ့သည်။

ယခုနှစ်တွင်ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အမေရိကန်ပြည်ထောင်စုနှင့် အစ္စရေးမှလွဲ၍ ကမ္ဘာ့နိုင်ငံများ အားလုံးက အီရန်နျူကလီးယားသဘောတူစာချုပ်ကို ထောက်ခံကြသည်ဟု ရိုဟာနီက ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရက်တေလာဆန်က နျူကလီးယားသဘောတူစာချုပ်ကို ပြောင်းလဲရလိမ့်မည်ဖြစ်ကြောင်းနှင့် ထိုသို့မဟုတ်ပါက အမေရိကန်ပြည်ထောင်စုသည် အီရန်နှင့်သင့်မြတ်လိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။သို့သော်အီရန်ကမူ နျူကလီးယားသဘောတူစာချုပ်နှင့်ပတ်သက်၍ ပြန်လည်ညှိနှိုင်းဆွေးနွေးမှု ရနိုင်လိမ့်မည်မဟုတ်ဟု ဆိုထားသည်။ **(ရိုက်တာ)**

နိုင်ငံတကာ သတင်းတိုထွာ

ဆီးရီးယားနယ်စပ်တစ်လျှောက် တူရကီမှ တပ်ကူများချထား

အန်ကာရာ စက်တင်ဘာ ၂၂

တူရကီက လက်နက်အပြည့်အစုံဖြင့် တပ်ကူများကို ဆီးရီးယားနှင့်ထိစပ်နေသောတောင်ပိုင်းနယ်စပ်၌ တပ်ဖြန့်ချထားကြောင်း နိုင်ငံပိုင်သတင်း အေဂျင်စီတွင် ဖော်ပြထားသည်။

စစ်ဘက်သုံး မော်တော်ယာဉ်များဖြင့် လက်နက်အပြည့်အစုံနှင့် ကွန်မန်ဒိုများသည် ဗုဒ္ဓဟူးနေ့က တောင်ပိုင်း ဟတ်တေးပြည်နယ်တွင် ဖြတ်သန်းသွားလာခဲ့ကြောင်း တူရကီတပ်ဖွဲ့၏ သတင်းရင်းမြစ်များအရ သိရသည်။ ယခင်ရောက်နှင့်ပြီးသားတပ်ဖွဲ့ဝင်များအတွက် တပ်ကူအဖြစ် စေလွှတ်ခြင်းဖြစ်ကြောင်း သိရသည်။ တူရကီအစိုးရနှင့် ဆီးရီးယားအခြေစိုက်ကာ့ဒ်စစ်သွေးကြွများအကြား အခြေအနေတင်းမာမှုများ ဖြစ်ပေါ်ကတည်းက ဆီးရီးယားနယ်စပ်တစ်လျှောက်တွင် လက်နက်ကြီးများနှင့် တပ်ဖြန့်ချထားမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ စစ်ရေးလေ့ကျင့်မှုများကိုမူ တနင်္လာနေ့ကစပြီး ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

အဘူဆေယက်ဖ်အဖွဲ့သားဟု ယူဆရသူခုနစ်ဦး မလေးရှားတွင် ဖမ်းဆီး

ကွာလာလမ်ပူ စက်တင်ဘာ ၂၂

စက်တင်ဘာ ၁၄ ရက်ကတည်းက အကြမ်းဖက်သမားဟု သံသယရှိသူ အသက် ၂၂ နှစ်မှ ၃၈ နှစ်ကြား ခုနစ်ဦးကို အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေး လှုပ်ရှားမှုအဖြစ် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း၊ မလေးရှားအမျိုးသားနေ့နှင့် ၂၀၁၇ ခုနှစ် အရှေ့တောင်အာရှအားကစားပွဲတော်ပိတ်ပွဲအခမ်းအနားမတိုင်မီ အဘူဆေယက်ဖ်အဖွဲ့မှ စစ်သွေးကြွများကို ဖမ်းဆီးခဲ့ကြောင်း မလေးရှားရဲချုပ်က ပြောသည်။ သံသယ ရှိသူများမှာ ကွာလာလမ်ပူနှင့်မလေးရှား အနောက်ဘက်ကမ်းရိုးတန်းရှိ ပုဂ္ဂလိက ကုမ္ပဏီများတွင် လုံခြုံရေးအဖြစ် လုပ်ကိုင်နေသူများဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးထားသူများထဲမှ အသက် ၂၂ နှစ်အရွယ်လူငယ်တစ်ဦးမှာ မလေးရှားလုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့သူဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ပြန်ပေးဆွဲမှုများ လုပ်ဆောင်ခဲ့သူလည်းဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

ပိုလန်နိုင်ငံ၏ပြုလုပ်နေကျ စစ်ရေးလေ့ကျင့်မှု စတင်

ဝါဆော စက်တင်ဘာ ၂၂

ပိုလန်နိုင်ငံ၌ နှစ်စဉ်ပြုလုပ်နေကျ စစ်ရေးလေ့ကျင့်မှုကို ဗုဒ္ဓဟူးနေ့က ပြုလုပ်ခဲ့ရာ တပ်ဖွဲ့ဝင်ပေါင်း ၁၇၀၀၀ ပါဝင်ခဲ့ကြောင်း သိရသည်။

ပါဝင်ခဲ့ကြသော တပ်ဖွဲ့များမှာ အမေရိကန်၊ ဗြိတိန်၊ ဂျာမနီနှင့်အခြားနိုင်ငံများမှဖြစ်ကြောင်း သိရသည်။ စစ်ဆင်ရေး၏အမည်ကို Dragon 17 ဟုသိရပြီး Dragon စစ်ဆင်ရေးများကို နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပလေ့ရှိကြောင်းသိရသည်။ ပိုလန်တပ်ဖွဲ့ဝင်များသည် သံချပ်ကာတပ်ဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ **(ဆင်ဟွာ)**

မက္ကဆီကိုမှာလှုပ်တဲ့ ငလျင်

ကလျာမိုးမြင့်

မက္ကဆီကိုစီးတီးမြို့ရဲ့ အိမ်နီးချင်း ဒယ်ဗယ်လ်လီမှာရှိတဲ့ သစ်ရွက်တွေနဲ့ ဖုံးလွှမ်းနေတဲ့လမ်းပေါ်က အရိပ်အောက်မှာ အယ်လ်ဘတ်တို မွန်တီအိုကာဟာ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေပါတယ်။ ကြက်ခြေနီလုပ်သားတွေ၊ တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့နဲ့ စေတနာ့ဝန်ထမ်းအဖွဲ့တွေဟာ ပြိုလဲကျနေတဲ့ အပျက်အစီးပုံတွေအောက်မှာ အသက်ရှင်လွတ်မြောက်တဲ့သူတွေကိုရှာဖွေဖို့ အလျင်အမြန်လှုပ်ရှားသွားလာနေကြပါတယ်။

မွန်တီရဲ့အစ်မဘလန်ကာဟာ ပြိုကျသွားတဲ့ ခုနစ်ထပ်အဆောက်အအုံရဲ့ ခြောက်ထပ်မြောက်မှာ နေထိုင်ပါတယ်။ အင်္ဂါနေ့ ဒေသစံတော်ချိန် ည ၁ နာရီအချိန်မှာ မက္ကဆီကိုစီးတီးအလယ်ပိုင်းကို ချက်ချင်းဆိုသလို ပြင်းအား ၇ဒသမ ၁ အဆင့်ရှိတဲ့ မြေငလျင်တစ်ခုလှုပ်ခတ်သွားခဲ့ပြီး ၎င်းရှိနေတဲ့ ခြောက်ထပ်အဆောက်အအုံဟာ ပြိုကျသွားခဲ့ပါတယ်။ ငလျင်လှုပ်ပြီး ခြောက်နာရီကျော်ကြာတဲ့အထိ မွန်တီဟာ အစ်မရဲ့သတင်းတစ်ခုခုကိုကြားရဖို့ မျှော်လင့်နေပါတယ်။

> **မက္ကဆီကိုမှာ ဖြစ်ပွားခဲ့တဲ့ မြေငလျင်အပြီးမှာတော့ နိုင်ငံတကာ မသန်စွမ်းအားကစားပြိုင်ပွဲကော်မတီ (IPC) က အလေးမအားကစားနဲ့ ရေကူးအားကစားကမ္ဘာ့ချန်ပီယံလုပွဲတွေကို ရွှေ့ဆိုင်းလိုက်ပါတယ်**

"ငလျင်မလှုပ်ခင် တစ်နာရီလောက်အလိုကပဲ ကျွန်တော်နဲ့အစ်မတို့ နေ့စဉ်ဘဝအကြောင်းတွေကိုပြောဆိုနေခဲ့ကြသေးတယ်။ ဖြစ်လာမယ့်အရာကို ကြိုသိနိုင်လို့မဟုတ်ပေမယ့် ရုတ်တရက် ငလျင်လှုပ်လာရင် ဘယ်လိုလုပ်ရတယ်ဆိုတဲ့ လေ့ကျင့်မှုအကြောင်းတွေကို စောစောကပဲပြောနေခဲ့ကြသေးတာ"လို့ မွန်တီက ဆင်ဟွာသတင်းဌာနကို ပြောပြခဲ့ပါတယ်။ ၁၉၈၅ ခုနှစ် စက်တင်ဘာ ၁၉ရက်က မက္ကဆီကိုစီးတီးမှာ လူထောင်ချီသေဆုံးစေခဲ့တဲ့အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့တဲ့ နှစ်ပတ်လည်နေ့မှာ ခုလိုငလျင်ထပ်မံလှုပ်ခတ်သွားခဲ့တာပါ။ အဲဒီသဘာဝဘေးအန္တရာယ်ကျရောက်မှုကို မမေ့နိုင်တဲ့အတွက် ငလျင်လှုပ်ခတ်လာရင်ဆောင်ရွက်ရမယ့် အရေးပေါ်ဆောင်ရွက်မှုတွေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကြိုတင်ပြင်ဆင်ခဲ့ပြီးသားဖြစ်ပါတယ်။

ဒေသစံတော်ချိန် နံနက် ၁၁ နာရီမှာ ရုံးဝန်ထမ်းတွေနဲ့ ကျောင်းသားတွေကို ရုံးတွေနဲ့ ကျောင်းအဆောက်အအုံတွေကနေထွက်ခွာစေခဲ့ပြီး လမ်းရဲ့ဘေးကင်းတဲ့နေရာတွေဆီကို ရွှေ့ပြောင်းစေခဲ့ပါတယ်။ နှစ်နာရီလောက်ကြာတဲ့အခါမှာတော့ တကယ့်ငလျင်ကြီးလှုပ်ခတ်မှုရဲ့ အဆက်မပြတ်မြည်သံနဲ့ တုန်ခါမှုကြီးပေါ်ထွက်လာခြင်းက လူတွေကိုအသက်ဆက်လက်ရှင်သန်ရပ်တည်နိုင်စေဖို့ ကြောက်ရွံ့ထိတ်လန့်သွားစေခဲ့ပါတယ်။

ငလျင်လှုပ်ခတ်မှုအပြီးမှာတော့ မက္ကဆီကိုအလယ်ပိုင်းမှာ သေဆုံးသူ ၂၂၆ ဦးရှိကြောင်း အတည်ပြုခဲ့ပါတယ်။ မြို့တော်နဲ့ အနီးဝန်းကျင်ဒေသတွေမှာ သေဆုံးသူတွေရှိကြောင်း မက္ကဆီကိုပြည်တွင်းကာကွယ်ရေးအေဂျင်စီရဲ့ အကြီးအကဲလူဝီစ်ဖီလီပီပန်တီက ပြောကြားခဲ့ပါတယ်။ ငလျင်ကြောင့် ပြိုကျသွားတဲ့ မက္ကဆီကိုစီးတီးရဲ့ အဆောက်အအုံပေါင်း ၂၉ခုထဲမှာ မွန်တီဟာအစ်မဖြစ်သူရှိနေတဲ့ အဆောက်အအုံကိုဘယ်လိုများရှာတွေ့နိုင်ပါ့မလဲ။

"ကျွန်တော့်သားက ကျွန်တော့်ကို ဖုန်းဆက်လာတယ်။ သူကသတင်းတွေကြည့်ပြီး အဆောက်အအုံတွေကို လိုက်မှတ်နေခဲ့တာ။ အဒေါ်နေတဲ့ တိုက်ပြိုကျသွားပြီလို့ သူဖုန်းဆက်ပြီး ပြောပြခဲ့တယ်"လို့ မွန်တီက ပြန်ပြောပြခဲ့ပါတယ်။ မွန်တီဟာ သူ့အိမ်ကနေ အစ်မဖြစ်သူရဲ့ အဆောက်အအုံဆီကို နာရီဝက်လောက် လမ်းလျှောက်သွားခဲ့တယ်။ အများသုံးသယ်ယူပို့ဆောင်ရေးယာဉ် ရောက်လာတဲ့အခါကျမှ သူ့ခြေလှမ်းတွေရပ်တန့်ခဲ့ပါတယ်။

"ပြိုကျအဆောက်အအုံရဲ့ထိပ်မှာ အပျက်အစီးတွေကို ဖယ်ရှားဖို့ ကျွန်တော်ရောက်ရှိနေခဲ့တယ်။ နည်းနည်းလေးပဲတွေ့ရတွေ့ရ ဆိုတဲ့မျှော်လင့်ချက်နဲ့ ကျွန်တော်ပြင်ဆင်ခဲ့တာပါ။ သိပ်မကြာသေးခင်မှာပဲ တာဝန်ရှိသူတွေရောက်လာကြပြီး အလွန်မှောင်မည်းနေပြီး အန္တရာယ်များတဲ့အတွက် အပျက်အစီးတွေကို ဆက်မတူးဖို့ ပြောကြတယ်။ ငလျင်လှုပ်လိုက်တဲ့အတွက် လမ်းတစ်လျှောက်မှာရှိသမျှ ဓာတ်အားတွေ ပြတ်တောက်ပြီး မှောင်မည်းသွားခဲ့ပြီ"လို့ မွန်တီက ပြောပြခဲ့ပါတယ်။

အဲဒီအချိန်မှာ အဆောက်အအုံတွေပေါ်အလင်းရောင်တွေကျရောက်လာတာမြင်ရတယ်။ ကောက်ကွေးနေတဲ့ သတ္တုအပိုင်းအစတွေ၊ အုတ်ခဲအကျိုးအပဲ့တွေ၊ အင်္ဂတေအပျက်အစီးတွေပုံနေတာပဲ။ လေထုတစ်ခုလုံးကိုလည်း ဖုန်မှုန့်တွေက မြူခိုးတွေလို ဖုံးလွှမ်းသွားတယ်။ တီရှပ်ကိုဝတ်ဆင်ထားပြီး ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားကြတဲ့ စေတနာရှင်လူငယ်အဖွဲ့ဟာ တစ်နေရာကနေတစ်နေရာကိုလိုမ့်သွားကြတဲ့ အပျက်အစီးအပိုင်းအစတွေကို မယူဖယ်ရှားဖို့အတွက် မောပန်းနွမ်းနယ်မှုကို ဖုံးကွယ်ထားကြတဲ့ တပ်မတော်သားတွေနဲ့ ပူးပေါင်းခဲ့ကြပါတယ်။

ဆူဆူညံညံအသံတွေနဲ့ ဖရိုဖရဲသွားနေလာနေကြတဲ့လူတွေနဲ့ ယာဉ်တွေကြားမှာ ကယ်ဆယ်ရေးအဖွဲ့ကြီးကြပ်သူတွေဟာ အသက်ရှင်တဲ့သူရှိမရှိကို ဂရုတစိုက်နဲ့ သေသေချာချာနားစွင့်နိုင်ဖို့အတွက် တိတ်တိတ်ဆိတ်ဆိတ်နေကြဖို့ တိုက်တွန်းနေရပါတယ်။စက္ကန့်အနည်းငယ်အကြာမှာ အားလုံးဟာနေရာမှာပဲနှုတ်ဆိတ်သွားကြပါတယ်။ ဘာသံမှလည်းမကြားရတော့ဘူး။ အဲဒီအချိန်မှာကယ်ဆယ်ရေးကို ပြန်လည်စတင်ပါတယ်။

အဲဒီအချိန်မှာ မွန်တီဟာအပျက်အစီးပုံတွေရဲ့ထိပ်မှာရပ်ပြီးတော့ အစ်မဖြစ်သူရဲ့ဆဲလ်ဖုန်းကို ခေါ်လိုက်ပါတယ်။ "ဖုန်းမြည်သံကိုကြားရတယ်။ ဖုန်းမြည်နေတဲ့အသံဟာ ကျွန်တော်အတတ်နိုင်ဆုံးကြားသိရတဲ့သတင်းတစ်ခုပါပဲ။ကျွန်တော့်မှာ မျှော်လင့်ချက်ရှိသွားပြီ"လို့ မွန်တီက ဖြစ်ကြောင်းကုန်စင်ကို ပြန်ပြောပြခဲ့ပါတယ်။ မက္ကဆီကိုစီးတီးမြို့တွင်းနဲ့ အိမ်နီးချင်းတွေဖြစ်တဲ့ မာရီလော့စ်၊ ပူဘလာ၊ မက္ကဆီကိုနဲ့ဂွီရာယိုပြည်နယ်တွေမှာ သေဆုံးသူတွေရှိကြောင်း သတင်းပေးပို့မှုတွေကို ရရှိနေပါတယ်။

အပျက်အစီးပုံတွေအောက်မှာ အသက်ရှင်လွတ်မြောက်သူတွေကို ရှာဖွေနိုင်ဖို့ ကယ်ဆယ်ရေးအဖွဲ့ဝင်တွေက ဆက်လက်လုပ်ဆောင်နေတဲ့အတွက် အသေအပျောက်အရေအတွက်ဟာ ဒီထက်ပိုပြီး မြင့်တက်လာနိုင်သေးတယ်လို့ ခန့်မှန်းထားကြပါတယ်။ အမေရိကန်ဘူမိစစ်တမ်းကောက်ယူမှုအဖွဲ့ရဲ့ပြောကြားချက်အရ ဒေသစံတော်ချိန် ည ၁ နာရီ ၁၄ မိနစ်မှာလှုပ်ခတ်သွားခဲ့တဲ့ ပြင်းအား ၇ ဒသမ ၁အဆင့်ရှိမြေငလျင်ရဲ့ဗဟိုချက်မဟာရာဘိုစိုကနေ ၅ကီလိုမီတာအကွာမှာတည်ရှိတယ်လို့ သိရပါတယ်။

မြေငလျင်ဟာ အနက်အားဖြင့် မြေပြင်အောက် ၅၁ ကီလိုမီတာရှိပြီး ပြီးခဲ့တဲ့စက်တင်ဘာ ၇ ရက်က မက္ကဆီကိုတောင်ပိုင်းမှာလှုပ်ခတ်ခဲ့တဲ့ ပြင်းအား ၈ ဒသမ ၂ အဆင့်ရှိမြေငလျင်လှုပ်ခတ်မှုလိုပဲ ပြင်းထန်ခဲ့ပါတယ်။ အဲဒီမြေငလျင်ဟာ ရာစုနှစ်တစ်ခုအတွင်းမှာ မက္ကဆီကိုမှာလှုပ်ခတ်သွားတဲ့ အပြင်းထန်ဆုံးငလျင်ပါ။ အခုဆိုရင် မြို့တွင်းမှာ ငလျင်ကြောင့် ပြိုကျခဲ့တဲ့အဆောက်အအုံ ၃၀ နီးပါးရှိပါတယ်။ ကမ္ဘာလှည့်ခရီးသွားတွေကိုဆွဲဆောင်ရာဖြစ်တဲ့ မြို့တော်ဆိုချီမီလီကို ရေပေါ်ဥယျာဉ်ရဲ့ တည်ငြိမ်တဲ့တူးမြောင်းတွေမှာ လှိုင်းတွေရိုက်ခတ်နေတာကို တွေ့မြင်ရပြီး လေ့တွေယိမ်းထိုးလူးလွင့်နေပါတယ်။

မက္ကဆီကိုမှာဖြစ်ပွားခဲ့တဲ့မြေငလျင်အပြီးမှာတော့ နိုင်ငံတကာမသန်စွမ်းအားကစားပြိုင်ပွဲကော်မတီ (IPC) က အလေးမအားကစားနဲ့ ရေကူးအားကစားကမ္ဘာ့ချန်ပီယံလုပွဲတွေကို ရွှေ့ဆိုင်းလိုက်ပါတယ်။ ဒါဟာ IPC က တကယ့်ချန်ပီယံရှစ်ပြိုင်ပွဲကြီးတွေကို ပထမဆုံးအကြိမ် ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်ပါတယ်။ အားကစားပြိုင်ပွဲနှစ်ခုလုံးကို ခုလိုရွှေ့ဆိုင်းလိုက်ခြင်းက ပြိုင်ပွဲဝင်ဖို့အဆင်သင့်ဖြစ်နေကြတဲ့ အားကစားသမားတွေအားလုံးအတွက် တော်တော်လေးကို စိတ်ကသိကအောက်ဖြစ်သွားစေမယ့် ရွှေ့ဆိုင်းမှုတစ်ခုဖြစ်လိမ့်မယ်လို့ ကော်မတီမှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။

(ဆင်ဟွာ)

ရေအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ယနေ့ရေကမ္ဘာ

မောင်ပါဝါ

ယမန်နေ့မှ အဆက်

မြန်မာနိုင်ငံ ရေအရင်းအမြစ်စီမံခန့်ခွဲမှုတွင် ဆက်နွှယ်အကျုံးဝင်သော အဖွဲ့အစည်းများ

(Agencies Related WRM Activities)

မြန်မာနိုင်ငံ အမျိုးသားရေအရင်းအမြစ်ကော်မတီ (National Water Resources Committee) ကို ဖွဲ့စည်းထားရှိရာ ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့်ဆက်စပ်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လွှမ်းခြုံနိုင်ရန် မူဝါဒ၊ ညွှန်ကြားချက်များ ထုတ်ပြန်ချမှတ်ထားပြီး ဖြစ်ပါသည်။ ယင်းမူဝါဒ ညွှန်ကြားချက်များအောက်တွင် မြန်မာနိုင်ငံ ရေအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ဆက်နွှယ်အကျုံးဝင်သော အဖွဲ့အစည်းများရှိကြရာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာနများ၊ ရန်ကုန်နှင့်မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှု အစီအစဉ်နှင့် ဆက်စပ်ကုမ္ပဏီ အဖွဲ့အစည်းများ စသည်တို့ ပါဝင်ကြသည်။ (WRM in Myanmar, MOAI, 2013) အဆိုပါအဖွဲ့အစည်းအားလုံးသည် အစိမ်းရောင်စီးပွားရေး (Green Economy) လူတစ်ဦးချင်း စုစုပေါင်း ရေသုံးစွဲနိုင်မှု၊ စိုက်ပျိုးရေး၊ စက်မှု၊ မြို့ရွာ စည်ပင်သာယာရေးကဏ္ဍများအလိုက် ရေသုံးစွဲမှု၊ စိုက်ဧရိယာ စုစုပေါင်း၏ ရာခိုင်နှုန်းဖြင့်ဖော်ပြသော ဆည်ရေသွင်းစနစ်၊ လျှပ်စစ်ထုတ်ယူမှုစုစုပေါင်း၏ ရာခိုင်နှုန်းဖြင့် ဖော်ပြရေအားလျှပ်စစ်၊ ရေထွက်ပစ္စည်းများ ထုတ်လုပ်မှု စသည်တို့အပေါ် UNESCO မှ UN’s World Report သို့ တင်သွင်းသည့် အစီရင်ခံစာ၊ WHO/UNICEF တို့မှ စောင့်ကြည့်လေ့လာပြုစုထားသော အချက်အလက်များအပေါ် မှီငြမ်းဖော်ပြထားကြောင်းလည်း လေ့လာသိရှိရသည်။ သို့ဖြစ်၍ အာဆီယံ ၁၀ နိုင်ငံ၏ အဓိကကဏ္ဍများတွင် ရေသုံးစွဲမှု အခြေအနေနှင့် ဆက်စပ်သော အချက်အလက်များကို ဇယား (ဇ)တွင် ကောက်နုတ်ဖော်ပြထားပါသည်။ (M.Black, Feb. 2016)

မှတ်ချက်။ ။ (*) ပြသထားသော နိုင်ငံများ၏ ကိန်းဂဏန်း အချက်အလက်များ မရရှိခြင်းကြောင့်ဟု ယူဆ။

ရေအရင်းအမြစ်စီမံခန့်ခွဲမှုများကို မိရိုးဖလာ အစဉ်အလာများအတိုင်း လုပ်ဆောင်ကြရာတွင် အသုံးပြုမှုပုံစံအမျိုးမျိုးအရ ရေကိုအရောင်များဖြင့် ခွဲခြားသတ်မှတ်အသုံးပြုခြင်းတို့ဖြင့် ယင်းကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်စေမှုတံခါးကို ဖွင့်လှစ်ခဲ့ကြ

ဇယား(ဆ) အာဆီယံနိုင်ငံများ၏ ရေလိုအပ်ချက်နှင့် ရေအရင်းအမြစ်များ

စဉ်	နိုင်ငံများ	လူဦးရေ (၂၀၁၅) သန်း	ရေအရင်းအမြစ် ဖွံ့ဖြိုးမှု (၂၀၁၅)%	ပြန်လည်ပြည့်ဖြိုးမြဲ ရေအရင်းအမြစ် စုစုပေါင်း(၂၀၁၄)		နှစ်စဉ်ပြန်လည်ပြည့်ဖြိုးမြဲ ရေအရင်းအမြစ် (၂၀၁၄)	
				လူတစ်ဦး/ တစ်နှစ် (ကုဗမီတာ)	သန်း ကုဗမီတာ	မြေအောက်ရေ သန်း ကုဗမီတာ	မြေပေါ်ရေ သန်း ကုဗမီတာ
၁	ဘရူနိုင်း	၀ . ၄၂	-	၂၀,၀၉၅	၈,၅၀၀	၈,၅၀၀	၁၀၀
၂	ကမ္ဘောဒီးယား	၁၅ . ၅၈	၇၆	၃၀,၉၀၀	၄၇၆,၁၀၀	၄၇၀,၅၀၀	၁၇,၆၀၀
၃	အင်ဒိုနီးရှား	၂၅၇ . ၅၆	၈၇	၇,၉၈၆	၂၀၁၉,၀၀၀	၁၉၇၃,၀၀၀	၄၅၇,၄၀၀
၄	လာအို	၆ . ၈၀	၇၆	၄၈,၃၇၅	၃၃၃,၅၀၀	၃၃၃,၅၀၀	၃၇,၉၀၀
၅	မလေးရှား	၃၀ . ၃၃	၉၈	၁၉,၂၁၃	၅၈၀,၀၀၀	၅၆၆,၀၀၀	၆၄,၀၀၀
၆	မြန်မာ	၅၃ . ၉၀	၈၁	၂၁,၇၄၃	၁,၁၆၈,၀၀၀	၄၅၃,၇၀၀	၁, ၁၅၇,၀၀၀
၇	ဖိလစ်ပိုင်	၁၀၀ . ၇၀	၉၂	၄,၇၈၅	၄၇၉,၀၀၀	၄၄၄,၀၀၀	၁၈၀,၀၀၀
၈	စင်ကာပူ	၅ . ၆၀	၁၀၀	၁၀၉	၆၀၀	-	၀
၉	ထိုင်း	၆၇ . ၉၆	၉၈	၆,၅၂၅	၄၃၈,၆၀၀	၄၂၇,၄၀၀	၄၁,၉၀၀
၁၀	ဗီယက်နမ်	၉၃ . ၄၅	၉၈	၉,၅၅၃	၈၈၄,၁၀၀	၈၄၇,၇၀၀	၇၁,၄၂၀

ဇယား (စ) အရှေ့တောင်အာရှဒေသ အာဆီယံနိုင်ငံများ အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်ရေအရင်းအမြစ် စီမံခန့်ခွဲမှု ဦးတည်ချက်များ

စဉ်	နိုင်ငံ	ပြန်လည်ပြည့်ဖြိုးမြဲ ရေအရင်းအမြစ် (၂၀၀၇) (ဘီလီယံကုဗမီတာ	စုစုပေါင်း ရရှိနိုင်မည့် ပြည်တွင်း ရေအရင်းအမြစ် (သန်းကုဗမီတာ)	လက်ရှိလုပ်ငန်းအမျိုးအစားအလိုက် လိုအပ်ချက်(သန်းကုဗမီတာ)			စုစုပေါင်းသုံးစွဲပြီးနှင့် လိုအပ်	
				စက်မှု လုပ်ငန်း	စိုက်ပျိုးရေး လုပ်ငန်း	အိမ်တွင်းသုံး	၂၀၀၅	၂၀၂၅
၁	ဘရူနိုင်း	၈.၅	၃,၄၂၅	၃၅	-	၄၈	၈၃	၁၅၁
၂	ကမ္ဘောဒီးယား	၁၂၀.၆	၁၃၃,၆၀၀	၃၀	၄၅၅	၁၁၆	၇၆၇	၁၇၄၂
၃	အင်ဒိုနီးရှား	၂၈၃၈.၀	၁၅၂,၅၇၆	၂၇,၅၉	၇၈,၂၇၂	၅,၁၂၅	၉၀,၆၅၆	၁၂၃,၄၄၀
၄	လာအို	၁၉၀.၄	၃၀၈,၀၀၀	၅၇၀	၄,၆၇၄	၄၅၆	၅,၇၀၀	-
၅	မလေးရှား	၅၈၀.၀	၆၃၀,၀၀၀	၁,၉၀၉	၇,၃၀၀	၂,၄၁၃	၁,၆၂၂	၁၄,၅၀၄
၆	မြန်မာ	၈၈၀.၆	၉၀၁,၀၀၀	၈၀	၂၈,၀၀၀	၁၅၃	၂၈,၂၄၃	-
၇	ဖိလစ်ပိုင်	၄၇၉.၀	၁၄၅,၉၉၀	၂,၂၃၃	၂၅,၅၃၃	၂၁,၈၉	၂၉,၉၅၅	၁၃၈,၅၇၀
၈	စင်ကာပူ	၀.၉	၆၀၀	၁၉၇	၀	၂၅၁	၄၄၇	၆၆၄
၉	ထိုင်း	၂၁၀.၀	၂၁၆,၁၂၃	၁,၃၁၁	၄၈,၁၇၂	၃,၁၈၀	၆၇,၉၉၇	-
၁၀	ဗီယက်နမ်	၃၆၆.၅	၃၃၅,၀၀၀	၃,၀၇၄	၆၂,၂၀၀	၁,၀၄၂	၇၃,၅၉၉	၁၀၀,၂၅၇

အထောက်အကူပြု ရေအရင်းအမြစ် စီမံခန့်ခွဲမှု (WRM)၊ ရေအရင်းအမြစ် ပေါင်းစပ်စီမံခန့်ခွဲမှု (IWRM) တို့တွင် ပူးပေါင်းလုပ်ဆောင်ကြရန်ဖြစ်သည်။

အာဆီယံနိုင်ငံများ၏ အဓိက ရေအရင်းအမြစ်ဆိုင်ရာ အချက်အလက်များ

Key Facts of Needs and Resources and Water Uses of ASEAN Countries

အာဆီယံ ၁၀ နိုင်ငံ၏ ၂၀၁၅ ခုနှစ် နိုင်ငံလူဦးရေ၊ ရေရရှိကြသော လူဦးရေအတွက် ရေရရှိရေးတိုးတက်ဖွံ့ဖြိုးမှု ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ် လူတစ်ဦးချင်း တစ်နှစ်လျှင် ရရှိပြန်လည် ပြည့်ဖြိုးမြဲ ရေအရင်းအမြစ် စုစုပေါင်းရရှိမည့် ပြန်လည်ပြည့်ဖြိုးမြဲ ရေအရင်းအမြစ်၊ နှစ်စဉ်ရရှိနိုင်မည့် မြေအောက်ရေနှင့် နှစ်စဉ်ရရှိနိုင်မည့် မြေပြင်ပေါ်ရှိ ရေအရင်းအမြစ် စုစုပေါင်း ဖော်ပြချက်ကို ဇယား (ဆ)ဖြင့် တင်ပြထားပါသည်။ (M.Black, Feb. 2016)

မှတ်ချက်။ ။ စာတိုင် (၄) - ရေရရှိလူဦးရေ၏ ရာခိုင်နှုန်း

ယင်းအပြင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ၏ ၂၀၁၃ ခုနှစ် အခြေခံ ရေသုံးစွဲမှုများ (Water Uses) နှင့် ဆက်စပ်၍လည်းသည်။ ရေအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ အခန်းကဏ္ဍများနှင့် ဆက်စပ်လုပ်ကိုင်လျက်ရှိကြသော လုပ်ငန်းဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်း/ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၊ အင်ဂျင်နီယာများသည် ယနေ့နိုင်ငံတကာတွင် အချိန်နှင့်တစ်ပြေးညီ ဖြစ်ပေါ်တိုးတက်ပြောင်းလဲနေမှုများကိုအခြေခံပြီး ဒေသတစ်ခုနှင့် တစ်ခုအကြား အမြင်ချင်းဖလှယ်လိုက်ပါလုပ်ဆောင်နေကြသည့်အတိုင်း ဆက်လက်ကြိုးပမ်းသွားကြရန် လိုအပ်ပါသည်။ တစ်နည်းအားဖြင့် မိမိတို့၏ ပညာရပ်များနှင့် အတွေ့အကြုံများကို ကဏ္ဍအသီးသီးတွင် ပေါင်းစပ်အခြေခံလျက် ပြင်ပကမ္ဘာနှင့် ရင်ပေါင်တန်းလိုက်ပါနိုင်ရန် လက်ရှိနှင့်အနာဂတ်မျိုးဆက်ပညာရှင်များ၊ ရေအသုံးချသူများကို အားပေးကြရမည် ဖြစ်ပေသည်။

သို့ဖြစ်၍ ရေအရင်းအမြစ်စီမံခန့်ခွဲမှု ကဏ္ဍတစ်ရပ်၏ ရေပမာဏမြင့်မားစွာ အသုံးချရသော စိုက်ပျိုးရေးနှင့် ဆက်စပ်လုပ်ငန်းများကို လက်တွေ့ကျင့်သုံးနိုင်ရန် ထုတ်နုတ်ဖော်ပြလိုသည်။ စီးပွားရေးရာ တွက်ခြေကိုက်၍ ဒေသနှင့်ကိုက်ညီသည့် သီးနှံပုံစံတွဲ (Cropping pattern) စနစ်ကို အောက်ခြေအဆင့်ဆင့်ကပါ သိရှိပါဝင်ရေးဆွဲခြင်း၊ သီးနှံရေလိုအပ်ချက် (Crop water requirement) ကို ဆည်ရေပေးဝေခြင်း အကျိုးသက်ရောက်မှုနှုန်း (Irrigation efficiency)၊ အသားတင်အကျိုးသက်ရောက်မှုနှုန်း (Net efficiency)၊ ထိရောက်အကျိုးသက်ရောက်မှုနှုန်း (Effective efficiency) နှင့် မြစ်ဝှမ်းဒေသအကျိုးသက်ရောက်မှုနှုန်း (Basin efficiency) တို့ ကိုယ်စားပြု ရေအကျိုးသက်ရောက်မှုနှုန်း (Water efficiency) ဖြင့် လက်တွေ့ကျကျကြီးကြပ်မှု အဆင့်ဆင့်က ဟန်ချက်ညီညီကြိုးပမ်းလုပ်ဆောင်သွားကြရန် ဖြစ်သည်။

၂၀၁၅ ခုနှစ်ကုန်အထိ ရင်းနှီးမြှုပ်နှံမှု ကြီးမားစွာဖြင့် တည်ဆောက်ပြီးစီးခဲ့သော ရေလှောင်တမံကြီးများအနက် အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင် (ICOLD) အသိအမှတ်ပြုစာရင်းဝင် ရေလှောင်တမံကြီး ၁၇၉ ခုမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဖြစ်၍ ၁၁ ခုမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဖြစ်သည်။ ဆည်ရေသောက်စနစ် အတော်များများတွင် အမှန်လက်တွေ့ဆည်ရေလက်ခံရယူချိန်နည်းပါးပြီး ၂၄ နာရီပတ်လုံး ရေထုတ်လွှတ်ပေးဝေမှုကြောင့် တန်ဖိုးရှိ ရေ၊ လေလွင့်ဆုံးရှုံးမှုများကို ထိန်းသိမ်းရေး ဆက်စပ်လုပ်ငန်းဌာနများ၊ အုပ်ချုပ်ရေးပိုင်းအဆင့်ဆင့်နှင့် ရေသုံးစွဲကြသူများအကြား ညှိနှိုင်းပေါင်းစပ်တာဝန်ယူကြရန် လိုအပ်သည်။ ကမ္ဘာ့ရာသီဥတုဖောက်ပြန်လာမှု၊ ကမ္ဘာကြီးပူနွေးလာမှု အခြေအနေများအောက်တွင် ခြိမ်းခြောက်ခံနေရသော ရေအကျပ်အတည်းဖြစ်ပေါ်လာမှုအပေါ် စနစ်တကျ ရေအရင်းအမြစ်စီမံခန့်ခွဲမှုကို ယနေ့ရေကမ္ဘာမှ အဖွဲ့အစည်းပေါင်းစုံနှင့် ဆက်စပ်ပါဝင်လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း တင်ပြလိုက်ရသည်။

ဇယား(ဇ) အာဆီယံနိုင်ငံများ၏ အဓိကကဏ္ဍများတွင် ရေသုံးစွဲမှု

စဉ်	နိုင်ငံများ	လူတစ်ဦး စုစုပေါင်း ရေသုံးစွဲမှု(၂၀၁၃) (ကုဗမီတာ)	ကဏ္ဍအလိုက် စုစုပေါင်း ရေသုံးစွဲမှု (%)(၂၀၁၃)		စုစုပေါင်း ဆည်ရေသွင်း စိုက်ပျိုး ဧရိယာ၏ ရာခိုင်နှုန်း(%)	စုစုပေါင်း လျှပ်စစ် ထုတ်ယူမှု၏ ရာခိုင်နှုန်း(%)
			စိုက်ပျိုးရေ	စက်မှု		
၁	ဘရူနိုင်း	-	၀	၀	၀	၀
၂	ကမ္ဘောဒီးယား	၁၅၉	၉၄	၂	၉	၁၆
၃	အင်ဒိုနီးရှား	၅၂၇	၈၂	၇	၁၆	၅
၄	လာအို	၅၈၁	၉၁	၅	၂၃	(*)၀
၅	မလေးရှား	၆၇၅	၈၉	၁	၁၈	၉၈
၆	မြန်မာ	၄၁၈	၂၂	၃၃	၅	(*)၀
၇	ဖိလစ်ပိုင်	၈၄၃	၈၂	၁၀	၁၈	၁
၈	စင်ကာပူ	-	၀	၀	-	၁၇
၉	ထိုင်း	၈၆၇	၉၀	၅	၃၄	၈၀
၁၀	ဗီယက်နမ်	၉၄၈	၉၅	၄	၄၉	(*)၀

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြု စုပေါင်းသွေးလှူ

ပုသိမ် စက်တင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့က ကြီးမှူး၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ရဲမြင့်နှင့် တိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှိုင်တင့် ဦးဆောင်မှုဖြင့် တိုင်း/ခရိုင်/မြို့နယ်/ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၂၀ရက်က ပုသိမ်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ပြုလုပ်ခဲ့သည်။

အဆိုပါသွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သွေးလှူဘဏ်တာဝန်ခံဒေါက်တာအိအိမွန်နှင့် ဆရာ ဆရာမများက အာဟာရများ ကျွေးမွေးလှူဒါန်းကြကြောင်း သိရသည်။

ပုသိမ်-လှကြည်

ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

တနိုင်း စက်တင်ဘာ ၂၂

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်၌ စက်တင်ဘာ ၁၆ ရက် က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းဆုဦး၊ မြို့နယ်ဒုတိယရဲမှူး စိုးနိုင်၊ မြို့မစခန်းမှူး ဒုတိယရဲမှူးကျော်ဆန်းတို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်တို့က မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တနိုင်းမြို့နယ် ပုန်ခုန်းရပ်ကွက်ရှိ ပြည်သူ့ဆေးရုံဝန်းကြီးအတွင်း ပေါင်းမြက်များရှင်းလင်းကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နောဂျူလိုင်(တနိုင်း)

သတင်းတိုများ

န္ဒားထိုးကြီးတွင် မြို့တွင်းလမ်းများ အကျယ်တိုးချဲ့မည်

န္ဒားထိုးကြီးမြို့၏ မြို့တွင်းလမ်းမကြီးဖြစ်သော လမ်းမတော်ခေါ် မြင်းခြံ-မန္တလေးကားလမ်းမကြီးကို လက်ရှိအကျယ် ၁၈ ပေလမ်းအဖြစ်မှ အကျယ် ၂၄ ပေ လမ်းအဖြစ် ပြည်သူ့ဆောက်လုပ်ရေးလမ်းဦးစီးဌာနက ယခုဘဏ္ဍာရေးနှစ်အတွင်း တိုးချဲ့သွားမည်ဖြစ်ကြောင်း လမ်းဦးစီးအရာရှိတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ လမ်းမကြီးကို တစ်ဖက်လျှင် သုံးပေစီအကျယ် တိုးချဲ့သွားမည်ဖြစ်ကြောင်း၊ လမ်းဦးစီးဌာနနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရ ကုမ္ပဏီအစီအစဉ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ပါဝင်နေသည့် မြို့ဝင်မှ မြို့ထွက်နေရာအထိကို လမ်းချဲ့မည်ဖြစ်ကြောင်း သိရသည်။ န္ဒားထိုးကြီးမြို့နယ်တွင် ယခင်ကလည်း လမ်းတိုးချဲ့မှုတစ်ကြိမ်ဆောင်ရွက်ခဲ့ဖူးပြီး လမ်းတိုးချဲ့ရေးအတွက် နေအိမ်အဆောက်အအုံနှင့် ဈေးဆိုင်အချို့ဖျက်ခဲ့ရကြောင်း သိရသည်။ **ခင်ဇာမွန်မြင့်(ဥပဒေ)**

ဂန့်ဂေါခရိုင် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဆုများချီးမြှင့်

ဂန့်ဂေါခရိုင် ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို စက်တင်ဘာ ၁၈ ရက်က ဂန့်ဂေါမြို့ အားကစားကွင်းတွင် ပြုလုပ်ခဲ့သည်။ ဆုပေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်က အမျိုးသား ဘောလုံးအသင်းတွင် ပထမဆုရရှိသည့် ဂန့်ဂေါမြို့နယ် အသင်းကိုလည်းကောင်း၊ ခရိုင်ပညာရေးမှူး ဒေါ်တင်နွဲ့ကြည်က အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောမြို့နယ်အသင်းကိုလည်းကောင်း ဆုများချီးမြှင့်ကြပြီး တာဝန်ရှိသူများက နေရာအလိုက် အကောင်းဆုံးဆုများကို ချီးမြှင့်ခဲ့သည်။ အဆိုပါ ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်က ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ခရိုင်အတွင်းရှိ ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်များရှိ အခြေခံပညာကျောင်းများမှ ကိုယ်စားပြုဘောလုံးအသင်းများ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဖာပွန်ဒေသထွက် ဝဥခြောက်များ ဈေးကောင်းရရှိ

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ်ဒေသထွက် ဝဥခြောက်များ ယခုနှစ်တွင် ဈေးကောင်းရရှိလျက်ရှိကြောင်း ဝဥအရောင်းအဝယ်လုပ်သူများထံမှ သိရသည်။ ဖာပွန်မြို့အမှတ်(၄)ရပ်ကွက်မှ ဝဥလုပ်ကိုင်သူတစ်ဦးက ယမန်နှစ်က ဝဥခြောက်ဈေးမှာ ၁ပိဿာလျှင် ၄၀၀၀ နှုန်းခန့်သာရရှိပြီး ပုံမှန်ဈေးနှုန်းလည်း မရှိကြောင်း၊ ယခုနှစ်တွင် ဒေသပေါက်ဈေး တစ်ပိဿာလျှင် ကျပ် ၇၀၀၀ နှုန်းအထိ ရရှိနေကြောင်း ပြောသည်။ ဝဥခြောက်များကို ကုန်သည်များက ဖာပွန်မြို့နယ်တွင်းအထိ လာရောက်၍ ဈေးကောင်းပေး ဝယ်ယူလျက်ရှိကြောင်း သိရသည်။ **အောင်မျိုးလွင်(ပြန်/ဆက်)**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် မိုင်းပန်မြို့နယ်လူထု တွေ့ဆုံ

မိုင်းပန် စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ဦးဆောင်၍ ပြည်နယ်ဝန်ကြီးများ ပါဝင်သော အဖွဲ့သည် စက်တင်ဘာ ၂၀ ရက်က မိုင်းပန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းအတွင်း၌ မိုင်းပန်မြို့နယ်နေ ဒေသခံပြည်သူလူထုများနှင့် တွေ့ဆုံပွဲကျင်းပခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြို့နေပြည်သူများ၏ လိုအပ်ချက်များ၊ လိုအပ်ချက်များကို ပွင့်လင်းစွာ ပြောကြားတောင်းဆိုစေခဲ့ကာ တောင်းဆိုချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးများမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုသည်။ ဆက်လက်၍ မွေတော်ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး တိုက်အုပ်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် နမ့်ခုံ ရှမ်းများပရဟိတ အခမဲ့ဆေးခန်းသို့ သွားရောက်ကြည့်ရှုပြီး လင်းခေးမြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၉)ရပ်ကွက်၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၈ ရက်က ကျင်းပရာ လှိုင်မြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းဆွေမြင့်က ရပ်ကွက်နေပြည်သူများအား အသိပညာပေး ဟောပြောဆွေးနွေးစဉ်။ မီးမီး(လှိုင်)

ပလက်ဝမြို့နယ်အတွင်းက ရှေးဟောင်းသမိုင်းဝင် ဥဿလင်းစေတီ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ- မောင်မောင်ကျော့(ပလက်ဝ)

ဥဿလင်းစေတီတော်သည် ချင်းပြည်နယ်(တောင်ပိုင်း) ပလက်ဝမြို့အထက် ၄၃ မိုင်အကွာတွင် ရှိသည်။ ဥဿလင်းချောင်းစီးဆင်းရာ ဥဿလင်းကျေးရွာ၏ အရှေ့ဘက်၊ ကစ္ဆပနဒီမြစ်ကမ်း စေတီကိုင်းကျေးရွာနောက်ခံတောင်တန်းရှိ တောင်ကုန်းပေါ်တွင် ဖူးတွေ့ရသော ဥဿလင်းစေတီတော်မြတ်ကြီးမှာ ကြည်ညိုသပ္ပာယ်လွန်းလှသည်။ ဥဿလင်းစေတီတော်ကို လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုကျော်က စာရေးသူ နောက်ဆုံးဖူးမြော်ခဲ့ရသည်။ အခုတစ်ဖန် facebook စာမျက်နှာပေါ်တွင် ရှေးဟောင်းသမိုင်းဝင် ဥဿလင်းစေတီတော်၌ ဓာတ်တော်ရောင်ခြည်ကွန့်မြူးကြောင်း ရေးသားနေကြသည်ကို တွေ့ရသည့်အခါ သဒ္ဓါကြည်ညိုစိတ်ဖြင့် ဖူးမြော်ချင်စိတ်ဖြစ်ပေါ်မိသလို သဒ္ဓါကြည်လင် ပါရမီရှင်များအနေဖြင့်လည်း သိရှိဖူးမြော်နိုင်ကြစေရန် ရည်သန်၍ ဥဿလင်းစေတီတော်မြတ်ကြီးအကြောင်းကို ဤဆောင်းပါးဖြင့် ဦးညွှတ်ရေးသား ပူဇော်အပ်ပါသည်။ ရှေးအခါက ရခိုင်ပြည်နယ်မြေတစ်ခုလုံးကို တိုင်းဒေသကြီး တစ်ဆယ့်နှစ်တိုင်း ခွဲခြားအုပ်ချုပ်ခဲ့ရာတွင် ဥဿလင်းတိုင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။ ရခိုင်ရှေးဟောင်းသမိုင်းဝင်အရပ် ဖြစ်ခဲ့ဖူးသောကြောင့် ထိုခေတ်ထိုအချိန်က ယင်းဒေသ၏ အရေးပါမှုကို အကြောင်းပြု၍ ယနေ့တိုင် ဥဿလင်းစေတီ၊ ဥဿလင်းကျေးရွာ၊ ဥဿလင်းချောင်းဟူ၍ ဒေသစွဲအမည်များ စွဲကျန်ရှိနေပါသေးသည်။

ရခိုင်သမိုင်းဝင် ဥဿလင်းဖြစ်တည်ခဲ့ပုံကို လေ့လာကြည့်မည်ဆိုလျှင် ရခိုင်ရှေးဟောင်းသမိုင်းများ၏ အဆိုအရ ကစ္ဆပနဒီ(ခေါ်) ကုလားတန်မြစ်ဝှမ်းသို့ ရခိုင်လူမျိုးများ မြောက်ဘက်မှ ဝင်လာသည်ဟု ဆိုပါသည်။ ရခိုင်ဒေသသို့ ရှေးဦးလူများဝင်ရောက်လာမှုနှင့်စပ်လျဉ်း၍ အသျှင်စက္ကိန္ဒ၏ ရခိုင်ပုံသေဝတ္ထုများ(ပထမတွဲ) စာအုပ်တွင် မဇ္ဈိမဒေသ မာလရာဇ်တိုင်း မာဃဒေဝမင်း၏မြေးတော် သာဂရဒေဝမင်းနှင့် လူသူအမြောက်အမြားပါဝင်သည့် ရခိုင်ရှေးဦးလူများသည် ကစ္ဆပနဒီမြစ်ဖျားမှ ဝင်ရောက်လာကြပြီး ကစ္ဆပနဒီမြစ်ညာတွင် အခြေချခဲ့ဖူးစဉ် ကစ္ဆပနဒီမြစ်၏ လက်ဝဲဘက်ချိုင့်ဝှမ်းတွင် မြို့ပြတည်ထောင်နေခဲ့ဖူးသည်ဟု ဆို၏။ ထိုတိုင်းပြည်ကို ရက္ခပူရတိုင်း၊ မြို့တော်ကို ဉတ္တရမဓူမြို့ဟု ခေါ်တွင်ခဲ့သည်။ ဤဉတ္တရမဓူမြို့ကိုပင် နောင်အခါ ဥဿလင်းဟု ခေါ်တွင်ခဲ့ခြင်းဖြစ်သည်။

ရခိုင်သမိုင်းအဆိုအရ ပထမ ဓညဝတီမြို့ကို တည်ထောင်ကာ ရခိုင်ပြည်နယ်မြေ၏ နန်းဆက်ကို တည်ထောင်ခဲ့သော သူရဲကောင်းမျိုးဆက် မာယုမင်း၏ဖခင် အဇ္ဇုနရှင်ရသေ့သည် ကစ္ဆပနဒီမြစ်ဖျား ဥဿလင်းအထက် "သက်"စုဘက်တစ်နေရာတွင် တစ်ခုသော ပင်ညောင်ပင်ရင်း၌ ရသေ့အဖြစ် အကျင့်သီလဆောက်တည်ခဲ့သည်။ ရခိုင်ရာဇဝင်လင်္ကာတွင် " ကစ္ဆပနဒီ၊ ကပ်မှီမကင်း၊ ပင်ညောင်ရင်းသို့၊ လျှင်ပင်ရသေ့၊ ရောက်သတည်း"ဟူ၍ ပါရှိလေသည်။ ဤအချက်ကိုထောက်ခြင်းဖြင့် ဥဿလင်းသည် ပထမ ဓညဝတီမြို့မတိုင်မီရှိနှင့်ပြီးဖြစ်သော ရခိုင်သမိုင်းဝင်အရပ်တစ်ခုဖြစ်ကြောင်း ဖော်ညွှန်းနေသည်။

စန္ဒသူရိယမင်းကြီးတည်ထောင်ခဲ့သော တတိယ ဓညဝတီမြို့တော်သည် ရှေးခေတ်ရခိုင်ပြည်၏ ရှေးကျသောမြို့တစ်မြို့ဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးစည်ပင်ခဲ့သည်။ မြို့တော်ထွန်းကားစဉ်က ဘာသာရေး အဆောက်အအုံ၊ ဘုရင့်နန်းတော်၊ ညီလာခံခန်းမ၊ မှူးမတ် စစ်သူကြီးနေအိမ်နှင့် ပတ်ဝန်းကျင် မြို့ကြီးမြို့ငယ်စသည်စသည်တို့မှာ သူ့ခေတ်နှင့်သူ မြို့တော်အင်္ဂါရပ်နှင့်အညီ တည်ရှိခဲ့ပေသည်။ ဤအချက်ကို ပညာရှိ သိုက်တတ်လက်ရုံး၏ ဓညဝတီလမ်းညွှန်မှတ်တမ်းအရ သိနိုင်သည်။ ဤဓညဝတီလမ်းညွှန်တွင် ဥဿလင်းမြို့သည် တတိယဓညဝတီမြို့မှ ၁၇ တိုင်အကွာတွင်ရှိသော မြို့တစ်မြို့ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

တတိယ ဓညဝတီခေတ်တွင် စန္ဒသူရိယအနွယ်တော် ခြောက်ဆက်မြောက်ဖြစ်သော သူရိယစက္ကမင်း (ဘီစီ-၃၃၂-၂၇၈)သည် ဂေါတမဘုရားရှင်၏ ဗျာဒိတ်အရ ရှင်မဟာတဿနှင့် ဗာကုလာမထေရ်နှစ်ပါးတို့ ပေးအပ်သော ဓာတ်တော်မွေတော် ၂၄၈ ဆူကို ရခိုင်ပြည်အနှံ့ တည်ထားကိုးကွယ်ခဲ့သည်။ ထို့အပြင် ဥဿလင်းစေတီကိုသူရိယစက္ကမင်းကပင် သာသနာသက္ကရာဇ် ၂၂၂(ဘီစီ-၃၂၂)တွင် တည်ထားကိုးကွယ်ခဲ့သည်ဟု သမိုင်းမှတ်တမ်းများအရ သိရသည်။

ဥဿလင်းစေတီမှာ ရခိုင်နယ်မြေ၏ မွေတော်ငါးရပ်ဝင်စေတီလည်းဖြစ်သည်။ ရှေးဟောင်းကျောက်စာတစ်ချပ်တွင် "မွေတော် ငါးရပ်၊ မပြတ်ဆီမီး၊ မသေစေရ"ဟု ပါရှိသည်။ ထိုမွေတော်ငါးရပ်မှာ ဦးရာဇ်မွေတော်၊ ကျိန်းမွေတော်၊ ဝေသာလီဘုရားမွေတော်၊ ကျောက်တော်မွေတော်၊ ဥဿလင်းမွေတော်တို့ ဖြစ်သည်။ ပုဏ္ဏားကျွန်းမြို့ ဦးရာဇ်တောင်စေတီကား ဦးခေါင်းတည်း။ မင်းပြားမြို့ ကျိန်းတောင်စေတီကား လည်ပင်းတည်း။ မြောက်ဦးမြို့ ဝေသာလီဘုရား မွေတော်ကား သည်းပွတ်တည်း။ ကျောက်တော်မြို့ ကျောက်တော်တောင်စေတီကား ကျောကုန်းတည်း။ ပလက်ဝမြို့နယ် ဥဿလင်းစေတီကား အမြီးတည်း ဟု ပါရှိသည်။

ဥဿလင်းချောင်းစီးဝင်ရာ ဥဿလင်းကျေးရွာ၏ အရှေ့ဘက် ကစ္ဆပနဒီမြစ်ကမ်းစေတီတောင်ခြေကိုင်းပြင်တွင် စေတီကိုအစွဲပြု၍ စေတီကိုင်းအမည်ရှိရွာ တည်ထောင်ထားရှိသည်။ ဥဿလင်းစေတီသည် စေတီကိုင်းရွာနောက် တောင်ကုန်းပေါ်တွင် ကိန်းဝပ်သည်။ ဉာဏ်တော် ပေ ၄၀ မြင့်၏။ ဓာတ်တော်လေးဆူ ကိန်းဝပ်သည်။ ဝေသာလီ ကျောက်လှေကားခေတ် မဟာတိုင်းစန္ဒြားမင်း(အေဒီ ၃၂၇-၃၈၄)လက်ထက် တစ်ကြိမ်၊ လေးမြို့ခေတ် သရာဇာမင်း(အေဒီ ၁၁၂၃-၁၁၃၉) လက်ထက်တစ်ကြိမ်၊ မြောက်ဦးခေတ် မင်းစောမွန် (အေဒီ ၁၄၃၀-၁၄၃၃)လက်ထက် တစ်ကြိမ်နှင့် မင်းဖလောင်း(အေဒီ ၁၅၇၁-၁၅၉၃)လက်ထက်တွင် တစ်ကြိမ် အသီးသီးပြုပြင်မွမ်းမံခဲ့သည်။

ဤသို့သော သမိုင်းအထောက်အထားအရ ရခိုင်သမိုင်းခေတ်တစ်လျှောက်လုံးမှ အထက်တွင်ဖော်ပြခဲ့သော မဟာတိုင်းစန္ဒြားမင်း၊ ဒသရာဇာမင်း၊ မင်းစောမွန်၊ မင်းဖလောင်းတို့ လက်ထက်တွင် ထိုမင်းများသည် နှစ်စဉ်နှစ်တိုင်း ရခိုင်ပြည်၌ မွေတော်ငါးရပ်ကို အဓိဋ္ဌာန်ဝင်ပြီး ပူဇော်ခဲ့ကြလေသည်။ နောက်ဆုံးတွင် ဥဿ

ရှေးဟောင်းကျောက်စာတစ်ချပ်တွင် "မွေတော်ငါးရပ်၊ မပြတ်ဆီမီး၊ မသေစေရ" ဟု ပါရှိသည်။ ထိုမွေတော်ငါးရပ်မှာ ဦးရာဇ်မွေတော်၊ ကျိန်းမွေတော်၊ ဝေသာလီဘုရားမွေတော်၊ ကျောက်တော်မွေတော်၊ ဥဿလင်းမွေတော်တို့ ဖြစ်သည်။ ပုဏ္ဏားကျွန်းမြို့ ဦးရာဇ်တောင်စေတီကား ဦးခေါင်းတည်း။ မင်းပြားမြို့ ကျိန်းတောင်စေတီကား လည်ပင်းတည်း။ မြောက်ဦးမြို့ ဝေသာလီဘုရားမွေတော်ကား သည်းပွတ်တည်း။ ကျောက်တော်မြို့ ကျောက်တော်တောင်စေတီကား ကျောကုန်းတည်း။ ပလက်ဝမြို့နယ် ဥဿလင်းစေတီကား အမြီးတည်းဟု ပါရှိသည်



လင်းစေတီ၌ ကိုးရက်(သို့)၄၅ ရက် ဉပုသ်ဆောင်ဝင်၍ အောင်မြေနင်းကြလေသည်။ ထို့ကြောင့် ဥဿလင်းစေတီကား အမြီးတည်းဟု ကျောက်ထက်အက္ခရာတင်ခဲ့ခြင်းဖြစ်သည်။

ဤမွေတော်ငါးရပ်တို့ကို ပြုစုရန် ဦးရာဇ်တောင်စေတီကို ဗုဒ္ဓဟူးသား၊ ကျိန်းတောင်စေတီကို ကြာသပတေးသား၊ ဝေသာလီဘုရားကြီးကိုအင်္ဂါသား၊ ကျောက်တော်တောင်စေတီကို သောကြာသား၊ ဥဿလင်းစေတီကို တနင်္လာသားတို့က အကြီးအမှူးပြု၍ ထီး၊ တံခွန်၊ ဆီမီး၊ ပေါက်ပေါက်တို့ဖြင့် အမြဲမပြတ် ပူဇော်နိုင်မှသာလျှင် ရခိုင်ပြည်တွင်ရှိ မင်း၊ မှူးမတ်၊ ပြည်သူတို့ဘုန်းကြီးသက်ရှည်စေနိုင်သည့် အကျိုးကျေးဇူးရရှိစေလိမ့်မည်ဟုလည်း ပါရှိသည်။

အချို့က ဥဿလင်းစေတီကို ကဿပဘုရားရှင်လက်ထက်က အောင်သလင်းစေတီဟု ခေါ်တွင်ခဲ့ကြောင်း၊ ရှေးရခိုင်ဘုရင်မင်းတစ်ပါး စစ်ချီရာတွင် စစ်နိုင်ပါက ဤနေရာတွင် ဘုရားတည်မည်ဟု ကတိသစ္စာပြု၍ အောင်မြေနင်းပြီး တိုက်ခိုက်ခဲ့ရာ ခုနစ်ရက်အတွင်း အနိုင်ရခဲ့ကြောင်း၊ အပြန်တွင် စေတီတည်ထားခြင်းဖြစ်ကြောင်း၊ နောက်တွင် ဥဿလင်းမြို့ဟောင်းနှင့် ဥဿလင်းချောင်းစီးဝင်ရာ ကစ္ဆပနဒီအရှေ့ဘက်တောင်ကုန်းပေါ်တည်ရှိသည်ကို အစွဲပြု၍ ဥဿလင်းစေတီဟု ခေါ်တွင်ကြောင်းလည်း အဆိုရှိသည်။

မည်သို့ပင်ဆိုစေ ဥဿလင်းစေတီကို ရခိုင်ဘုရင်တို့ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံခဲ့ပြီးနောက် မည်သည့်အချိန်က ပြန်လည်ပျက်စီးသွားသည်ကို တိကျစွာ မဆိုနိုင်ကြပေ။ ဤစေတီမှာ စာရေးသူတို့ အရွယ်ရောက်ပြီးသည့်တိုင် ပျက်စီးယိုယွင်းနေသည်ကို တွေ့ရသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တပ်မတော်အစိုးရလက်ထက် (၁၉၉၂-၁၉၉၃)တွင် စေတီကို တစ်ဖန်ပြန်လည် မွမ်းမံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စာရေးသူမှာလည်း ငွေအား၊ လုပ်အားဒါနအစုစုတွင် ပါဝင်ကုသိုလ်ယူနိုင်ခဲ့သည်။ စေတီတော်ကြီး ပြန်လည်တည်ဆောက်ပြီးစီးသည့်နောက်တွင် ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်စွာဖြင့် အဝေးကပင် လှမ်းမြင်ဖူးတွေ့နိုင်သည်။ စေတီတော် ထီးတော်တင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ပွဲတော်သို့ စာရေးသူ အခွင့်မသာ၍ မရောက်နိုင်ခဲ့ပေ။ ၁၉၉၄ ခုနှစ် တာဝန်ဖြင့် ခရီးသွားသည့်အချိန်မှသာ စေတီတော်ကြီးတည်ရှိရာ တောင်ကုန်းရင်ပြင်သို့တိုင် သွားရောက်ဖူးမြော်ခွင့်ရရှိခဲ့သည်။ ရခိုင်ရှေးဟောင်းသမိုင်းဝင် ဥဿလင်းစေတီမှာ ဆီမီးမပြတ်တော့ပါ။ ဓာတ်တော်ရောင်ခြည်သည်ပင် ကွန့်မြူးလျက်ရှိနေပေပြီ။ တချို့က တိုင်းနိုင်ငံ အေးချမ်းသာယာတော့မည့်နိမိတ်ဟုပင် တွေးတောကြသည်။ ရခိုင်ပြည်နယ်၏ ရှေးဟောင်းသမိုင်းဝင် မွေတော်ငါးရပ်ဝင် ဥဿလင်းစေတီတော်မြတ်ကြီးသို့ သဒ္ဓါကြည်ညိုစိတ်ဖြင့် တစ်ခါတစ်ခေါက်၊ အဆွေရောက်ဖို့၊ ကြိုထောက်အသင့် ပြင်ဆင်နှင့်လျက် ခွန်းဆင့်ဖိတ်ခေါ်လိုက်ပါရစေ။ ။

ရုပ်ရှင်ဇာတ်ကားကြီး ရှစ်ကား ရိုက်ကူးမှုရှိနေပြီဆိုသည့်

ကျော်ထက်အောင်

● ကိုလင်း

Myanmar idol သီချင်းဆိုပြိုင်ပွဲ၏ MC တစ်ယောက်အဖြစ်မှ သရုပ်ဆောင်လောကထဲကို ရောက်ရှိလာသူ ကျော်ထက်အောင် အနေဖြင့် ရုပ်ရှင်ဇာတ်ကားကြီးများဖြစ်သည့်၊ "သူငယ်"ရုပ်ရှင်ဇာတ်ကား၊ "ကြယ်"ရုပ်ရှင်ဇာတ်ကား၊ "စရိုက်"ရုပ်ရှင်ဇာတ်ကား၊ "ကာဗွန်ဒိုင်အောက်ဆိုက်"ရုပ်ရှင်ဇာတ်ကား၊ "နေခြည်မှာရွှေရည်လောင်း"ရုပ်ရှင်ဇာတ်ကား၊ "ဂန္ထဝင်အငြိုး"စသည့် ဇာတ်ကားများတွင်ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။ ယခုလ ၂၉ ရက်တွင် ရုံတင်ပြသမည့် "ချူဆီ"ရုပ်ရှင်ဇာတ်ကားကြီးတွင်လည်း ကျော်ထက်အောင်က ဘဝဆိုးသည့် ကောင်လေးတစ်ယောက်အဖြစ် သရုပ်ဆောင်ထားသည်။

"ဒီဘက်ခေတ်မှာ ဖြစ်လေ့ရှိတဲ့ ပုံစံလေးတွေကို အခြေခံပြီး ရိုက်ထားတဲ့ကားပါ၊ ကောင်လေးတစ်ယောက်က အလုပ်မရှိဘူး၊ အလုပ်လက်မဲ့ပေါ့၊ မထင်မှတ်ဘဲ ကာရာအိုကေဆိုင်ရဲ့မန်နေဂျာ ရာထူးကိုရခဲ့တယ်။ အလုပ်ပြန်တော့လည်း ဆိုင်မှာလုပ်တဲ့ ကောင်မလေးတွေနဲ့ နှလုံးသားရေးရာ အရှုပ်တွေဖြစ်လာတယ်။ လာပြီးအပန်းဖြေသူတွေနဲ့ ရှုပ်မှာလည်းပါတယ်။ အလုပ်တစ်ခုလုပ်ရင် ငြိစွန်းကြတာပဲ၊ ဒီဟာလေးကိုလည်း ပြသထားသလို KTV မှာလာတဲ့ လူတန်းစားပေါင်းစုံ ယောကျ်ားတွေနဲ့ ကောင်မလေးတွေနဲ့ ပြဿနာကို ဝိုင်းဝန်းဖြေရှင်းပေးတာမျိုးပေါ့"ဟု ပြောသည် ။

အဆိုပါဇာတ်ကားသည် ဝတ္ထု စုမောင်မောင်ရေးသားသော "ကာရာအိုကေ"ဟု အမည်ပေးထားသည့် စာအုပ်ကို ပြန်လည်ရိုက်ကူးထားခြင်းဖြစ်ကြောင်း ၊ ယင်းဝတ္ထုထဲကအတိုင်း ပီပြင်စွာသရုပ်ဆောင်ထားကြောင်း သိရသည်။ ကျော်ထက်အောင်သည် "သူငယ်" ရုပ်ရှင်ဇာတ်ကားကြီးထဲ၌လည်း မိမိထက် အသက်ကြီးသော မမများနှင့် သရုပ်ဆောင်ခဲ့ပြီး ယခု"ချူဆီ"ရုပ်ရှင်ဇာတ်ကားကိုလည်း ဇာတ်ရုပ်ကွဲပြားအောင် ကြိုးစားထားကြောင်း သိရသည် ။

"သရုပ်ဆောင်ရမှာဖြစ်တဲ့အတွက် ကာရိုက်တာပုံစံကွဲပြားမှုလေးကိုလည်း ကျွန်တော်နဲ့ အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးနဲ့ ဇာတ်ကောင်ကိုပေါ်အောင်ရွေးချယ်ခဲ့တာဆိုတော့ စိုးရိမ်ရမယ့် အပိုင်းတွေတော့ မပါဘူး။ "သူငယ်"ရုပ်ရှင်ဇာတ်ကားနဲ့ "ချူဆီ"ရုပ်ရှင်ဇာတ်ကားထဲက ကာရိုက်တာက ဘဝ ကွာတာတော့ အမှန်ပဲ။ "သူငယ်"ရုပ်ရှင်ဇာတ်ကားမှာက ပိုက်ဆံရှိအသိုင်းအဝိုင်းထဲက ကိုရန်အောင်ရဲ့ ညီဝမ်းကွဲပေါ့။ ဒီဇာတ်ကားထဲမှာ အလုပ်လေးတစ်ခု ရှိရုံပဲရှိတယ်။ ဘာပိုင်ဆိုင်မှုမှမရှိတဲ့ ကောင်လေးတစ်ယောက်ပါ"ဟု ၎င်းကပြောသည်။

အဆိုပါ "ချူဆီ"ရုပ်ရှင်ဇာတ်ကားကြီးကို သရုပ်ဆောင်မင်းဦးက ဒါရိုက်တာအဖြစ် ပထမဆုံး ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ပြီး သရုပ်ဆောင် မယ်လိုဒီ၊ အေးမြတ်သူ၊ မေ၊ အိချောပို၊ နန်းစုဦးတို့နဲ့အတူ ခေါင်းဆောင်မင်းသား တစ်ယောက်အဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည် ။

မြန်မာပြည်သိန်းတန်၏ ဒုတိယမြောက်ရုပ်ရှင်ကားကြီး အဆိုတော်တွေနေတဲ့ရွာ

ကိုလင်း

မြန်မာသံစတူဒီယိုလောကတွင် ယနေ့တိုင် အောင်မြင်မှုများ မပျောက်ပျက်သွားနိုင်အောင် ထိန်းသိမ်းထားသူ ဝါရင့်အဆိုတော်ကြီး မြန်မာပြည်သိန်းတန်က ဇနီးဖြစ်သူနှင့်အတူ သီချင်းတွေဆိုရုံသာမက သရုပ်ဆောင်အလုပ်ကိုပါ အာရုံစိုက်နေကြောင်း သိရသည်။

သူ့အနေဖြင့် ပထမဆုံးရုံကြီးကား တစ်ကားဖြစ်သည့် "ဖက်ရှင်"ရုပ်ရှင်ဇာတ်ကားကြီးတွင် လူငယ်သရုပ်ဆောင် ဇေရဲထက်နှင့်အတူ သရုပ်ဆောင်ခဲ့ပြီး ပရိသတ်များအကြိုက်တွေ့ခဲ့သည်။

"ပရိသတ်နဲ့ ထပ်တူကျခဲ့တဲ့ ဇာတ်ကားကြီးဖြစ်တယ်ဆိုလို့ ကောင်းပါတယ်ဗျာ။ သဘောကျပါတယ်။ နောက်ထပ်ရုပ်ရှင်ဇာတ်ကားကြီးတစ်ကားလည်းရိုက်ထားတာရှိတယ်။ အဲ့ဒါက "အဆိုတော်တွေနေတဲ့ရွာဆိုတဲ့ ဇာတ်ကားပေါ့။ ရှမ်းပြည်နယ် အောင်ပန်းမှာ ရိုက်တာပါ။ အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်တာဖြစ်ပြီး ဒါရိုက်တာရာဇဝင်ကိုက ရိုက်တာပါ။ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေ အဲ့ဒီဇာတ်ကားမှာ အများကြီးပါတယ်။ တော်တော်လည်းစုံတယ်၊ ဇာတ်ကားထဲမှာ ဦးနဲ့ဇနီးဖြစ်သူ တေးချစ်သူတို့က ငယ်ငယ်တုန်းက တွေ့ခဲ့တဲ့ ငယ်ရည်းစား၊ ကြီးမှ ပြန်တွေ့ပြီး ရည်းစားဖြစ်ကြတယ်။ ပြန်ခိုးပြေးတာမျိုး ပုံစံလေး သရုပ်ဆောင်ထားပါတယ်။ အန်ကယ့်အနေနဲ့ အခုလို ရုပ်ရှင်ရိုက်ဖြစ်ရလိမ့်မယ်လို့ အိပ်မက်တောင်မမက်ခဲ့ဖူးဘူး။ အားလုံးရဲ့တောင်းဆိုချက်၊ မေတ္တာထားမှုကြောင့် အမှတ်မထင်ပိတ်ကားပေါ်ကို ရောက်ခဲ့ရတာမို့ အင်မတန်ကို ကြည်နူးမိတယ်၊ ဂုဏ်လည်း ဂုဏ်ယူတယ်။ ဒါပေမယ့် ကိုယ်က အဆိုသမားဆိုတော့ သရုပ်ဆောင်အပိုင်းမှာ အားနည်းချက်တော့ ရှိတာပေါ့နော်၊ အန်ကယ်က အပြင်မှာနေသလိုပဲ ရိုးရိုးသားသားသရုပ်ဆောင်လိုက်တာပါပဲ" ဟု မြန်မာပြည်သိန်းတန်က ပြောသည်။

သားနှင့်သမီးကို အနုပညာအမွေများ ခွဲဝေပေးဦးမည့် အကယ်ဒမီခင်ဇာခြည်ကျော်

ကိုလင်း

"ငါသူတစ်ပါး ယောကျ်ား မိန်းမ"ရုပ်ရှင်ဇာတ်ကားကြီးဖြင့် အကယ်ဒမီရရှိခဲ့ပြီး အနုပညာအလုပ်များထက် သားသမီးများအပေါ်တာဝန်ကျေပွန်သော မိခင်တစ်ဦးအဖြစ်နှင့်သာဘဝကို ရှေ့ဆက်လျှောက်လှမ်းနေသည့် သရုပ်ဆောင်ခင်ဇာခြည်ကျော်က သားနှင့်သမီးအပေါ် ထားရှိသော မိခင်တစ်ယောက်၏ ခံစားချက်များကို ယခုလိုပြောကြားခဲ့သည်။

"သားက သရုပ်ဆောင်ဘက်ကို ဝါသနာပါသလို သမီးဖြစ်သူကလည်း အဆိုဘက်ကို ဝါသနာပါတယ်။သားသားကတော့ အခု လူပျိုပေါက်ဆိုတော့ သူ့ဟာနဲ့သူကလည်း စန်းလေးတွေရှိတဲ့အတွက် လာကမ်းလှမ်းကြတာတွေ ရှိတယ်။ ရုပ်ရှင်ဇာတ်ကားကြီးဆိုရင်လည်း ခေါင်းဆောင်တောင် လာငှားကြတာများတယ်။ အစ်မအနေနဲ့ကတော့ ကလေးကလည်း ၁၀ တန်းရောက်နေပြီ ပညာရေးကလည်း တစ်ဖက်၊ ရုပ်ရှင်ဘက်ကလည်းတစ်ဖက်ဆိုတော့ ရုပ်ရှင်ထဲကို ဝင်လိုက်ရင် ပညာရေးကို စိတ်ဝင်စားဖို့ဆိုတာ တော်တော်ကြီးကို ပညာတော်တဲ့လူမျိုးမှလည်း ဖြစ်မယ်ထင်တယ်။ အဲ့ဒီအတွက် သားကို အခုချိန်မှာမလုပ်ပါနဲ့ဦး၊ ပညာရေးကိုပြီးအောင် လုပ်လိုက်ပါဦး။

ဘာကြောင့်လဲဆိုတော့ အခုလည်း ၁၅ နှစ်ဆိုတော့ ငယ်ပါသေးတယ်ဆိုပြီးတော့ ပြောထားတယ်။ ကလေးကလည်း နားလည်ပါတယ်။ သူတို့ကတော့ အမေ့ရဲ့သွေးပါတော့ ဝါသနာကြီးကြတယ်။ နောက်သမီးလေးကလည်း အဆိုဝါသနာပါတယ်။ အခုမှ သမီးလေးက ၁၃ နှစ်ဆိုတော့ ၈ တန်းပေါ့။ အဲ့ဒီလိုပါပဲ အဆိုဝါသနာပါတယ်ဆိုပြီး သူ့ဘာသာသူ ဒီအတိုင်း သီချင်း ဆိုတာပဲရှိတယ်။ ကလေးဆိုတော့ ဘာမှမသိသေးဘူးပေါ့၊ သူတို့ကြိုက်တာလေးတွေကို ပညာရေးပြီးသွားတာနဲ့ အစ်မကတော့ လက်တွဲခေါ်လို့ရရင် အကုန်ခေါ်သွားမှာပါပဲ"ဟု ပြောသည် ။

လတ်တလောတွင် သရုပ်ဆောင် ခင်ဇာခြည်ကျော် အနေဖြင့် ရုပ်ရှင်ဇာတ်ကားများဆက်တိုက်ရိုက်ကူးလာရပြီး မကြာမီရိုက်ကူးမည့် ဒါရိုက်တာရွှေရေးထင်ထင် ရေးသားသော "ရာဇဝင်ရိုင်းခဲ့သည် "ရုပ်ရှင်ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကာ ယင်းဇာတ်ကားတွင် ရဲအောင်၏ အမျိုးသမီး ကလေးတစ်ယောက်အမေနေရာမှ ပါဝင်သရုပ်ဆောင်သွားမည်ဟု သိရသည်။

မီးမျှောပွဲနှင့် ဖျော်ဖြေပွဲများ ကျင်းပမည်

ဝေလင်း

ရန်ကုန်မြို့၏ သီတင်းကျွတ်မီးမျှောပွဲတော်နှင့် အနုပညာဖျော်ဖြေပွဲကို အောက်တိုဘာ ၁ ရက် မှ ၃ရက်အထိ ရန်ကုန်မြို့ရှိ ကန်တော်ကြီးဥယျာဉ်၊ မျှော်စင်ကျွန်း၌ ညနေ ၄ နာရီမှ ည ၁၁ နာရီအထိ ကျင်းပသွားမည်ဟု သိရသည်။

" အဓိက ဒီပွဲပြုလုပ်ရတာကတော့ ကျွန်တော်တို့နိုင်ငံမှာ နှစ်စဉ်ဗုဒ္ဓဘုရားကို ကြိုဆိုတဲ့ အမှတ်တရအဖြစ် တိုင်းဒေသကြီးနဲ့ ပြည်နယ် တွေမှာ သူ့ရိုးရာဓလေ့အတိုင်းကျင်းပကြတယ်။ ကြိုဆိုကြတယ်။ အထူးသဖြင့် နာမည်ကြီးပြီး စည်ကားတဲ့ ရွှေကျင်မီးမျှောပွဲကြီးကိုကြည့်ပြီး ငါတို့ရန်ကုန်မှာလည်းဒီလိုမျိုးပွဲတော်ကြီးတစ်ခုလုပ်မယ်ဆိုပြီး အတွေးလေးရလာလို့ အားလုံးတိုင်ပင်ပြီး ပြုလုပ်ရတာပါ။ ဒီပွဲကတော့ ရန်ကုန်မြို့ရဲ့ပထမဆုံးမီးမျှောပွဲတော်ကြီးဆိုလည်း မမှားပါဘူး။ ကျွန်တော်တို့ ဖျော်ဖြေရေးဆိုလည်း တစ်ရက်နဲ့ တစ်ရက်မတူအောင် လာရောက်သူတွေ အပန်းပြေ ပျော်ရွှင်အောင်လုပ်ထားပါတယ်။ ဒီလိုပွဲတော်ကို နှစ်တိုင်းကျင်းပသွားဖို့ စီစဉ်ထားပါတယ် "ဟု The Warrior Entertainment မှ စီစဉ်သူတစ်ဦးက ပြောသည်။

အဆိုပါပွဲတော်သို့ လာရောက်သူများအနေဖြင့် မိမိနှစ်သက်ရာ မီးပုံးများကို မျှောနိုင်ရန် ဝင်ကြေးအပါအဝင် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀ သတ်မှတ်ထားကြောင်း၊ အောက်တိုဘာ ၁ ရက်တွင် လူရွှင်တော်မေတ္တာနှင့်အဖွဲ့၏ မေတ္တာရွှေစင်အငြိမ့်ဖျော်ဖြေမှု၊ အောက်တိုဘာ ၂ ရက်တွင် ချစ်သုဝေ ၊Ar -T ၊ ပိုပိုဟေသာ ၊ Project -k Dancer နှင့် Rokies တို့၏ ဖျော်ဖြေမှု၊ အောက်တိုဘာ ၃ ရက်တွင် နီနီခင်ဇော်၊ ရဲရင့်အောင်၊ အောင်ထက်နှင့် Creative Dance Crew ၏ ဖျော်ဖြေမှုများပါဝင်မည်ဖြစ်ပြီး ဆိုင်ခန်းပေါင်း ၆၀ ကျော်ပါဝင်သော Night Market အဖြစ် အစားအသောက်များ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အသက်ခုနစ်နှစ်အရွယ်မှာအကြောက်လွန်ရောဂါ ခံစားခဲ့ရဖူးကြောင်း အမ်မာစတုန်းပြောပြ

La La Land ရုပ်ရှင်ဇာတ်ကားရဲ့ကြယ်ပွင့်ဖြစ်သူရုပ်ရှင်မင်းသမီးအမ်မာစတုန်းဟာ သူ့အနေနဲ့ စိုးရိမ်ပူပန်မှုတွေနဲ့အမြဲလိုလိုရင်ဆိုင်ခဲ့ရကြောင်း ပြောပြခဲ့သူပါ။ လွန်ခဲ့တဲ့အင်္ဂါနေ့ကတော့ အမ်မာစတုန်းဟာ သူခုနစ်နှစ်သမီးအရွယ်ကစပြီးအကြောက်လွန်ရောဂါခံစားခဲ့ရတယ်လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အသက်ကိုးနှစ်အရွယ်မှာ ကုသမှုခံယူခဲ့ကြောင်း၊ ဒီကုသမှုကနေအကျိုးကျေးဇူးအများကြီးရခဲ့ကြောင်း ပြောပြခဲ့ပါတယ်။

"ကျွန်မငယ်ငယ်တုန်းကတော့ အလွန်အလွန်ကိုစိုးရိမ်ပူပန်မှုများတဲ့ ကလေးတစ်ယောက်ပါ။ ခဏခဏလည်းအကြောက်လွန်ခဲ့ပါတယ်။ ကုသမှုကနေအကျိုးကျေးဇူးအများကြီးရခဲ့ပါတယ်"လို့ အမ်မာစတုန်းကပြောပြခဲ့ပါတယ်။ ယခုနှစ်အစောပိုင်း ရုပ်ရှင်ထူးချွန်ဆုရရှိပြီးချိန်မှာတော့ အမ်မာစတုန်းဟာ သူဘယ်လိုမျိုးစိုးရိမ်ပူပန်မှုတွေနဲ့ တိုက်ပွဲဆင်ခဲ့ရကြောင်း၊ သူ့ဘဝတစ်လျှောက်လုံးရင်ဆိုင်ခဲ့ရတဲ့ ဒီအခြေအနေတွေဟာ ဘယ်လောက်စိတ်ပျက်စရာကောင်းကြောင်းစတာတွေကိုပြောပြခဲ့တယ်။ အသက် ၂၈ နှစ်အရွယ် ဟောလိဝုဒ်စတား အမ်မာစတုန်းဟာ စိတ်ကျန်းမာရေးချို့ယွင်းချက်ရှိတဲ့ကလေးသူငယ်များ၊ စိတ်ကစဉ့်ကလျားဝေဒနာခံစားရတဲ့ ကလေးသူငယ်များအတွက်ရည်ရွယ်ပြီးဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းထဲမှာလည်း အသင်းဝင်ထားပါတယ်။ အမ်မာစတုန်းဟာ သူ့လိုပဲအခြားသူတွေကိုလည်းစိတ်ကျန်းမာရေးအခြေအနေနဲ့ပတ်သက်ပြီးပွင့်ပွင့်လင်းလင်းပြောထွက်ကြဖို့ တိုက်တွန်းထားပါသေးတယ်။ အမ်မာစတုန်းဟာသူငယ်စဉ်ကအကြောင်းအရာတွေကို ပြန်မတွေးချင်ပေမယ့် အဲဒီကနေသင်ယူစရာတွေအများကြီးရခဲ့ကြောင်း၊ အသက်ကြီးလာတဲ့အခါ ကောင်းကောင်းဖြေရှင်းလာနိုင်ကြောင်းလည်း ပြောပြခဲ့ပါတယ်။

ဟယ်လို

ခြူး

ဟယ်လီဘယ်ရီကသူ့ရဲ့အချစ်ရေးအကြောင်း ဝန်ခံပြောကြား

ဟောလိဝုဒ်စတား ဟယ်လီဘယ်ရီဟာတေးထုတ်လုပ်သူ Alex da Kid နဲ့ ချစ်သူတွေဖြစ်နေကြကြောင်း ဝန်ခံလိုက်ပါတယ်။ အင်စရတာဂရမ်မှာလည်းချစ်သူနှစ်ဦးကြည်နူးနေတဲ့ပုံတွေတင်ခဲ့ပါတယ်။ အဖြူအမည်းကာလာနဲ့ ရိုက်ကူးတဲ့ ဒီဓာတ်ပုံတွေကို Alex ကလည်းသူ့ရဲ့လူမှုမီဒီယာပေါ်မှာ မျှဝေခဲ့ပါတယ်။ သူတို့နှစ်ဦးဘယ်အချိန်ကတည်းကတွဲနေသလဲဆိုတာကိုတော့ ဘယ်သူမှ မသိပါဘူး။

ဟယ်လီဘယ်ရီဟာအခုအချိန်မှာ အသက် ၅၁ နှစ်အရွယ်ရှိပြီး လွန်ခဲ့တဲ့နှစ်ကမှ ပြင်သစ်သရုပ်ဆောင် အိုလီဗာမာတင်နိုက်ဇ်နဲ့ အပြီးသတ်ကွာရှင်းပြတ်စဲပြီးတာပဲဖြစ်တယ်။ ဟယ်လီဘယ်ရီဟာ ၂၀၀၀ ပြည့်နှစ်တွေတုန်းကတော့ ဟောလိဝုဒ်မှာကြေးအမြင့်ဆုံးရတဲ့ ရုပ်ရှင်မင်းသမီးပဲဖြစ်တယ်။ ကွာရှင်းပြီးတဲ့နောက်မှာ ဟယ်လီဘယ်ရီဟာသူနဲ့အတူကလေးတွေရှိကြောင်း၊ ရှေ့ဆက်ဘာတွေဆက်လုပ်ရမလဲဆိုတာသေချာစဉ်းစားရဦးမှာဖြစ်ကြောင်း People မဂ္ဂဇင်းနဲ့အင်တာဗျူးမှာ ဖြေကြားခဲ့ဖူးပါတယ်။

ခင်ပွန်းဟောင်းဖြစ်သူအိုလီဗာနဲ့ ၂၀၁၀ ခုနှစ်ကတွေ့ဆုံခဲ့တာဖြစ်ပြီးအိုလီဗာကနှစ်နှစ်အကြာမှာ လက်ထပ်ခွင့်တောင်းခဲ့ပါတယ်။ ပြင်သစ်မှာပဲလက်ထပ်ပွဲကျင်းပခဲ့ပါတယ်။ အော်စကာဆုရှင် ဟယ်လီဟာအိုလီဗာနဲ့ Maceo Robert ဆိုတဲ့ သားတစ်ဦးထွန်းကားခဲ့ပါတယ်။ ဟယ်လီမှာ Maceo Robert အပြင် ကနေဒါမော်ဒယ် ဂါဘရီရယ် အော်ဘရီနဲ့ရတဲ့ အသက် ကိုးနှစ်အရွယ် Nahla ဆိုတဲ့ သမီးလေးတစ်ဦးလည်း ရှိပါတယ်။

ဟယ်လို

ခြူး

မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်မှုဖော်ဆောင်ရေး ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၂

အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ(National Tran-sport Facilitation Committee-NTFC)၏ပဉ္စမအကြိမ်အစည်းအဝေးကို စက်တင်ဘာ ၂၀ ရက်က နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်က မိမိတို့အနေဖြင့် Seamless Transport ဖြစ်စေရေး ဦးတည်သည့်နည်းတူ Trade Promotion နှင့် Tourist Promotion ကိုပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အတူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာအတွေ့အကြုံနှင့် လုပ်ငန်းဆောင်ရွက်မှုများတွင် ဝင်ဆံ့ယှဉ်ပြိုင်နိုင်စေရန်နှင့် တရားဝင်အကာအကွယ်ပေးသွားနိုင်ရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် ထိုင်းနိုင်ငံနှင့် ကနဦးအကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သော်လည်း ရေရှည်တွင် GMS နိုင်ငံများအတွင်းCBTA အားအပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက်လည်း မျှော်မှန်း၍ ညှိနှိုင်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ အဆိုပါ နားလည်မှုစာလွှာအား နိုဝင်ဘာလတွင် လက်မှတ်ရေးထိုးနိုင်ရန်နှင့် ဒီဇင်ဘာလကုန်(သို့မဟုတ်) ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်းတွင် စတင်နိုင်ရေး လျာထားဆောင်ရွက်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးတက်ရောက်လာကြသော ဌာန၊ အဖွဲ့အစည်းတာဝန်ခံများက ပါမစ်စောင်ရေ၊ လမ်းကြောင်းစသည်တို့နှင့်ပတ်သက်၍ လက်တွေ့လုပ်ငန်းဆောင်ရွက်မှုများနှင့် အားသာချက်၊ အားနည်းချက်များကို သုံးသပ်အကြံပြုဆွေးနွေးခြင်း၊ နယ်စပ်ဖြတ်ကျော်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ ညွှန်ကြားချက်စသည်တို့အား ဝန်ကြီးဌာနအလိုက် Website များတွင် မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ပြည့်စုံစွာတင်ထားနိုင်ရေးဆောင်ရွက်ထားမှုများကို အသီးသီးဆွေးနွေးခဲ့ကြသည်။

ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက မော်တော်ယာဉ် အဝင်/အထွက် စာရင်းများမှန်ကန်ရေးနှင့် ကြုံတွေ့ရမည့် အခက်အခဲများကို သေချာစွာ ညှိနှိုင်းဆွေးနွေးရေး၊ Border Control Facilities (BCF) များ အချိန်မီပြီးစီးရေး၊ Customs - Imm-igration –Quarantine (CIQ) ပိုင်းဆိုင်ရာများတွင်လည်း ဖြည့်ဆည်းနိုင်ရေးအတွက် Fiber Cable လိုင်းဆက်သွယ်ရေးပိုင်း ဆိုင်ရာများကို အချိန်မီ ဖြည့်ဆည်းနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားရန် တိုက်တွန်းပြောကြားခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာမီးပုံးများကို လူကြိုက်များသော်လည်း လိုသလောက်မထုတ်နိုင်ဖြစ်နေ

ရေစကြို စက်တင်ဘာ ၂၂

သီတင်းကျွတ်လသို့ ရောက်တော့မည်ဖြစ်သည့်အတွက် နေအိမ်များတွင် ထွန်းညှိရန် မီးပုံးများကို ဈေးများတွင် စတင်ရောင်းချလာကြပြီဖြစ်သည်။ ရေစကြိုမြို့ မီးပုံးဈေးကွက်တွင် မြန်မာမီးပုံးများထက် တရုတ်နိုင်ငံမှ ဝင်ရောက်လာသော မီးပုံးများကိုသာ အစားထိုးရောင်းချလာမှု ပိုများလာသည်ကို တွေ့ရသည်။ မြန်မာမီးပုံးများကို ရောင်းဝယ်သူနည်းပါးလာခြင်းမှာ ဈေးကွက်၌ အဝယ်မရှိ၍ မဟုတ်ဘဲ မီးပုံးချိုး၍ ပြုလုပ်ရောင်းချသူ နည်းပါးလာခြင်းကြောင့်လိုသလောက်အရေအတွက်ကို ပြုလုပ်မပေးနိုင်ကြသဖြင့် အရောင်းအဝယ်နည်းပါးလာခြင်းဖြစ်ကြောင်း သိရသည်။

ရေစကြိုမြို့နယ်တွင် မီးပုံးချိုး၍ရောင်းချသူ ပင်ရင်းနှစ်ခုရှိသည်ဟု သိရသည်။ ၎င်းတို့အနေဖြင့် မီးပုံးများကို နေအိမ်တွင် ပြုလုပ်ပြီး မီးပုံးရောင်းချသည့်ဆိုင်များသို့ သွားရောက်ပို့ဆောင် ပေးရသည်ဟု မီးပုံးချိုး၍ရောင်းချသူတစ်ဦးဖြစ်သည့် ဦးသိန်းဦးက ပြောသည်။ "ကျွန်တော်တို့ မြို့ပေါ်ကဆိုင်တွေကို ပို့ရပါတယ်။ ကျွန်တော်တို့ပို့သလောက်ဝယ်ပါတယ်။ ကျွန်တော်တို့ကသာ သူတို့ဝယ်ချင်သလောက် ချိုးမပေးနိုင်တာပါ" ဟု ဦးသိန်းဦးက ပြောသည်။

မြန်မာမီးပုံးချိုးရာတွင် အလွယ်တကူ ကျိုးမသွားစေရန် မဲတင်းဝါးကို အသုံးပြု၍ ပြုလုပ်ရသည်။ မီးပုံးဈေးနှုန်းများမှာ အနိမ့်ဆုံး ဖောက်သည်သွင်း ဈေးတစ်လုံးလျှင် ကျပ်တစ်ရာ တန်မှ ကျပ် ၁၅၀၀ တန်အထိရှိပြီး လက်လီဈေးအနေဖြင့် ထိုထက်ပိုများကြောင်း သိရသည်။ ချိတ်ဆွဲရသော ရိုးရိုးမီးပုံးများအပြင် ကလေးများအတွက် သင်္ဘောရုပ်၊ လေယာဉ်ပျံရုပ်၊ အိမ်ပုံ၊ ကားရုပ်၊ ယုန်ရုပ် အစရှိသည့် အရုပ်ပုံများဖြင့်လည်း မီးပုံးပြုလုပ်ရောင်းချသည်ဟု မီးပုံးချိုးသူ ဦးဘသန်းထံမှ သိရသည်။

"အိမ်မှာလာဝယ်ကြတာတွေလည်း ရှိတယ်။ အိမ်လာဝယ်ကြတာတွေကတော့ ဖောက်သည်ဈေးနဲ့တော့ မတူဘူးပေါ့။ ဖောက်သည်ဈေး ငါးရာနဲ့ သွင်းရတဲ့ဟာဆိုရင် ၆၀၀၊ ၇၀၀ နဲ့ ရောင်းလိုက်တာပေါ့" ဟု မီးပုံးချိုး၍ ဖောက်သည်ပေးသူ ဒေါ်ကံရှိက ပြောသည်။ ရေစကြိုမြို့၌ မီးပုံးများ ရောင်းချနေသည့် ဆိုင်တစ်ဆိုင်မှ ရောင်းချသူ တစ်ဦးက "တရုတ်မီးပုံးတွေကို သိပ်မကြိုက်ကြဘူး။ သီတင်းကျွတ်လရောက်တော့မှာဆိုတော့ ရိုးရာမပျက်မြန်မာမီးပုံးကိုပဲ လာလာဝယ်ကြတယ်။ မီးပုံးချိုးတဲ့ ပင်ရင်းတွေကလည်း ခုဆိုရှားလာတယ်။ သူကလည်း လုပ်ရတာ လက်ဝင်တာကိုး။ မြန်မာမီးပုံးတွေက အရောင်အသွေးကလည်း စုံတယ်။ လှတယ်၊ ပြီးတော့ ကလေးတွေကြိုက်တဲ့ပုံစံအရုပ်တွေလည်း ရှိတယ်ဆိုတော့ ဝါခေါင်လလောက်ကတည်းက မီးပုံးချိုးတဲ့သူတွေကို လာပို့ဖို့ ကြိုမှာထားရတယ်"ဟု ပြောသည်။

ဈေးကွက်တွင် မီးပုံးများ ရောင်းအားအကောင်းဆုံးအချိန်မှာ သီတင်းကျွတ်လမပြည့်မီ ၁၅ ရက် ခန့်မှစတင်၍ လပြည့်ပြီး ၁၅ ရက်အတွင်း အချိန်များဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မီးပုံးများရောင်းအားကောင်းနေသော်လည်း မြန်မာမီးပုံးများမှာ လိုသလောက် မရနိုင်သဖြင့် ဈေးကွက်ထဲတွင် တရုတ်နိုင်ငံမှလာသော မီးပုံးများကို အများဆုံးမြင်တွေ့နေရကြောင်း သိရသည်။

အိမွန်ဆွေ(ရေစကြို)

ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းများနေထိုင်သည့် တိုက်များတွင် ဖြတ်လမ်းများဖောက်လုပ်

နေပြည်တော် စက်တင်ဘာ ၂၂

နေပြည်တော် ရှစ်မြို့နယ်၏ ဧရိယာအကျယ်အဝန်းသည် ၂၇၄၈ ဒသမ ၆၁ စတုရန်းမိုင်ရှိသည့်အနက် နိုင်ငံ့ဝန်ထမ်းများတစုတဝေးတည်း နေထိုင်သော ဇမ္ဗူသီရိမြို့နယ်မှာမူ ၃၂ ဒသမ ၂၈ စတုရန်းမိုင် အကျယ်အဝန်းရှိသည်။

ယခုအခါ ဇမ္ဗူသီရိမြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်းတိုက်ခန်းရှိ ပြည်သူများက လူမှုရေး၊ ကျန်းမာရေး၊ လုံခြုံရေးကိစ္စရပ်များဆောင်ရွက်နိုင်ရန် ကိုယ့်အားကိုယ်ကိုးဖြတ်လမ်းများဖောက်လုပ်လာကြသည်ကို တွေ့မြင်ရသည်။

"လက်ရှိနေရာဒေသရဲ့သဘာဝပတ်ဝန်းကျင်အနေနဲ့ တောင်ကုန်းတွေ၊ သဘာဝသစ်တောသစ်ပင်တွေ ရှိနေတာဆိုတော့ လမ်းတွေက ကွေ့ပတ်ပြီးသွားနေရတာ အဆင်မပြေဘူး။ အချိန်တိုအတွင်းကူးသန်းသွားလာနိုင်ဖို့ ကိုယ့်အစီအစဉ်နဲ့ကိုယ် စုပေါင်းပြီးဖောက်လုပ်ရခြင်းဖြစ်ပါတယ်။ လမ်းအရှည် ပေ ၁၃၀ နဲ့ အကျယ်လေးပေခန့်ရှိတဲ့ ကွန်ကရစ်လမ်းများ ဖြစ်ပါတယ်။ အားလုံးက ကိုယ့်ချွေးနဲ့စာနဲ့ လှူဒါန်းဖောက်လုပ်တာဖြစ်တဲ့အတွက် ကျေနပ်ပါတယ်" ဟု စက်တင်ဘာ ၂၀ ရက်က အဆိုပါ လမ်းဖောက်လုပ်ဆောင်ရွက်ရာတွင် ဦးဆောင်သူဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်မှ ဦးစိုးနိုင်လင်းက ပြောသည်။

ယခုအခါ ဇမ္ဗူသီရိမြို့နယ်အတွင်း နိုင်ငံ့ဝန်ထမ်းများနေထိုင်သည့် အချို့သောတိုက်များတွင် မိမိတို့အစီအစဉ်ဖြင့် လုံခြုံရေးအတွက် ခြံစည်းရိုးများကာရံထားသည်ကိုလည်း တွေ့မြင်ရသည်။

ကိုပေါက်(ဥက္ကာမြေ)

မြသလွန်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်သွားမည်

မကွေး စက်တင်ဘာ ၂၂

မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကာလအတွင်း လုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မကွေးမြို့ မြသလွန်ဘုရားဂေါပက(အောက်ရုံး)တွင် စက်တင်ဘာ ၁၉ ရက်က ပြုလုပ်ခဲ့သည့် ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကာလအတွင်း လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ယာဉ်လမ်းစည်းကမ်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ကျင်းပခဲ့သည့် ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှသန်း၊ မကွေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးကျော်ထွန်း၊ မြို့နယ်ရဲမှူး၊ မြသလွန်ဘုရားဂေါပကအဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးကန်ထရိုက် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက "ယခင်နှစ်က မြသလွန်ဘုရားပွဲတော်ကာလအတွင်း မှုခင်းနှစ်ခု ဖြစ်ပွားခဲ့ကြောင်း၊ ယခုနှစ်တွင် မှုခင်းများ ဖြစ်ပွားမှုမရှိအောင် လုံခြုံရေးအင်အားတိုးမြှင့်၍ စိုးမိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

မြသလွန်ဘုရားဂေါပကအတွင်းရေးမှူး ဦးအေးကျော်နှင့် ဆောက်လုပ်ရေးကန်ထရိုက်များက ပွဲတော်ကာလအတွင်း လုံခြုံရေးဆောင်ရွက်ရန်နေရာ ရှစ်နေရာ ပြုလုပ်ထားကြောင်း၊ ထိုနေရာများကို ရဲတပ်ဖွဲ့ဝင် တာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ရှိပါက ဖြည့်တင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုံခြုံရေးဆောင်ရွက်မှုများအပေါ် မိမိတို့အနေဖြင့်လည်း ပူးပေါင်းဆောင်ရွက် လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော မကွေးမြို့၏ အထင်ကရ သမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကာ ပွဲတော်ဝင်းအတွင်း ဆိုင်ခန်းပေါင်း ၁၁၀၀ ကျော် ဆောက်လုပ်ခဲ့ပြီး တစ်ခန်းလျှင် ငွေကျပ် ၂၀၀၀၀ ဖြင့် ရောင်းချပေးထားကြောင်း၊ ဘုရားပွဲတော်ကာလမှာ နှစ်စဉ်သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လကုန်အထိ ရက် ၂၀ ကျော်ကြာမြင့်ကြောင်း မြသလွန်ဘုရားပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

ကျော်ဇေယျ

ခရိုင် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

မူဆယ် စက်တင်ဘာ ၂၂

ရှမ်းပြည်နယ် မူဆယ်ခရိုင်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၀ ရက်က ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်စီမံကိန်းရေးဆွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းကို စနစ်တကျရေးဆွဲ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ရပ်ကွက်/ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များကို စုစည်းပြီး နှစ်အလိုက်ဘတ်ဂျက်ဖြင့် ဆောင်ရွက်လိုသည့်လုပ်ငန်းများ၊ လွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ၊ အကူအညီ အထောက်အပံ့များဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ စသဖြင့် လုပ်ငန်းအမျိုးအစားအလိုက် ခွဲခြားကာ ဆောင်ရွက်မည့် လုပ်ငန်းများကို ကြိုတင်ရေးဆွဲထားရှိရန်လည်း လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်စီမံကိန်းဦးစီးမှူး ဦးမောင်မောင်လှိုင်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းစာရင်းများ လျာထားရေးဆွဲထားရှိမှု အခြေအနေများကို ရှင်းလင်းသည်။

ထို့နောက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းရေးဆွဲလျာထားချက်များအပေါ် ရှမ်းပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက အသေးစိတ် ဝိုင်းဝန်းဆွေးနွေးကြပြီး ကျေးရွာအချို့နှင့် ဒေသခံပြည်သူများ လိုအပ်နေသည့် လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး အစရှိသည့် အခြေခံလိုအပ်ချက်များကို စီမံကိန်းတွင်ပါဝင်အောင် ရေးဆွဲထည့်သွင်းပေးရန်တို့ကို ဖြည့်စွက်အကြံပြု ဆွေးနွေးခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

ကျေးရွာချင်းဆက် ချောင်းကူးတံတားကို ကိုယ့်အားကိုယ်ကိုး ပြုပြင်

ဖန်းမောက် စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ် လေးသီနှင့် နှောင်မဲ့လုံ ကျေးရွာချင်းဆက် ခေါ်ပုတ်ချောင်းကူးသစ်သားတံတားသည် ဩဂုတ် ၂၆ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျချောင်းရေနှင့်အတူ မျောပါသွားခဲ့ရာ ယခုအခါ အဆိုပါ ကျေးရွာချင်းဆက်သစ်သားတံတားကို လေးသီကျေးရွာမှ ဒေသခံပြည်သူများ စုပေါင်းလုပ်အားဖြင့် စက်တင်ဘာ ၁၈ ရက်က စတင်ပြုပြင်နေပြီဖြစ်ကြောင်း သိရသည်။

လေးသီကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမဲအောင်က "လေးသီကျေးရွာအတွင်းမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေက နှောင်မဲ့လုံအလယ်တန်းကျောင်း(ခွဲ)မှာ တက်နေရတာတွေရှိသလို ဖန်းမောက်အထက်တန်းကျောင်းမှာလည်း တက်ရောက်နေတဲ့ ကျောင်းသားကျောင်းသူတွေ ရှိတာကြောင့် အများပြည်သူ အသွားအလာ အဆင်ပြေချောမွေ့စေဖို့ အခုလို ပြုပြင်တည်ဆောက်ရခြင်းဖြစ်ပါတယ်။ တံတားပြုပြင်ဖို့ သစ်သားတွေကိုတော့ ဖန်းမောက်မြို့မှ စီးပွားရေးလုပ်ငန်းရှင် ဦးကျော်မြင့်က လှူဒါန်းခဲ့တာပါ။ ချောင်းရေတိုက်စားတာဟာ ဒါပါဆိုရင် နှစ်ကြိမ်ရှိသွားပါပြီ။ အခုပြုပြင်နေတဲ့ ကျေးရွာချင်းဆက် တံတားအပြီးသတ် ပြီးစီးသွားရင် ပြည်သူတွေ လွယ်လင့်တကူ သွားလာနိုင်ပါပြီ"ဟု ပြောသည်။

ပျက်စီးသွားသော ခေါ်ပုတ်ချောင်းကူးသစ်သားတံတားသည် အရှည် ပေ ၁၅၀၊ အမြင့် ၁၂ ပေ၊ အကျယ်ငါးပေခွဲရှိကာ ယခုပြန်လည်ပြုပြင်ပြီး၍ ကောင်းမွန်သွားပါက လေးသီနှင့် နှောင်မဲ့လုံကျေးရွာ အပါအဝင် မံထုံဒေသစိတ်အတွင်းရှိ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကို လွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

ကျော်စွာ(ဖန်းမောက်)

လည်ပတ်ရန်ပုံငွေ ပြန်လည်ထုတ်ချေးနိုင်ရေး ဆောင်ရွက်

သံတွဲ စက်တင်ဘာ ၂၂- ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်း ကျေးရွာ ၃၂ ရွာရှိသည့်အနက် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် နှစ်ပြည့်စီမံကိန်း ကျေးရွာ ၁၂ ရွာ၏ လည်ပတ်ရန်ပုံငွေ ၄၀ ဒသမ ၀၄ကျပ်သန်း ပြန်လည်ထုတ်ချေးနိုင်ရေးကို သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ မြို့နယ်မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီက စက်တင်ဘာလဒုတိယပတ်က အတည်ပြုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မှုခင်းသတင်းတိုများ

ဘိန်းဖြူ ဘိန်းဆီခဲများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

မြန်မာနိုင်ငံအနှံ့တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် ရှာဖွေဖမ်းဆီးမှုများကို ဆောင်ရွက်လျက်ရှိရာ ဖန်းမော်မြို့နယ်၊ မိုးကောင်းမြို့ မူဆယ်မြို့နယ်နှင့် လားရှိုးမြို့နယ်တို့တွင် ဘိန်းဖြူ၊ ဘိန်းဆီခဲများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ စက်တင်ဘာ ၁၉ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖန်းမော်မြို့နယ်တွင် ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဖန်းမော်မြို့ မင်းကုန်းရပ်ကွက် ဂရင်းဟိုတယ်ရှေ့တွင် ဌေးအောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေစဉ် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ မခင်နှင်းညွန့်နှင့် မကြည်ဝင်းတို့နှစ်ဦးကိုလည်း မင်းကုန်းရပ်ကွက် စမတ်တည်းခိုခန်းတွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မိုးကောင်းမြို့နယ် ညောင်ကုန်းကျေးရွာတွင်လည်း မူးယစ်ဆေးဝါးသတင်းအရ မိုးကောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယော်ဆောင်း ဆိုသူ၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၈၈ ကီလို၊ ဘိန်းဆီခဲ သုည ဒသမ ၄၉၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၂၅ ပြားနှင့် ငွေကျပ် ၂၉ သိန်းကို ဖမ်းမိခဲ့သည်။

မူဆယ်မြို့နယ်၌ မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မန့်ဝိန်းရပ်ကွက် သချိုင်းကုန်းအနီးလမ်းပေါ်၌ ရှာဖွေစစ်ဆေးမှုများပြုလုပ်စဉ် ရန်ပိန်ရှိန်း မောင်းနှင်ပြီး ကျိန်ကြားပေါက် နောက်မှလိုက်ပါလာသည့် ဆိုင်ကယ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ကို ဖမ်းမိခဲ့သည်။

လားရှိုးမြို့နယ် မန်နားကျေးရွာတွင်လည်း မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရွာအဝင်ကားလမ်းပေါ်၌ ချိန်ကွေ့ဟွာ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ ကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖြစ်စဉ်များမှ မူးယစ်ဆေးများနှင့်အတူ ဖမ်းမိသူများအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

တရားမဝင်ကျွန်းသစ်ခွဲသားများ ဖမ်းဆီးရမိ

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် (၁၁၅)မိုင် အမြန်လမ်းရဲစခန်းအပိုင်တွင် တရားမဝင် ကျွန်းသစ်ခွဲသားများ တင်ဆောင်လာသည့်ယာဉ်တစ်စီးကို စက်တင်ဘာ ၁၉ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ကျော်ဆွေဝင်း(၃၄ နှစ်)မောင်းနှင်လာသည့် နီဆန်း(ယူဒီ)ခြောက်ဘီးယာဉ်ကို မသင်္ကာသဖြင့် ဖြူးမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီးနှင့် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးရာ တရားမဝင် ကျွန်းသစ်ခွဲသား ၅၁၁ ချောင်း (အလေးချိန် ၃ ဒသမ ၆၆၆၀ တန်)ကို ရှာဖွေဖမ်းဆီးရမိသဖြင့် အမြန်လမ်းရဲစခန်းက သစ်တောဥပဒေအရ အမှုဖွင့်လှစ်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြူးမြင့်ဦး

ဓားဒဏ်ရာများဖြင့် သေဆုံးနေသူတစ်ဦးတွေ့ရှိ

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျွန်းကုန်းနယ်မြေရဲစခန်းအပိုင် ဇရပ်ကြီးကုန်းကျေးရွာရှိ လယ်ကွက်ထဲတွင် စက်တင်ဘာ ၁၉ ရက်က အမျိုးသားတစ်ဦး ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရ၍ စုံစမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ အလောင်းတွေ့သည့်သတင်းအရ တောင်ငူမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေဦးနှင့် ကျွန်းကုန်းနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်ဇော်မြင့်တို့ ဦးစီးအဖွဲ့က အခင်းဖြစ်ပွားသည့်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ မြောက်ရေကြည် ကျေးရွာအုပ်စု ရွာသစ်ကျေးရွာနေ မင်းဆွေဦး(၂၈ နှစ်)ဖြစ်ပြီး ခန္ဓာကိုယ်အနှံ့တွင် ဓားဒဏ်ရာအများအပြားဖြင့် သေဆုံးနေသည်ကို တွေ့ရသဖြင့် ကျွန်းကုန်းနယ်မြေရဲစခန်းက အမှုဖွင့်ကာ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ချောင်းရေထဲမျောလာသည့် အလောင်းတစ်လောင်းတွေ့ရှိ

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ လက်ပန်းကျေးရွာအနီး ယောချောင်းထဲ၌ မျောလာပြီး ကမ်းတင်နေသည့် အလောင်းတစ်လောင်းကို စက်တင်ဘာ ၂၀ ရက်က တွေ့ရှိ၍ ရဲတပ်ဖွဲ့က စုံစမ်းလျက်ရှိကြောင်း သိရသည်။ အလောင်းကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ထွေးအောင်နှင့်အဖွဲ့က တွေ့ရှိ၍ ကျောက်ထုမြို့နယ်မြေရဲစခန်းသို့ အကြောင်းကြားခဲ့ပြီး စခန်းမှူး ရဲအုပ်ခင်မောင်ရွှေနှင့်အဖွဲ့က လာရောက်ကြည့်ရှုခဲ့ကာ အလောင်းမှာ အမျိုးသားတစ်ဦး၏ အလောင်းဖြစ်ပြီး မည်သူ၊ မည်သည့်အရပ်ဒေသကဆိုသည်ကို မသိရသေးကြောင်း၊ ကျောက်ထုမြို့တွင် စက်တင်ဘာ ၁၉ နှင့် ၂၀ ရက်က မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့သည့်အတွက် ချောင်းရေများမြင့်တက်လာ၍ ရေတွင်မျောပါပြီး ကမ်းတင်နေခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့က ဖြစ်စဉ်ကို ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

(၁၀၁)

ကော့သောင်းမြို့တွင် တရားမဝင်သစ်ခွဲသားများ ဖမ်းဆီးရမိ

ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် တော်ဝင်(၂)လမ်း၌ တရားမဝင်သစ်ခွဲသားဆိုက်စုံများ တင်ဆောင်လာသည့် သစ်တင်ကားတစ်စီးကို စက်တင်ဘာ ၁၈ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ တရားမဝင်သစ်သတင်းအရ သစ်တောဦးစီးဌာနမှ တောအုပ် ဦးသန်းဇော်ဝင်း ဦးဆောင်သည့် သစ်တောဝန်ထမ်းများအဖွဲ့က ကော့သောင်းမြို့မရဲစခန်းမှ ဒုရဲအုပ် သက်ပိုင်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ရှာဖွေစစ်ဆေးမှုများဆောင်ရွက်စဉ် နီဆန်းခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင်သစ်မျိုးစုံ ခွဲသား ၃၅၂ ချောင်း (အလေးချိန် ၇ ဒသမ ၅၄၉၈ တန်)ကို သစ်ပိုင်ရှင် ဦးညီညီနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကာ သစ်တောဥပဒေအရ အမှုဖွင့်ထားကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

မိုဘိုင်းငွေကြေးဝန်ဆောင်မှုများ သုံးစွဲနိုင်မည့် M-ပိုက်ဆံ ဝန်ဆောင်မှုသစ်ကို အူရီဒူးမှစတင်ပြုလုပ်

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံအတွင်း မည်သည့်နေရာမှ ဖုန်းသုံးစွဲသူများထံသို့မဆို ငွေလွှဲခြင်းအပါအဝင် ငွေကြေးဝန်ဆောင်မှုများစွာကို အသုံးပြုနိုင်မည့် ဝန်ဆောင်မှုအသစ်တစ်ခုဖြစ်သော M-ပိုက်ဆံဝန်ဆောင်မှုကို အူရီဒူးမြန်မာက စက်တင်ဘာ ၁၉ ရက်မှ စတင်ပြုလုပ်ထားပြီဖြစ်ကြောင်း သိရသည်။

M-ပိုက်ဆံ မိုဘိုင်းငွေကြေးဝန်ဆောင်မှုကို သုံးစွဲရန်အတွက် အူရီဒူးဆင်းကတ်ကို အသုံးပြုရမည်ဖြစ်ပြီး သုံးစွဲသူများသည် ငွေသားကို အီလက်ထရွန်နစ်ပိုက်ဆံအဖြစ် ပြောင်းလဲကာ မိမိတို့၏မိုဘိုင်းဖုန်းများထဲတွင် ငွေကို စုဆောင်း ထားနိုင်မည်ဖြစ်သည်။ ငွေသားကို တန်ဖိုးတူညီသည့် ဒီဂျစ်တယ်ပိုက်ဆံအဖြစ်သို့ ပြောင်းလဲခြင်းကို မြန်မာနိုင်ငံအနှံ့အပြားရှိ M-ပိုက်ဆံ ကိုယ်စားလှယ်များထံတွင် သွားရောက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့အပြင် CB ဘဏ်အကောင့် ရှိထားသူများအနေဖြင့် ဘဏ်အကောင့်အတွင်းမှ ပိုက်ဆံကတ် M-ပိုက်ဆံသို့ လွှဲပြောင်းအသုံးပြုခြင်း၊ M-ပိုက်ဆံထဲမှ ငွေကို ဘဏ်အကောင့်ထဲသို့ လွှဲပြောင်းအသုံးပြုခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

M-ပိုက်ဆံတွင်ရှိသည့် ဒီဂျစ်တယ်ပိုက်ဆံသည် မူလငွေစက္ကူနှင့် တူညီသောတန်ဖိုးရှိမည်ဖြစ်ပြီး ၎င်းကို အူရီဒူးဖုန်းအချင်းချင်းဖြစ်စေ၊ အခြားဖုန်းများသို့ဖြစ်စေ ချက်ချင်းငွေလွှဲပို့ခြင်း၊ အသုံးစရိတ်များ လွှဲပေးခြင်း၊ မည်သည့်အချိန် မည်သည့်နေရာတွင်မဆို ဖုန်းငွေဖြည့်ခြင်း စသည်ဖြင့် အမျိုးမျိုးသော လုပ်ငန်းစဉ်များအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။

လက်ရှိ ပြည်တွင်း၌ဝန်ဆောင်မှုပေးနေသော မိုဘိုင်းငွေကြေးဝန်ဆောင်မှုများထက် M-ပိုက်ဆံ၏ အားသာချက်မှာ မည်သည့်ဖုန်းအသုံးပြုသူများထံသို့မဆို လွှဲပြောင်းပေးနိုင်ခြင်းဖြစ်သည်။ အခြားဝန်ဆောင်မှုများမှာ အပလီကေးရှင်းအသုံးပြုရသဖြင့် စမတ်ဖုန်းအသုံးပြုသူများထံသို့သာ လွှဲပေးနိုင်သော်လည်း M-ပိုက်ဆံမှာ အပလီကေးရှင်းမှဖြစ်စေ၊ SMS မှဖြစ်စေ သုံးနိုင်သဖြင့် စမတ်ဖုန်းမဟုတ်သည့် မည်သည့်ဖုန်းများကိုမဆို ငွေလွှဲနိုင်မည်ဖြစ်သည်။

ဒီဂျစ်တယ်ငွေကြေးကို လက်ခံရယူသူအနေဖြင့် ငွေသားအဖြစ် ထုတ်ယူလိုပါက ငွေလွှဲရန် လက်ခံရရှိသော SMS နှင့်အတူ သက်ဆိုင်ရာ အထောက်အထားများဖြင့် နီးစပ်ရာ မည်သည့် M-ပိုက်ဆံ အေးဂျင့်ထံတွင်မဆို ငွေသားပြန်လည်ထုတ်ယူနိုင်မည်ဖြစ်သည်။

အဆိုပါ M-ပိုက်ဆံ ဝန်ဆောင်မှုအတွက် အူရီဒူးအနေဖြင့် အဆင့်အမြင့်ဆုံးနည်းပညာ၊ သုံးစွဲသူများအတွက် အဆင့်မြင့်လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ လွယ်ကူရိုးရှင်းစွာ အသုံးပြုနိုင်မည့် လုပ်ဆောင်ချက်များ၊ ၂၄ နာရီလုံး အချိန်မရွေးသုံးနိုင်မည့် နည်းပညာပိုင်းဆိုင်ရာများဖြင့် ပံ့ပိုးထားကာ ဝန်ဆောင်မှုကို အူရီဒူးဖုန်းသုံးစွဲသူများအားလုံး အသုံးပြုနိုင်မည်ဖြစ်ပြီး ငွေလွှဲလက်ခံခြင်းကိုမူ အူရီဒူးဖုန်းမဟုတ်သည့် အခြားဖုန်းများဖြင့်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

အူရီဒူးမြန်မာ၏ Acting CEO Mr. Vikram Sinha က "M-Pitesan ဝန်ဆောင်မှုက မြန်မာနိုင်ငံအတွင်း မည်သည့်နေရာ မည်သည့်အချိန်တွင်မဆို ငွေလွှဲလိုသည့် သုံးစွဲသူများရဲ့ လိုအပ်ချက်နှင့် ကိုက်ညီမယ်လို့ ယုံကြည်ပါတယ်။ ယခုဈေးကွက်အနေအထားက မိုဘိုင်းငွေကြေးရဲ့နောက်တစ်ဆင့် ထွန်းကားလာမှုအတွက် အသင့်ဖြစ်နေပြီဖြစ်တာကြောင့် ကျွန်တော်တို့အနေနဲ့ သုံးစွဲသူများ၊ ဘဏ်များနဲ့ စီးပွားရေးလုပ်ငန်းများအတွက် ဆောင်ရွက်နိုင်စွမ်းမြင့်မားတဲ့ ဝန်ဆောင်မှုမျိုး ကမ်းလှမ်းပေးနိုင်တဲ့အတွက် M-Pitesan က ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းကို နောက်ထပ်အဆင့်တစ်ခုသို့ တိုးမြှင့်ပေးနိုင်လိမ့်မယ်လို့ ခိုင်မာစွာယုံကြည်ပါတယ်"ဟု ပြောကြားသည်။

M-ပိုက်ဆံကို သုံးစွဲရန်အတွက် အကောင့်စတင်ဖွင့်ခြင်းကို အခမဲ့ဆောင်ရွက်နိုင်သလို ငွေသွင်းခြင်း၊ ငွေလွှဲလက်ခံခြင်း၊ ငွေလက်ကျန်စစ်ခြင်း၊ Pin နံပါတ်ပြောင်းလဲခြင်း၊ အီးမေးလ်ရှင်းတမ်းရယူခြင်း၊ ဖုန်းငွေဖြည့်ခြင်းတို့ကိုလည်း အခမဲ့ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အကောင့်စတင်ဖွင့်ချိန်တွင် သုံးစွဲသူ အဆင့်(၁)၊ အဆင့်(၂)နှင့် လုပ်ငန်းရှင်အဆင့်ဟု သုံးမျိုးမှ ရွေးချယ်ဖွင့်လှစ်နိုင်ပြီး အဆင့်(၁)မှာ နေ့စဉ် ကျပ်ငါးသောင်း၊ အဆင့်(၂)မှာ နေ့စဉ် ကျပ်နှစ်သိန်းနှင့် လုပ်ငန်းရှင်အဆင့်မှာ နေ့စဉ် ကျပ် ၁၀ သိန်းအထိ ငွေလွှဲနိုင်မည်ဖြစ်သည်။

ငွေလွှဲဝန်ဆောင်ခအနေဖြင့် M-ပိုက်ဆံ အကောင့်ရှိသူအချင်းချင်းလွှဲပါက ကျပ်နှစ်သိန်းအထိကို အခမဲ့ လွှဲနိုင်မည်ဖြစ်သည်။ အကောင့်မရှိသူများထံ ငွေလွှဲပါက အနည်းဆုံး ကျပ်ငါးရာမှ ငါးထောင်အထိ ငွေလွှဲခ ကျပ် ၃၀၀ ဖြစ်ကာ အများဆုံး ကျပ်တစ်သိန်းခွဲမှ နှစ်သိန်းအထိ လွှဲခမှာ ကျပ် ၂၃၀၀ ဖြစ်ပြီး ငွေပမာဏအလိုက် လွှဲခများကို အူရီဒူးမြန်မာဝက်ဘ်ဆိုက်တွင် အသေးစိတ် ကြည့်ရှုနိုင်သည်။

လွှဲငွေလက်ခံသူသည် M-ပိုက်ဆံအကောင့်မရှိပါက ငွေပြန်လည်ထုတ်ယူရာတွင် အခမဲ့ ထုတ်ယူနိုင်မည်ဖြစ်သည်။ M-ပိုက်ဆံအကောင့်ဖြင့် လက်ခံ၍ ငွေသားပြန်လည်ထုတ်ယူခြင်း အပါအဝင် M-ပိုက်ဆံအကောင့်ထဲမှ ငွေသားထုတ်ယူခြင်းများအတွက်မူ သတ်မှတ်နှုန်းထားအလိုက် ဝန်ဆောင်ခများ ပေးရမည်ဖြစ်သည်။ M-ပိုက်ဆံ မိုဘိုင်းငွေကြေးဝန်ဆောင်မှုမှာ အပလီကေးရှင်းအပြင် SMS မှလည်း သုံးနိုင်မည်ဖြစ်၍ အကောင့်မရှိသူမှ အကောင့်ရှိသူထံသို့ဖြစ်စေ၊ အကောင့်မရှိသူ အချင်းချင်းဖြစ်စေ M-ပိုက်ဆံ ကိုယ်စားလှယ်များထံမှတစ်ဆင့် ငွေလွှဲပေးခြင်း၊ ငွေလက်ခံခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အူရီဒူးမြန်မာအနေဖြင့် ဈေးကွက်အတွင်း မိုဘိုင်းငွေကြေးဝန်ဆောင်မှုကို အကောင်းဆုံး ပေးအပ်နိုင်ရန်အတွက် အခြေခံပြင်ဆင်မှုများပြုလုပ်ခြင်းနှင့် လုပ်ငန်းစဉ်အားလုံး ပြည့်စုံချောမွေ့စွာ ဆောင်ရွက်နိုင်ရန် လွန်ခဲ့သည့်နှစ်ကပင် ပြင်ဆင်ဆောင်ရွက်နေခဲ့ကြောင်း၊ ယခု အူရီဒူး၏ M-ပိုက်ဆံဖြင့် ငွေကြေးလွှဲပြောင်းပေးပို့ရန် ပုံစံသစ်တစ်မျိုးကို ဝန်ဆောင်မှုပေးလိုက်သည့်အတွက် ပြည်သူများအနေဖြင့် အခက်အခဲနည်းနည်းနှင့် ပိုမိုမြန်ဆန်စွာဖြင့် ငွေလွှဲပြောင်းပေးပို့နိုင်သည့် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများစွာ ရရှိမည်ဖြစ်ကြောင်းလည်း အူရီဒူးက သတင်းထုတ်ပြန်သည်။

အဆိုပါ M-ပိုက်ဆံ မိုဘိုင်းငွေကြေးဝန်ဆောင်မှုကို အူရီဒူးအနေဖြင့် ကိုယ်စားလှယ်ထောင်ပေါင်းများစွာဖြင့် ပံ့ပိုးပေးသွားမည်ဖြစ်၍ သုံးစွဲသူများအနေဖြင့် ငွေသားကို အီလက်ထရွန်နစ် ပိုက်ဆံအဖြစ် ပြောင်းလဲခြင်းနှင့် ငွေသားပြန်လည်ထုတ်ယူခြင်းတို့ကို အလွယ်တကူပင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံအနှံ့၌ M-ပိုက်ဆံ ကိုယ်စားလှယ်ပေါင်း ၁၈၀၀၀ ခန့် ရှိထားပြီဖြစ်ကာ ဆက်လက်၍လည်း ကိုယ်စားလှယ်အရေအတွက်များတိုး၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးအနေဖြင့် ကိုယ်စားလှယ်များ တိုးမြှင့်ခန့်အပ်မှုများကြောင့် M-ပိုက်ဆံ အသုံး ပြုသူများအနေဖြင့် ဝန်ဆောင်မှုများကို လွယ်ကူစွာရရှိနိုင်မည်ဖြစ်သည့်အပြင် ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်သူများအတွက်လည်း ဝင်ငွေရရှိစေမည့် အလုပ်အကိုင်အခွင့်အလမ်းသစ်တစ်ရပ်ကို ဖော်ဆောင်ပေးရာရောက်မည်ဖြစ်သည်။ မိမိတို့နေထိုင်ရာမြို့များတွင် အူရီဒူး၏ M-ပိုက်ဆံ ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်လိုသူများအနေဖြင့် အူရီဒူးနှင့် ညှိနှိုင်းမှုများပြုလုပ်၍ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ကာ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အူရီဒူး၏ သုံးစွဲသူဝန်ဆောင်မှုဌာန နံပါတ် ၂၃၄ သို့ ဖုန်းခေါ်ဆို၍ စုံစမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

သူရဖြိုး

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့
ရန်ကုန်မြို့
နေပူခံစကျင်ကျောက်ပြားဝယ်ယူရန် ဈေးပြိုင်တင်ဒါကြော်ငြာ

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ရင်ပြင်တော်ပေါ်တွင် နေပူခံ စကျင်ကျောက်ပြားခင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းအတွက် 30 cmx30cmx2cm (Grade A)နေပူခံစကျင်ကျောက်ပြား ၅၀၀၀၀ချပ် ဝယ်ယူမည်ဖြစ်ပါသည်။
၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဂေါပကအဖွဲ့ရုံး၌ ၂၁-၉-၂၀၁၇ ရက်မှ ၂၈-၉-၂၀၁၇ရက်အထိ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၂၈-၉-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် တင်ဒါဖွင့်ဖောက် ရွေးချယ်သွားမည်ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၃၅၀၇၊ ၀၁-၃၈၃၅၀၈၊ ၀၁-၃၇၅၇၆၇၊ ၀၁-၃၇၁၀၈၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

ပြည်တွင်း၌ ခန့်ထားရန်

မြန်မာ့ဆက်သွယ်ရေးကွန်ရက်အများပိုင်ကုမ္ပဏီလီမိတက်(Myanmar Telecommunication Network Public Co.,Ltd.-MTN)က တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။ ကိုယ်ရေးအချက်အလက်၊ ဓာတ်ပုံတစ်ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်-

(က) လက်ထောက်အင်ဂျင်နီယာ B.E(EC)
(ခ) လက်ထောက်အင်ဂျင်နီယာ B.E(IT)
(ဂ) အငယ်တန်းအင်ဂျင်နီယာ AGTI/B.Tech(EC)
(ဃ) ရုံးဝန်ထမ်း(တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရသူ)

(က)၊ (ခ)နှင့် (ဂ)တို့အတွက် ဂြိုဟ်တုစခန်းတွင် တာဝန်ထမ်းဆောင်ရန် ဂြိုဟ်တုလုပ်ငန်းအတွေ့အကြုံရှိသူ အမျိုးသားများကို ဦးစားပေးမည်။

အထက်ပါရာထူးများအတွက် Computer ကျွမ်းကျင်မှုရှိပြီး အင်္ဂလိပ်စာ အခြေခံကောင်းရမည်။

လျှောက်လွှာများကို အခန်း ၇၀၂၊ ခုနစ်လွှာ၊ တိုက် ၂၈၈/၂၉၀၊ MWEA Tower ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဆက်သွယ်ရမည့် ဖုန်းနံပါတ်-၀၁-၃၇၉၂၇၂သို့ ၃၀-၉-၂၀၁၇ ရက် နောက်ဆုံးထား၍ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/2739 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

တစ်ဦးတည်းဖြစ်ပါကြောင်း

တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်အမှတ် ၈၇၂၆၊ ခုံအမှတ်(ကက ၆၀) ဖြင့်ဖြေဆိုအောင်မြင်သော မယုဇနမီမီခင် ၁/ရကန(နိုင်)၀၇၂၇၈၀၏ဖခင် ဦးလွင်မျိုးထွန်း(ခ)ဦးလွင်ဦး ၁/ရကန(နိုင်)၀၃၇၃၉၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက (၅) တက္ကသိုလ်ဝင်တန်း(A)မှ မနန္ဒာထွေး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝင်း ၁/ဗမန(နိုင်)၀၂၀၂၀၄ ဖြစ်ပါကြောင်း။

ဦးမောင်ဝင်း

မိခင်အမည်မှန်

ဓနုဖြူမြို့နယ်၊ ကျောင်းစုအုပ်စု၊ တော်ကွဲကျေးရွာနေ ကျောင်းစု အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မသီတာအေး၏ မိခင်အမည်မှန်မှာ ဒေါ်စန်းဝင်း ၁၄/ဓနဖ(နိုင်)၀၄၇၈၅၇ ဖြစ်ပါသည်။

ဒေါ်စန်းဝင်း

ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့ အထက (၁)နဝမတန်းမှ မောင်အောင်ဇင်သက်၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်း ၈/တတက(နိုင်)၀၁၉၆၄၆ ဖြစ်ပါကြောင်း။

ဦးတင်ဝင်း

အမည်မှန်

မန်စီမြို့နယ်၊ အထက မိုင်းခေါင် သတ္တမတန်း(A)မှ မဂျေမွတ်အောင်၏ အမည်မှန်မှာ မဂျေမုတ်ခေါန်အောင် ဖြစ်ပါကြောင်း။

မဂျေမုတ်ခေါန်အောင်

ဖခင်အမည်မှန်

ဗန်းမော်မြို့၊အထက(၅) တက္ကသိုလ်ဝင်တန်း(A)မှ မဇင်ဇင်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးသန်းလွင် ၁/မစန(နိုင်)၀၁၈၇၀၃ ဖြစ်ပါကြောင်း။

ဦးသန်းလွင်

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့၊ ပညာတံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ချစ်ကိုဝင်း၏ဖခင် ဦးမျိုးမြင့်နှင့်ဦးမောင်မြင့် ၅/ကသန(နိုင်)၀၂၉၀၃၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမျိုးမြင့်(ခ)ဦးမောင်မြင့်**

ဖခင်အမည်မှန်

နောင်ချိုမြို့ အထကခွဲ နမ့်ဆောင်ဟူးကျေးရွာ ဆဋ္ဌမတန်းမှ မနှင်းဝေဝေလွင်၏ ဖခင်အမည်မှန်မှာ ဦးစန်းလွင်ဦး ၁၃/မတတ(နိုင်) ၀၀၄၉၉၁ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

သာပေါင်း အထက သာပေါင်းတက္ကသိုလ်ဝင်တန်းမှ မောင်အောင်ပိုင်စိုး၏ဖခင်အမည်မှန်မှာ ဦးတင်ငွေ ၁၄/သပန(နိုင်)၀၅၁၀၈၈ ဖြစ်ပါသည်။

ဦးတင်ငွေ

အများသိစေရန်ကြေညာချက်

လှိုင်သာယာမြို့နယ်၊ မြစိမ်းရောင်စက်မှုဇုန်၊ မြခတ္တာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ မြေကွက်အမှတ်(A,)၊ ၁ထပ် Steel ဆောက်လုပ်ခွင့်ပြုပါရန် ဦးယဉ်မောင်သိန်း (၁၄/ပသန(နိုင်) ၁၄၉၀၀၉)၊ ဒေါ်ယုံအင်း(ခ)ဒေါ်မြင့်ကြည် (၁၄/ပသန(ဧည့်)၀၀၀၅၄၅)မှ ပိုင်ဆိုင်မှုအနေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနထုတ်မြေချပါမစ်အမည်ပေါက် မဟာရွှေတောင်ကုမ္ပဏီလီမိတက်ထံမှ ဝယ်ယူထားသော မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်အတူ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ အကွက်အမှတ်(၁၅/၃၊ အုတ်ကျင်းအနောက်၊ ဦးပိုင်အမှတ်(၂၅၅/၁ဃ)၊ ဧရိယာ(သုညဒသမ၁၀၆)ဧကရှိ မြေကွက်အား မူလပိုင်ဆိုင်သူ ဦးချစ်ဆွေ MKA-၀၁၆၈၉၀နှင့် ဒေါ်ပြုံး MKA-၀၀၇၃၆၅ တို့ထံမှ ၂၇-၁၀-၁၉၉၅ရက်စွဲပါ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါက်တာသင်းလွင် ၅/ပလဘ(နိုင်)၀၀၃၀၅၄ အမည်ဖြင့် မြေစာရင်းပုံစံ (၁၀၅၊ ၁၀၆)နှင့် မြေခွန်ပြေစာစည်းကြပ်ပိုင်ဆိုင်ထားပြီး၊ အထောက်အထား၊ စာရွက်စာတမ်းများတင်ပြပြီး ဒေါက်တာသင်းလွင် ၅/ပလဘ(နိုင်)၀၀၃၀၅၄ အမည်ဖြင့် မြေငှားဂရန်(အသစ်)ရရှိရေးအတွက် မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်(အသစ်) ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကော်လီတွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်း ၂၀)
လားရှိုးခရိုင်တရားရုံး
၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ် ၁၈

မြဝတီဘဏ်လီမိတက်(လားရှိုးဘဏ်ခွဲ) **နှင့်** ဒေါ်တင်ရီပါ(၄)
(၎င်းကိုယ်စား မန်နေဂျာ ဦးအောင်ကျော်မိုး)
တရားလို **တရားပြိုင်များ**

လားရှိုးမြို့၊ ရပ်ကွက်(၂)၊ နယ်မြေ ၁၂၊ နှင်းဆီလမ်းနေ ဦးဝင်းမြင့်ဦး၊ ဦးထက်ထက်နှင့် ဒေါ်အိသန္တာဗိုလ်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုမြဝတီဘဏ်လီမိတက်(လားရှိုးဘဏ်ခွဲ) (၎င်း၏အခွင့်ရကိုယ်စားလှယ် မန်နေဂျာ ဦးအောင်ကျော်မိုး)က ချေးငွေ အတိုးနှင့်အရင်းပေါင်း ၂၃၀၉၅၆၅၅၂၉၆ကျပ်(နှစ်ထောင့်သုံးရာ့ကိုးသိန်းငါးသောင်းခြောက်ထောင်ငါးရာ ငါးဆယ့်နှစ်ကျပ်ကိုးဆယ့်ခြောက်ပြားတိတိ)အပေါ် အပေါင်ဒီကရီရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်ဆက်စပ်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၇ခုနှစ်၊ အောက်တိုဘာ၃ရက် (၁၃၇၉ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၇ခုနှစ် စက်တင်ဘာ ၁၉ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးပေးလိုက်သည်။

(ခင်စိုးညွှန့်)
ဒုတိယခရိုင်တရားသူကြီး(၁)
လားရှိုးခရိုင်တရားရုံး

တိပိဋကမဟာဂန္ထဝင်ဓမ္မရိပ်သာ မြေဖြစ်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

တိပိဋကမဟာဂန္ထဝင်ဓမ္မရိပ်သာ ဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့ကိုယ်စား အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၈၊ မြေကွက်အမှတ် (၇၁၈/၁၊ ၇၁၈/၂)၊ အရှေ့လားသော်ပန်းတဉ်းဝန် ဦးရွှေဘင်းလမ်း၊ ဒဂုံတက္ကသိုလ်ရထားလမ်း၊ အနောက်လားသော်-ကုန်းဘောင်လမ်း၊ လမ်း၊ တောင်လားသော်-ကျန်စစ်သားလမ်း၊ မြောက်လားသော်-လမ်း၊ ဒဂုံတက္ကသိုလ်ရထားလမ်း၊ ဧရိယာ ၁၀ ဧကရှိ မြို့မြေအဖြစ် သတ်မှတ်ထားရှိသောမြေကွက်လပ်ကို တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် (ပရိယတ္တိစာသင်တိုက်)၏ ပဓာနနာယကဆရာတော်က နိုင်ငံတော်အစိုးရထံ ဝယ်ယူခွင့်လျှောက်ထားဝယ်ယူခဲ့ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ၁၁-၈-၂၀၁၇ ရက်တွင် **တိပိဋကမဟာဂန္ထဝင်ဓမ္မရိပ်သာ** အမည်ဖြင့် နှစ် ၆၀ ဂရန်ချထားပေး၍ ရရှိပိုင်ဆိုင် ခဲ့ပါသည်။

၂။ ထို့ကြောင့် အဆိုပါ **တိပိဋကမဟာဂန္ထဝင်ဓမ္မရိပ်သာ** မြေပေါ်၌ ကျူးကျော်နေထိုင်ယှက်ခြင်းလုံးဝ(လုံးဝ) မပြုလုပ်ပါရန် သတိပေးကြော်ငြာအပ်ပါသည်။ ကျူးကျော်နေထိုင်ယှက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဆွေဆွေညိမ်း	**ဒေါ်အေးသန့်ဇင်**	**ဦးကောင်းထက်ဇော်**
(LL.B, D.B.L, D.A.Psy)	**(LL.B, LL.M)**	**(LL.B)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဉ်-၃၅၃၀)	**(စဉ်-၉၄၄၆)**	**(စဉ်-၄၅၇၇၉)**

အမှတ် (၁၄၅)၊ ပထမထပ် (A)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၀၈၂၂၃၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏ စီမံချက်)၊ မြေကွက်အမှတ် (၇၁၅)၊ မြေကွက်တည်နေရာအမှတ် (၇၁၅)၊ ဂန္ဓမာလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်အေးအေးယု ၁၂/ကတတ(နိုင်)၀၀၈၁၁၈ ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာ အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အောင်ပြည့်စုံ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၆၇၉၈၃ Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီညီဇော် ၉/အမရ(နိုင်)၁၂၇၉၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၈၇၄၆၁ V ANBO 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးလွင် ၉/မရမ(နိုင်)၀၄၀၆၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၃၁၈

၁။ ဒေါ်ဂျွန်မာဘီ	**နှင့်**	၁။ မနီနီဝင်း
၂။ ဒေါ်တင်တင်ဝင်း		၂။ ဦးသန်းဝင်း
၃။ ဒေါ်ဥမ္မာ		၃။ ဒေါ်ကြည်ပြာဝင်း
၄။ ဦးတင်ဦး		၄။ ဦးခင်အောင်
		၅။ ဦးသန်းငွေး(ခ)စအစ်
		၆။ ဦးတင်ရွှေ
		၇။ ဦးတင်မောင်
တရားလိုများ		**တရားပြိုင်များ**

အမှတ် ၆၉၊ သုံးလွှာ(ဘယ်)၊ သရဖီလမ်း၊ (က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၁)တရားပြိုင် မနီနီဝင်း၊ (၂)တရားပြိုင် ဦးသန်းဝင်း၊ (၃)တရားပြိုင် ဒေါ်ကြည်ပြာဝင်းနှင့် အမှတ် ၉၁၊ ဒုတိယထပ်သုံးလွှာ၊ အောင်တံခွန်လမ်း၊ (က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၆) တရားပြိုင် ဦးတင်ရွှေ၊ (၇)တရားပြိုင် ဦးတင်မောင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ခုနှစ် အောက်တိုဘာ ၂၀ ရက် (၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော် သို့လာရောက်ရမည်။ ၄င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုများကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီတာဝင်း)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
မအူပင်ခရိုင်တရားရုံးတော်၌
၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၉

ဒေါ်ခင်ငြိမ်း	**နှင့်**	၁။ ဦးနိုင်ဦး
		၂။ ဦးလှဦး
		၃။ ဦးကျော်ထွန်း
		၄။ ဦးမိုးအောင်
		၅။ ဒေါ်အေးခိုင်မြင့်
		၆။ ဒေါ်မိစိုး
		၇။ ဒေါ်နွယ်နီလာဝင်း
		၈။ ဒေါ်ခင်သိန်း
		၉။ ဦးသံဒိုး
		၁၀။ ဒေါ်ခင်သန်းမြင့်
		၁၁။ ဦးသိန်းငွေ
တရားလို		**တရားပြိုင်များ**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ကညင်ကောက်ကြီးကျေးရွာအုပ်စု၊ ရိုးကြီးကျေးရွာနေ (၂)တရားပြိုင် ဦးလှဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ(သို့) ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၇ရက် (၁၃၇၉ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးအေးမြင့်)
ဒုတိယခရိုင်တရားသူကြီး
မအူပင်ခရိုင်တရားရုံး

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/6158 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖခင် အမည်မှန်

တောင်တွင်းကြီးမြို့ အထက(၂) နဝမတန်း(H)မှ မောင်ဇင်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းအောင် ၈/တတက(နိုင်)၁၆၆၅၃၅ ဖြစ်ပါကြောင်း။ **ဦးမင်းမင်းအောင်**

တစ်ဦးတည်း ဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့ အထက(၂)၊ တက္ကသိုလ်ဝင်တန်းမှ မမေမြတ်နိုး၏ဖခင် ဦးအောင်သန်း(ခ)ဦးမျိုးမင်းထွန်း ၁/ရကန(နိုင်)၀၃၃၀၀၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)၌ သိုလှောင်ထားသည့် ဓာတ်ဆီဂါလန် ၁၀၀၀၀၀၀ (ဂါလန်တစ်သန်းတိတိ)အား တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၁၀-၂၀၁၇ရက်မှ ၁၉-၁၀-၂၀၁၇ရက်ထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရုံးချုပ်)၊ ရုံးအမှတ်၄၄၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊ အချိန်နှင့် နေရာ** - ၁၉-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) ၁၂:၀၀နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရုံးချုပ်)၊ ရုံးအမှတ် ၄၄၊ နေပြည်တော်

၅။ **တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန်** - ၁၉-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့)၁၄:၀၀နာရီ

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၃၄၁၁၀၈၂နှင့် ၀၆၇-၃၄၁၁၀၉၃သို့ ရုံးချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ် ၄၄၊ နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အမှတ် (၂) ရေနံဓာတ်ငွေ့ရည်စက်ရုံ (ညောင်တုန်း)မှ (၃)လအတွင်းထွက်ရှိသော Light Naphtha များအား (၃)လအတွင်း ထုတ်ယူသည့်စနစ်ဖြင့် ရောင်းချနိုင်ရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၂) ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)မှ (၃)လအတွင်းထွက်ရှိသော Light Naphtha များအား (၃)လအတွင်း ထုတ်ယူသည့်စနစ်ဖြင့် တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၁၀-၂၀၁၇

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ် ၇(က)၊ သံလျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရန် နောက်ဆုံးရက်၊ အချိန်နှင့်နေရာ** - ၁၆-၁၀-၂၀၁၇ရက် ၁၂:၀၀နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်

၅။ **တင်ဒါဖွင့်ပွဲပြုလုပ်မည့် ရက်နှင့်အချိန်** - ၁၆-၁၀-၂၀၁၇ရက် ၁၄:၀၀နာရီ

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၃၄၁၁၀၉၄သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်(၄၄)၊ နေပြည်တော်

ဖခင်အမည်မှန်
ထီးချိုင့်မြို့၊ ကမ်းနီ အထက တက္ကသိုလ်ဝင်တန်းမှ မထက်ထက်လွင်၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဦး ၅/ထခန(နိုင်)၀၆၂၈၃၈ဖြစ်ပါကြောင်း။ **ဦးနိုင်ဦး**

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့ အထက(ခွဲ)ညောင်ဝိုင်း တက္ကသိုလ်ဝင်တန်းမှ မောင်ထက်အောင်ကျော်၏ဖခင်အမည်မှန်မှာ ဦးသန့်ဇင်ဦး ၇/လပတ(နိုင်)၀၉၆၈၃၀ ဖြစ်ပါကြောင်း။ **ဦးသန့်ဇင်ဦး**

တစ်ဦးတည်းဖြစ်ပါကြောင်း
ထီးချိုင့်မြို့၊ ကမ်းနီရွာ ၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသော မဇင်ဖူးဝေ၏မိခင် ဒေါ်ဇင်ဇင်အောင်နှင့် ဒေါ်လဲ့လဲ့ဝင်း ၅/ထခန(နိုင်)၀၉၆၀၂၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်ဇင်ဇင်အောင်(ခ)ဒေါ်လဲ့လဲ့ဝင်း**

ဖခင်အမည်မှန်
မြင်းခြံမြို့၊ ထန်းတောကြီးကျေးရွာ၊ အမကတွင် ကျောင်းအုပ်တာဝန်ထမ်းဆောင်နေသော ဦးဝင်းအောင်(ခ) ဦးဝင်းမြင့်အောင် ၉/မခန(နိုင်) ၁၅၁၆၆၀၏ ဖခင်အမည်မှန်မှာ ဦးလူလေး ဖြစ်ပါကြောင်း။**ဦးလူလေး**

ဖခင်အမည်မှန်
မူဆယ်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(ဃ)မှ မောင်ဇော်လှိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဆွယ်ဆိုင်MSE-၀၀၀၅၇၅ ဖြစ်ပါကြောင်း။ **ဦးဆွယ်ဆိုင်**

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့ အထက(ခွဲ) ညောင်ဝိုင်း၊ တက္ကသိုလ်ဝင်တန်းမှ မယွန်းဝတီမောင်၏ ဖခင်အမည်မှန်မှာ ဦးရန်နိုင်စိုး၇/လပတ(နိုင်)၀၉၆၇၆၆ဖြစ်ပါသည်။ **ဦးရန်နိုင်စိုး**

ဖခင်အမည်မှန်
မြင်းခြံမြို့၊ အထက(၄) တက္ကသိုလ်ဝင်တန်း (A)မှ မပွင့်နဒီမောင်၏ဖခင်အမည်မှန်မှာ ဦးအောင်ကျော် ၈/ရစက(နိုင်)၁၂၈၁၂၀ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်**

ဖခင်အမည်မှန်
ရေစကြိုမြို့နယ်၊ လေ့ခုတ်ကျေးရွာ အထက တက္ကသိုလ်ဝင်တန်း (B)မှ မောင်အောင်သက်ပိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဖြူဝင်းဖြစ်ပါကြောင်း။ **ဦးဖြူဝင်း**

ဖခင်အမည်မှန်
မူဆယ်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(ဃ)မှ မောင်လုမ်အေး၏ဖခင် အမည်မှန်မှာ ဦးစိုင်းထွန်း ၁၃/မဆတ(နိုင်)၀၁၁၀၃၅ ဖြစ်ပါကြောင်း။ **ဦးစိုင်းထွန်း**

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့ အထက(ခွဲ) မကျီးကွင်းကျောင်းမှ မနှင်းလဲ့ဝေ နဝမတန်းနှင့် မအေးသော်တာဇင် ဆဋ္ဌမတန်းတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၇/လပတ(နိုင်)၀၈၉၉၈၉ ဖြစ်ပါသည်။ **ဦးဝင်းလှိုင်**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်အတွင်းရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်ရမည့် လမ်းလုပ်ငန်းများအတွက် လမ်းကြိတ်စက်ငှားရမ်းခြင်း၊ ပြည်ထောင်စုငွေလုံးငွေရင်း (အပ်ငွေ) အဆောက်အအုံလုပ်ငန်း၊ ပြည်ထောင်စုအထူးပြင်ဆင်ခြင်း/မိုးဒဏ်ပြင်ဆင်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော တည်ဆောက်ရေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လမ်းကြိတ်စက်ငှားရမ်းခြင်းနှင့် ပစ္စည်းပေးသွင်းလိုသူများအား တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၆-၁၀-၂၀၁၇ရက် ရုံးချိန်အတွင်း
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၀-၁၀-၂၀၁၇ရက် ၁၂:၀၀နာရီတိတိ
ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၆၇-၂၁၁၅၄၊ ၀၆၇-၅၅၀၃၂၈

(အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါသည်။) **တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနတွင် အသုံးပြုရန်အတွက်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ် ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) Thermoplastic (Without Glass Beads) (အဖြူ/အဝါ) (၁၁၆) တန်
(ခ) Glass Beads (၁၀) တန်
(ဂ) တာယာ (၂၀၀) လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၉-၂၀၁၇ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၉-၁၀-၂၀၁၇ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့လည်းကောင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များအတွက် ဖုန်း-၀၉-၄၉၃၄၂၆၅၀နှင့် ၀၉-၄၂၀၀၂၂၀၂၀ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
နေပြည်တော်
လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ ရောင်းချခြင်းလုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခွင့်လျှောက်လွှာတင်သွင်းရန် ကြေညာချက် (၁/၂၀၁၇)
၁၃၇၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၃ ရက် (၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၈ ရက်)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ၂၀၁၇ ခုနှစ်အတွက် ခွင့်ပြုထားသော လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများရောင်းချခြင်း လုပ်ငန်းလိုင်စင်များသည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ လိုင်စင်ရရှိသူသည် လုပ်ငန်းများဆက်လက် လုပ်ကိုင်လိုပါက လိုင်စင်အသစ်ထပ်မံထုတ်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ (၃) လကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လျှောက်ထားရမည်ဖြစ်ပါသည်။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းမကုန်ဆုံးမီ လုပ်ငန်းရပ်စဲလိုလျှင် ယင်းလုပ်ငန်းမရပ်စဲမီ တစ်လကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လုပ်ငန်းများဆက်လက် လုပ်ကိုင်ခြင်း မပြုတော့ကြောင်း အကြောင်းကြားရမည်ဖြစ်ပါသည်။

၂။ လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများရောင်းချခြင်း လုပ်ငန်းလိုင်စင်များ သက်တမ်းတိုးမြှင့်ခြင်းအတွက် လျှောက်လွှာတင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(မြစ်ကြီးနားမြို့)နှင့် ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေးမြို့)တို့သို့ ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) **၂၀၁၈ ခုနှစ်အတွက် လုပ်ငန်းလိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်း။** လိုင်စင်သက်တမ်းတိုးလျှောက်ထားလိုသူများသည် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက် မတိုင်မီကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(မြစ်ကြီးနားမြို့)နှင့် ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေးမြို့)တို့တွင် သတ်မှတ်ချက်များနှင့်အညီ လျှောက်လွှာများ တင်သွင်းရပါမည်။

(ခ) **လိုင်စင်သက်တမ်းမကုန်ဆုံးမီ လုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်း မပြုလိုသူများ**

(၁) လုပ်ငန်းမရပ်စဲမီတစ်လကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အကြောင်းကြားပြီး သတ်မှတ်ချက်နှင့်အညီ လိုင်စင်များပြန်လည်အပ်နှံကြရန် ဖြစ်ပါသည်။

(၂) လုပ်ငန်းလိုင်စင်နှင့် ထုတ်ယူထားသော အရောင်းပြေစာစာအုပ် (CASH MEMO)များ စာရင်းရှင်းလင်းအပ်နှံခြင်းများကို ၂၀၁၇ခုနှစ် ဒီဇင်ဘာ၃၁ရက်မတိုင်မီ လာရောက်ဆက်သွယ်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(မြစ်ကြီးနားမြို့)နှင့် ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေးမြို့)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
http;//www. mining.gov.mm/mge/

တစ်ဦးတည်းဖြစ်ကြောင်း
မော်လိုက်မြို့နယ်၊ လောင်းကောင်းဈေးရွာအုပ်စု၊ ညောင်သပြေကျေးရွာနေ ဦးမြင့်တိုး၊ ဦးအဲတိုးနှင့် ဦးမောင်တိုး ၅/မလန(နိုင်)၀၀၇၆၀၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
တန့်ဆည်မြို့ မြင့်မြတ် ပညာ့ဗိမာန် ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မအိအိချို၏ ဖခင်အမည်မှန်မှာ ဦးသောင်းလွင် ၅/တဆန(နိုင်)၀၁၀၃၀၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ခင်ဦးမြို့နယ်၊ ညောင်ပင်ကြီးစု အထက နဝမတန်းမှ မစပယ်မိုးနှင့် တန့်ဆည်မြို့နယ် နဘက်ကြီး အထက ပဉ္စမတန်းမှ မမေမြတ်နိုးတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင်၈/မမန(နိုင်)၁၅၂၈၀၄ ဖြစ်ပါကြောင်း။

အမည်ပြောင်း
တန့်ဆည်မြို့ မြင့်မြတ် ပညာ့ဗိမာန် ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မမျိုးနန္ဒာထွန်းအား မမျိုးစန္ဒာထွန်းဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်
ဒီပဲယင်းမြို့ အထက တက္ကသိုလ်ဝင်တန်း(C)မှ မတွယ်တာအေး၏ ဖခင်အမည်မှန်မှာ ဦးချိုလင်း ၅/ဒပယ(နိုင်) ၀၂၇၇၄၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ဒီပဲယင်းမြို့ အထက တက္ကသိုလ်ဝင်တန်း(A)မှ မောင်မျိုးမောင်မောင်၏ ဖခင်အမည်မှန်မှာ ဦးဖိုးလုံး ၅/ဒပယ(နိုင်)၀၄၉၉၆၁ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ကျောက်တော်မြို့နယ်၊ ကန်စောက် အထက တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးထက်ကျော်၏ ဖခင်အမည်မှန်မှာ ဦးမောင်ယောင်း ၁၁/ကတန(နိုင်)၀၉၈၄၃၃ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မင်းပြားမြို့နယ်၊ မင်းဖူး အထက၊ တက္ကသိုလ်ဝင်တန်းမှ မရွှေဝါ၏ ဖခင်အမည်မှန်မှာ မောင်မောင် ၁၁/မပန(နိုင်)၀၂၆၀၁၁ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ပုဏ္ဏားကျွန်းမြို့နယ်၊ ပိုးရှိပြင် အထက၊ နဝမတန်းမှ မောင်စည်သူနိုင်၊ ဆဋ္ဌမတန်းမှ မဖြိုးအိမ္မာနှင့် စတုတ္ထတန်းမှ မောင်ရဲဟိန်းနိုင်တို့၏ ဖခင်အမည်မှန်မှာဦးမောင်မျှစော ၁၁/ ပဏတ(နိုင်)၀၀၆၉၂၈ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မြစ်ကြီးနားမြို့၊ အထက (နန့်ပေါင်)၊ တက္ကသိုလ်ဝင်တန်း(A_2)မှ မောင်ခေါယော်၏ ဖခင်အမည်မှန်မှာ ဦးယိန်းခေါ ၁/မကန(နိုင်) ၀၅၃၄၂၃ ဖြစ်ပါသည်။

အမည်ပြောင်း
ဦးကျော်ဆန်းနိုင်၏ သားမြစ်ကြီးနားမြို့၊ အထက(၉)၊ တတိယတန်း(A)မှ မဖြူစင်နိုင်အား မဖြူစင်ကျော်ဟုပြောင်းလဲခေါ်ဆိုပါရန်။

ဖခင်အမည်မှန်
မိုးကောင်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (A)မှ မောင်လဆိုင်း၏ ဖခင်အမည်မှန်မှာ ဦးမရမ်ဂမ် ၁/မကတ(နိုင်)၀၉၇၄၆၇ ဖြစ်ပါသည်။

ဖခင်အမည်မှန်
မိုးကောင်းမြို့၊ အထက(၁)၊ နဝမတန်း(E_1)မှ မောင်ကျော်စွာမင်း၊ အလက(ခွဲ -ကြာအင်း)၊ သတ္တမတန်းမှ မောင်နေသူအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းအောင် ၁/ မကတ(နိုင်)၀၄၁၈၇၁ ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် တိုတယ်မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (ရတနာစီမံကိန်း) တို့ ပူးပေါင်း၍ ဂဟေဆက်သင်တန်းအမှတ်စဉ်(၅)အား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ်ပါမည်။

သင်တန်းဖွင့်လှစ်မည့်ရက်။ ၂၀၁၇ခုနှစ် အောက်တိုဘာ ၂၃ ရက်

သင်တန်းနေရာ။ ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း (ယခင်စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း နည်းပညာသင်တန်းကျောင်း (အောင်ဆန်း) ကျောင်းဂိတ်မှတ်တိုင်အနီး)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၁-၆၄၅၇၅၉၊ ၀၉-၇၉၇၉၈၉၆၃၆

သင်တန်းကာလ။ ၁၀ ပတ်

၂။ သင်တန်းအမှတ်စဉ် (၅) တွင် သင်တန်းသား ၁၅ ဦးလက်ခံသင်ကြားပေးပါမည်။

၃။ လျှောက်ထားသူသည်-
- (က) န၀မတန်းအောင်မြင်ထားပြီး အခြေခံအင်္ဂလိပ်စာနားလည်သူဖြစ်ရမည်။
- (ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး လုပ်ငန်းခွင်နှင့်သင့်တော်သော ကျန်းမာရေးရှိရပါမည်။
- (ဂ) သင်တန်းတက်ခွင့်ရသောနေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၃၅)နှစ်ထက် မကြီးသူဖြစ်ရပါမည်။

